# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**သူတော်ကောင်းတို့၏သတင်း ပျံ့နှံ့ကြိုင်လှိုင်**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြက်ရုံးပန်း စသော ပန်းတို့၏အနံ့သည် လေထက်လေညာသို့ မပျံ့မလှိုင်၊ သူတော်ကောင်းတို့၏ သီလတည်းဟူသော ဂုဏ်သတင်းအနံ့သည် လေညာသို့ပင် ပျံ့နှံ့ကြိုင်လှိုင်၏။ သူတော်ကောင်း တို့၏သတင်းသည် အရပ်လေးမျက်နှာသို့ ပျံ့နှံ့ကြိုင်လှိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁ ရက်၊ တနင်္ဂနွေနေ့။ Sunday, 13 April 2025 ၁၁၇၉၁


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




မြန်မာနိုင်ငံတွင် ပြင်းထန်စွာငလျင်လှုပ်ခတ်ခဲ့မှုနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန် Gurudev Sri Sri Ravi Shankar နှင့် ဖုန်းဖြင့် ဆက်သွယ်ပြောကြားစဉ်။

# မြန်မာနိုင်ငံတွင် ပြင်းထန်စွာငလျင်လှုပ်ခတ်ခဲ့မှုနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန် Gurudev Sri Sri Ravi Shankar နှင့် ဖုန်းဖြင့်ဆက်သွယ်ပြောကြား

နေပြည်တော် ဧပြီ ၁၂

မြန်မာနိုင်ငံတွင် မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့မှုများနှင့် မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန် Gurudev Sri Sri Ravi Shankar နှင့် ဖုန်းဖြင့် ဆက်သွယ်ပြောကြား သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

## ယနေ့ ဖတ်စရာ


ဖိလစ်ပိုင်နိုင်ငံနှင့် လာအိုနိုင်ငံတို့မှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အကူပစ္စည်းများ နေပြည်တော်သို့ရောက်ရှိ စာမျက်နှာ » ၃

လူတို့၏ အသက်နှင့်အိုးအိမ်များကို ဖျက်ဆီးသော မြေငလျင်နှင့် ဆောက်လုပ်ရေးကဏ္ဍ ဆောင်းပါး စာမျက်နှာ » ၆

မန္တလေးငလျင်ကြီးကို ရင်ဆိုင်တုံ့ပြန်ခဲ့တဲ့ သူရဲကောင်းများ ဆောင်းပါး စာမျက်နှာ » ၁၄

ငလျင်ဒဏ်သင့်ဒေသများအတွက်လှူဒါန်းရန် ကူညီကယ်ဆယ်ရေး ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ တင်ဆောင်လာသည့် ဘင်္ဂလားဒေ့ရှ်ရေတပ်မှ စစ်ရေယာဉ်တစ်စင်း ရန်ကုန်မြို့သို့ ရောက်ရှိ စာမျက်နှာ » ၁၅

ကြေးမုံ

# ယဉ်ကျေးမှုအစဉ်အလာတန်ဖိုးထား ကိုယ်ချင်းစာနာစိတ်ထားပွားများ

ယနေ့သည် မြန်မာ့ရိုးရာသင်္ကြန်အကြိုနေ့ဖြစ်သည်။ မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် တန်ခူးလပြည့်ကျော် ၁ ရက်နေ့မှ ၄ ရက်နေ့(၂၀၂၅ ခုနှစ် ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့)အထိသည် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကာလဖြစ်သည်။ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ရှေးအစဉ်အလာမပျက် နှစ်စဉ်နှစ်တိုင်း နိုင်ငံတစ်ဝန်းလုံး၌ ပျော်ရွှင်စွာကျင်းပလေ့ရှိသည်။ သို့သော် ယခု ၁၃၈၆ ခုနှစ် သင်္ကြန်ပွဲတော်တွင်မူ ယခင်နှစ်များနှင့်မတူ သတိပြုဆင်ခြင် ကျင်းပရမည့် အခြေအနေများရှိနေသည်ကို သတိမူရမည်ဖြစ်သည်။

ယခုနှစ်တွင် ငလျင်ဒဏ်ကြောင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့ရှိ မြို့ရွာများ၌ နေအိမ်အဆောက်အအုံများ ပြိုကျပျက်စီးခဲ့ရာ ထိခိုက်သေဆုံး၊ ဒဏ်ရာရရှိသူအမြောက်အမြားရှိခဲ့သဖြင့် ပြည်သူများ စိုးရိမ်ပူဆွေးသောကရောက်နေသော အချိန်အခါဖြစ်သည်။ ထို့ကြောင့် ယခုနှစ်တွင် မဟာသင်္ကြန်ပွဲတော်နှင့်ပတ်သက်၍ ရိုးရာယဉ်ကျေးမှုလည်း မပျောက်ပျက်၊ အပျော်လွန်ကဲမှုလည်းမရှိစေဘဲ တည်ငြိမ်အေးချမ်းစွာပြုလုပ်ကြဖို့ လိုမည်ဖြစ်သည်။

ယခုနှစ် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကို အပျော်အပါး သီဆိုကခုန်မှုများ မပါဝင်ဘဲ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ နိုင်ငံတော်က အေးချမ်းသာယာသောသင်္ကြန် (အေးသင်္ကြန်)အဖြစ် ကျင်းပမည်ဖြစ်၍ လမ်းလျှောက်သင်္ကြန်ကိုလည်း အေးသင်္ကြန်အဖြစ် ပြောင်းလဲကျင်းပမည်ဖြစ်သည်။ နေပြည်တော်လမ်းလျှောက်သင်္ကြန်အဖြစ် ကျင်းပမည့်ဧရိယာအတွင်း ရေအေးသင်္ကြန်နှင့် စတုဒိသာမဏ္ဍပ်များတည်ဆောက်ထားသည်။ ယခုနှစ်တွင် မြန်မာ့ရိုးရာမဟာသင်္ကြန်အား ယူနက်စကို၏ လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံရသည်ကို အသိအမှတ်ပြုသောအားဖြင့် ဂုဏ်ပြုကျင်းပမည်ဖြစ်သည်။

ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် ပါဝင်နိုင်ရန်ကြိုးပမ်းဆောင်ရွက်နေမှုကို ဂုဏ်ပြုသောအားဖြင့် သနပ်ခါးလိမ်းသည့်သရုပ်ဖော်ခြင်း၊ သက်ကြီးရွယ်အိုများအား ခေါင်းလျှော်ပေးခြင်း၊ ခြေသည်းလက်သည်း လှီးဖြတ်ပေးခြင်း၊ နေ့စဉ်နံနက်/ညနေပိုင်းတွင် စတုဒိသာအဖြစ် သင်္ကြန်ထမင်း၊ မုန့်လုံးရေပေါ်၊ ရွှေရင်အေး၊ ဆနွင်းမကင်း၊ ရွှေကြည်၊ သာဂူကျို၊ အုန်းနို့ကျောက်ကျောစသည်တို့ကို ကျွေးမွေးခြင်း၊ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်အစဉ်အလာနှင့်အညီ သပြေခက်ဖြင့် ရေပက်ကစားခြင်း စသည့်ကဏ္ဍများသာပါဝင်မည်ဖြစ်သည်။ အခြားအရပ်ဒေသများတွင်လည်း အလားတူယဉ်ကျေးမှုအစဉ်အလာများပြုလုပ်ခြင်းဖြင့် ငလျင်ဒဏ်ခံစားရသည့် ပြည်သူများအား စာနာထောက်ထားအလေးထားကြရမည်ဖြစ်သည်။

ပြည်သူများအနေဖြင့် ငလျင်ဒဏ်ထိခိုက်ခံစားရသူများအပေါ် နားလည်စာနာမှုများထားရှိကြရမည်ဖြစ်သည်။ မထိခိုက်သောပြည်သူများအနေဖြင့် အပျော်များဖြင့် တက်ကြွမြူးထူးမနေဘဲ အေးချမ်းတည်ငြိမ်စွာ ရိုးရာအစဉ်အလာကို ထိန်းသိမ်းသွားကြလိမ့်မည်ဟု ယုံကြည်သည်။ သင်္ကြန်မတိုင်မီက ဖြစ်ပေါ်ခဲ့သည့် အနိဋ္ဌာရုံအဖြစ်ဆိုးများကို ဆင်ခြင်သံဝေဂယူပြီး သင်္ကြန်ကာလ၊ နှစ်သစ်ကူးကာလတွင် ကောင်းသောအမှုများကို ပွားများပြုလုပ်သင့်သည်။ ဘုရား၊ ကျောင်း၊ ကန်နှင့် နေအိမ်အဆောက်အအုံများတွင် အန္တရာယ်ကင်းပရိတ်များ ရွတ်ဖတ်ပွားများခြင်း၊ မေတ္တာပို့အမျှအတန်းပေးဝေခြင်း၊ သတ္တဝါများအား အသက်လွှတ်ဘေးမဲ့ပေးခြင်း၊ အလှူအတန်းများပြုလုပ်ခြင်း၊ တရားဘာဝနာများ ပွားများအားထုတ်ခြင်း စသည်တို့ကို ပြုလုပ်ထိုက်ကြပေသည်။

သို့သော် လူအမျိုးမျိုး၊ စိတ်အထွေထွေရှိတတ်ကြသဖြင့် မြန်မာ့ရိုးရာသင်္ကြန်ကာလတွင် မြို့ကြီးပြကြီးများတွင် မူးယစ်သောက်စားပြီး ယာဉ်မောင်းခြင်း၊ အပျော်လွန်ကြူးစည်းကမ်းမဲ့မောင်းနှင်ခြင်း၊ အိတ်ဇောပိုက်ဖြုတ်၍ မောင်းနှင်ခြင်း၊ ယာဉ်နံပါတ်ပြားမပါဘဲ မောင်းနှင်ခြင်း၊ နံပါတ်အတုနှင့်အခြားယာဉ်နံပါတ်များတပ်၍ မောင်းနှင်ခြင်း၊ ယာဉ်တံခါးနှင့်နောက်ဖုံးဖြုတ်၍ မောင်းနှင်ခြင်း၊ ယာဉ်မောင်းလိုင်စင်နှင့် ဝီးတက်မပါဘဲ မောင်းနှင်ခြင်း၊ ဖျက်သိမ်းထားသော ယာဉ်အိုယာဉ်ဟောင်းများ၊ မှတ်ပုံမတင်ရသေးသောယာဉ်နှင့် ပြုပြင်ဆဲယာဉ်များဖြင့် မောင်းနှင်ခြင်း၊ အလံများကို ယာဉ်တွင်တပ်ဆင်မောင်းနှင်ခြင်း၊ စည်ပင်သာယာနယ်နိမိတ်အတွင်း ဆိုင်ကယ်နှင့် ဘေးတွဲယာဉ်များမောင်းနှင်ခြင်း၊ သတ်မှတ်ထားသော ဝန်အလေးချိန်ထက် ပိုမိုတင်ဆောင်မောင်းနှင်ခြင်း စသည်တို့ကို ရှောင်ရှားကြရန်လိုမည်ဖြစ်သည်။

အထူးသဖြင့် မဟာသင်္ကြန်ကာလတွင် အရက်သေစာများသောက်စားပြီး မူးယစ်ရမ်းကားမှုများကို ရှောင်ရှားကြရန်လိုမည်ဖြစ်သည်။ အရက်သေစာသောက်စား ရမ်းကားခြင်းအပါအဝင် သက်ဆိုင်ရာက သတိပေးထုတ်ပြန်ထားသော စည်းကမ်းသတ်မှတ်ချက်များကို ဖောက်ဖျက်ကျူးလွန်လျှင် တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူခြင်းခံရမည်ကို သတိပြုရမည်ဖြစ်သည်။ သို့သော် ယခုနှစ် မဟာသင်္ကြန်ကာလသည် ယခင်နှစ်များနှင့်မတူသည့် ပြည်သူအချင်းချင်း စာနာထောက်ထားမေတ္တာထားရမည့် အကြောင်းများရှိနေသဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာကို တန်ဖိုးထားရမည်ဖြစ်သကဲ့သို့ ကိုယ်ချင်းစာနာစိတ်ထားများဖြင့် ကောင်းသောအမှုများ ပြုလုပ်ပွားများ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်တွင် ယာဉ်မောင်းသူများ သတိပြုရန်အချက်များ

၁။ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်မောင်းနှင်သူများ လိုက်နာရန်-

(က) မူးယစ်သောက်စားယာဉ်မမောင်းရ။

(ခ) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။

(ဂ) မော်တော်ယာဉ်များတွင် အိတ်ဇောပိုက်ဖြုတ်မမောင်းရ။

(ဃ) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။

(င) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်း လုံးဝမပြုရ။

(စ) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။

(ဆ) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဝီးတက်) မပါဘဲ မမောင်းရ။

(ဇ) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများ၊ မှတ်ပုံမတင်ရသေးသော ယာဉ်များနှင့် ပြုပြင်ဆဲယာဉ်များမမောင်းရ။

(ဈ) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ။

(ည) ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့် မော်တော်ဆိုင်ကယ်/ ဘေးတွဲ ဆိုင်ကယ်များမှ စီးနင်းခြင်းလုံးဝမပြုရ။

(ဋ) ပစ်ကပ်ယာဉ်များ (လိုက်ထရပ်/မီနီပစ်ကပ်) သည် သတ်မှတ်ထားသည့် ဝန်အလေးအချိန်(လူဦးရေ) ထက် ပိုမိုတင်ဆောင်မောင်းနှင်ခြင်းမပြုရ။

၂။ ကျူးလွန်ပါကတည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူမည်။

၃။ ယာဉ်မောင်းသူများအား အရက်သေစာသောက်စားထားခြင်း ရှိ/မရှိ ရက်မူးတိုင်းကိရိယာ (Alcohol Tester) ဖြင့် တိုင်းတာစစ်ဆေး၍ ချိုးဖောက်ပါက ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ သင်္ကြန်ကာလအတွင်း လမ်းလယ်၌ မော်တော်ယာဉ်စက်ပျက်၍ရပ်ထားပါက ကရိန်းယာဉ်ဖြင့် ဆွဲယူမည်ဖြစ်ပါသည်။

၅။ ယခုအခါ အချက်အချာကျသော လမ်းဆုံ/လမ်းခွမီးပွိုင့်များတွင် CCTV Camera များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများအား အဆိုပါကင်မရာများဖြင့်ရိုက်ကူးထားပြီး ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

၆။ "သင့်ကြောင့်မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလ အတွင်း ယာဉ်တိုက်မှုမဖြစ်ပါစေနှင့်"

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းတို့ကြောင့် အောက်ပါအချက်များဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း။

(ခ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှုဖြစ်ပေါ်ခြင်း။

(ဂ) မြေဆီလွှာဇီဝဓာတ်ခန်းခြောက်ခြင်းနှင့် သီးနှံများ အထွက်နှုန်းလျော့နည်းခြင်း။

(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

## တောမီးလောင်မှုမရှိစေရေး သတိပြုရန်

တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောသယံဇာတအရင်းအမြစ်များဆုံးရှုံးခြင်း၊ မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများဆုံးရှုံးခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ တောမီးလောင်မှုမရှိစေရေးအတွက် အောက်ပါတို့ကို လိုက်နာရန်-

(က) တောထဲတွင် မီးမွေးခြင်း၊ ချက်ပြုတ်ခြင်း၊ မီးရှို့ခြင်း မပြုလုပ်ရန်။

( ခ ) တောမီးရှို့၍ အမဲလိုက်ခြင်း လုံးဝမပြုလုပ်ရန်။

( ဂ ) ဆေးလိပ်မီးအကြွင်းအကျန်များကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်းမပြုလုပ်ရန်။

(ဃ) အိမ်သုံးစွန့်ပစ်အမှိုက်များကို သတ်မှတ်နေရာတွင် စွန့်ပစ်ရန်။

( င ) တောမီးလောင်ကျွမ်းမှုတွေ့ရှိရပါက သက်ဆိုင်ရာသို့ အမြန်ဆုံးသတင်းပို့ရန်။

## ၁၂ - ၄ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၆၃၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့**

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးဝင်းနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| ခေတ္တ စာတည်းမှူး | - ဦးအေဝမ်းစိုး | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | သုတေသန | - ဒေါ်ဇင်မာဝင့် |
| | | စာပြင် | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| ဘာသာပြန် စာတည်းများ | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

**( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )**

☆ ရှေ့ဖုံးမှ

ထိုသို့ ပြောကြားရာတွင် Gurudev Sri Sri Ravi Shankar က မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်တွင် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ဆုံးရှုံးခဲ့ရမှုများအပေါ် မိမိအနေဖြင့် မြန်မာနိုင်ငံသားများနှင့် ထပ်တူ ဝမ်းနည်းရပါကြောင်း၊ ကူညီကယ်ဆယ်ရေး လုပ်ငန်းများအတွက်လည်း နိုင်ငံတကာမှ အကူအညီများရရှိနေသည်ဟု သိရှိရပါကြောင်း ပြောကြားသည်။

**ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုကဲ့သို့ မိမိတို့နိုင်ငံတွင် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့မှုအပေါ် ဆက်သွယ်မေးမြန်း ပြောကြားသည့်အတွက် မိမိတို့အနေဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊ မန္တလေးငလျင်ကြီးဖြစ်ပွားခဲ့ပြီးချိန်တွင် နိုင်ငံတကာမှလည်း ကူညီကယ်ဆယ်ရေး လုပ်ငန်းများကိုလည်း လာရောက်ဆောင်ရွက် ပေးလျက်ရှိပြီး ယခုအချိန်တွင် ရှင်းလင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

**ရင်းရင်းနှီးနှီးဆွေးနွေး**

ယင်းနောက် မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ Gurudev Sri Sri Ravi Shankar အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ကူညီဆောင်ရွက်ပေးနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ဖိလစ်ပိုင်နိုင်ငံနှင့် လာအိုနိုင်ငံတို့မှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အကူပစ္စည်းများ နေပြည်တော်သို့ရောက်ရှိ



ဖိလစ်ပိုင်နိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အကူပစ္စည်းများ နေပြည်တော်တပ်မတော်လေဆိပ်သို့ ရောက်ရှိစဉ်။





လာအိုနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အကူပစ္စည်းများ နေပြည်တော်တပ်မတော်လေဆိပ်သို့ ရောက်ရှိစဉ်။

**နေပြည်တော် ဧပြီ ၁၂**

နိုင်ငံတော် အစိုးရအနေဖြင့် ငလျင်ဒဏ်သင့် ဒေသများရှိ ပျက်စီးဆုံးရှုံးမှုများကို အလျင်အမြန် စုံစမ်းစစ်ဆေးပြီး အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတကာမှလည်း လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးလျက်ရှိရာ သက်ဆိုင်ရာ နိုင်ငံများအလိုက် ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများသည် မြန်မာနိုင်ငံသို့ နေ့ရက်အလိုက် ရောက်ရှိလျက်ရှိကြသည်။

**တပ်မတော်လေဆိပ်သို့ ရောက်ရှိ**

ဖိလစ်ပိုင်နိုင်ငံမှ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ စုစုပေါင်းပစ္စည်းတန်ချိန် ၆၃၆၃ ကီလိုဂရမ်သည် ယနေ့နံနက် ၁၀ နာရီ ၃၉ မိနစ်တွင်လည်းကောင်း၊ ထို့နောက် လာအိုနိုင်ငံမှ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများဖြစ်သော ပစ္စည်း ဆန်နှင့်ရေ ၄၀၈၀ ကီလိုဂရမ်သည် ယနေ့နံနက် ၁၁ နာရီ ၁၇ မိနစ်တွင် လည်းကောင်း၊ လာအိုနိုင်ငံမှ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများဖြစ်သည့် ဆန်နှင့် ရေ ၄၀၂၈ ကီလိုဂရမ်သည် ယနေ့နံနက် ၁၁ နာရီ ၂၁ မိနစ်တွင် လည်းကောင်း နေပြည်တော်ရှိ တပ်မတော်လေဆိပ်သို့ ရောက်ရှိကြသည်။

အဆိုပါ ဖိလစ်ပိုင်နိုင်ငံနှင့် လာအိုနိုင်ငံတို့မှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အကူပစ္စည်းများကို အမျိုးသား သဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ကိုယ်စားတာဝန်ရှိသူများက ကြိုဆိုလက်ခံရယူခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ဘူတန်ဘုရင့်နိုင်ငံမှ ဆေးဘက်ဆိုင်ရာ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ ယာယီဆေးရုံ (ပေါင်းလောင်း)၌ မြန်မာဆေးအဖွဲ့နှင့်အတူ ပူးပေါင်းပါဝင်ကုသပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၁၂**

ငလျင်ဘေးဒဏ်သင့်ပြည်သူများအား ဆေးဝါးကုသပေးရန်အတွက် ရောက်ရှိနေသည့် ဘူတန်ဘုရင့်နိုင်ငံမှ ဆေးဘက်ဆိုင်ရာ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့သည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်း၌ ဖွင့်လှစ်ထားသည့် ယာယီဆေးရုံ(ပေါင်းလောင်း)၌ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူကြီးများ၊ ဆရာဝန်၊ သူနာပြုများနှင့် ပူးပေါင်း၍ ငလျင်ဘေးဒဏ်သင့် ပြည်သူများအား ဆေးဝါးကုသပေးလျက်ရှိသည်။

ထိုသို့ ဆေးဝါးကုသပေးရာ၌ ယနေ့တွင် အတွင်းလူနာ ၅၂ ဦးနှင့် ပြင်ပလူနာ ၃၂၇ ဦးတို့ကို ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ဆေးဝါးကုသခြင်းများ ဆောင်ရွက်ပေးပြီး အကြီးစားခွဲစိတ်ကုသမှု နှစ်ခုနှင့် အသေးစားခွဲစိတ်ကုသမှုတစ်ခုတို့ကိုလည်း အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ညနေပိုင်းတွင် ဘူတန်ဆေးဘက်ဆိုင်ရာအဖွဲ့သည် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်ရှိ မြို့နယ်အားကစားကွင်း၌ ယာယီဖွင့်လှစ်ကုသပေးလျက်ရှိသည့် အမေရိကန်နိုင်ငံအခြေစိုက် Samaritan`s Purse International Relief Organization ၏ ရွှေ့လျားဆေးရုံသို့ သွားရောက်လေ့လာခဲ့ကြသည်။



သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး နေပြည်တော်-မန္တလေးရထားလမ်းပိုင်းရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးသည့် ရထားလမ်းပိုင်းနေရာများ၊ ဘူတာများနှင့် စမုံတံတားပြန်လည်ပြုပြင်ရေးလုပ်ငန်းခွင်နေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၁၂**

ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သော ပြင်းထန်ငလျင် ဒဏ်ကြောင့် ပျက်စီးသွားခဲ့သည့် နေပြည်တော် – မန္တလေး ရထား လမ်းပိုင်းအတွင်း ရထားလမ်း နေရာများ၊ပြိုကျပျက်စီးသွားသည့် ရထားဘူတာများနှင့် စမုံဘူတာ နှင့် သပြေတောင်းဘူတာအကြားရှိ တံတားအမှတ်– ၆၉၁ (စမုံတံတား) ပြန်လည်ပြုပြင်ရေး လုပ်ငန်းခွင် နေရာများသို့ ဧပြီ ၁၁ ရက်က သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ သည်။

**မှာကြား**

ဦးစွာ ပြည်ထောင်စုဝန်ကြီး သည် ဒုတိယဝန်ကြီးဦးအောင်မြိုင်၊ တာဝန်ရှိသူများနှင့်အတူ ဧပြီ ၁၁ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော် မှ RBE အထူးရထားဖြင့် စတင် ထွက်ခွာပြီး မကျီးပင်ဘူတာ အဆောက်အအုံ ပျက်စီးမှုများကို စစ်ဆေးကြည့်ရှု၍ ဝန်ထမ်းများ ဘေးအန္တရာယ် ကင်းရှင်းစွာဖြင့် ရထားသွားလာရေး လုပ်ငန်းများ ပုံမှန်ဆောင်ရွက်နိုင်ရေးအတွက် ယာယီဘူတာအဖြစ် အသုံးပြု နိုင်ရန် ရွက်ဖျင်တဲတစ်လုံးနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ သည်။ ထို့နောက် ရမည်းသင်းမြို့ နယ် ညောင်လွန့်ဘူတာနှင့် ငှက်သိုက်ဘူတာအကြား ရထား လမ်းကို Automatic Lining, Levelling and Tamping Machine–ALLTM စက်ယန္တရား အသုံးပြု၍ ကြံ့ခိုင်တောင့်တင်းစေ ရေး ဆောင်ရွက်နေသည့်လုပ်ငန်း ခွင်ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား စားသောက် ဖွယ်ရာများ ပေးအပ်ခဲ့သည်။ ဆက်လက်၍ သဲတောနှင့် စမုံ အကြားရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ထားသည့် တံတားအမှတ် ၆၇၇ အစုန်နှင့် အဆန် တံတား နှစ်စင်းတို့ကို ရထားသွားလာမှု စိတ်ချလုံခြုံမှုရှိစေရေး လိုအပ် သည့် ပြုပြင်မွမ်းမံမှုများ အမြန်ဆုံး ဆောင်ရွက်နိုင်ရေး မှာကြား သည်။

ယင်းနောက် ပြည်ထောင်စု ဝန်ကြီးနှင့် အဖွဲ့သည် စမုံဘူတာ သို့ ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများကို စစ်ဆေး၍ ရထား လုပ်ငန်းများ ပုံမှန်ဆက်လက် ဆောင်ရွက်နိုင်ရေး ယာယီဘူတာ အဖြစ် အသုံးပြုနိုင်မည့် ရွက်ဖျင် တဲတစ်လုံးနှင့် စားသောက်ဖွယ်ရာ များကို ဝန်ထမ်းများသို့ ပေးအပ် ခဲ့သည်။ ဆက်လက်၍ မကြာမီက ရေတိုက်စားမှုကြောင့် ပျက်စီးမှု များကို ပြန်လည်ပြုပြင်နေဆဲ ဖြစ်သော တံတားအမှတ် ၆၉၁ စမုံတံတားသို့ ရောက်ရှိလာရာ



လုပ်ငန်းဆိုင်ရာ တာဝန်ရှိသူ၏ ရှင်းလင်း တင်ပြချက်အပေါ် တည်ဆောက်နေဆဲ ဖြစ်သည့် ရေလမ်းထိန်းသိမ်းရေး တမံ တည်ဆောက်မှုတွင် ငလျင်ဒဏ် ကြောင့် ထပ်မံထိခိုက်ထားသည့် နေရာများ၌ သတ်မှတ်စံချိန်စံညွှန်း များအတိုင်းရရှိအောင် ပြန်လည် ဆောင်ရွက်ရေး၊ တံတားကမ်းကပ် ခုံနှင့် ရေလယ်တိုင်များ ကြံ့ခိုင်ရေး အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို မိုးမကျမီပြီးစီး အောင်ဆောင်ရွက်ရေး တာဝန်ရှိ သူများအား မှာကြားခဲ့သည်။ ထိုမှ တစ်ဆင့် ဟံဇာဘူတာနှင့် ရွာပုလဲ ဘူတာအကြား၌ ရထားလမ်း ကြံ့ခိုင်တောင့်တင်းရေးအတွက် Automatic Lining, Levelling and Tamping Machine–ALLTM စက်ယန္တရားကြီးဖြင့် လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှု စစ်ဆေး၍ ဝန်ထမ်းများအား အားပေးခဲ့သည်။

၎င်းနောက် ပြည်ထောင်စု ဝန်ကြီးနှင့်အဖွဲ့သည် သာစည် ဘူတာယာဒ်ဝင်း၌ ငလျင်ဒဏ် ကြောင့် ပြိုကျပျက်စီးသွားသော ဘူတာ အဆောက်အအုံများ၊ ရထားသွားလာမှု ထိန်းချုပ်သည့် မျှော်စင်တို့ကို ကြည့်ရှုစစ်ဆေး ပြီး ရထားပို့ဆောင်ရေးလုပ်ငန်း များ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေး၊ ရထားစီးကြ မည့်ခရီးသည်များ အဆင်ပြေ ချောမွေ့စေရေးအတွက် ဦးစား ပေးဆောင်ရွက်ကြရမည့် လုပ်ငန်း များကို ဌာနအချင်းချင်းညှိနှိုင်း ပေါင်းစပ် အကောင်အထည်ဖော် ကြရေး လမ်းညွှန်မှာကြားသည်။ ထို့နောက် နေပြည်တော်–သာစည် လမ်းပိုင်း၊ သာစည် – မန္တလေး လမ်းပိုင်းနှင့် သာစည် – ဘုရားငါးဆူ လမ်းပိုင်းတို့အတွင်း ငလျင်ဒဏ် ကြောင့် ပြိုကျ၊ ပျက်စီးခဲ့သည့် ဘူတာများတွင် ယာယီဘူတာများ အဖြစ် အသုံးပြုနိုင်ရေးအတွက် ထပ်မံလိုအပ်သည့် ရွက်ဖျင်တဲ ၁၈ လုံးတို့ကို ပေးအပ်ခြင်းနှင့် ဝန်ထမ်းများအတွက် စားသောက် ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများတွင် သွားလာမှုလွယ်ကူချောမွေ့စေရေး စီစဉ်ဆောင်ရွက်ထားရှိ

**နေပြည်တော် ဧပြီ ၁၂**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အနေဖြင့် ငလျင်ဘေးဒဏ်သင့်ဒေသများရှိ ပြည်သူ များ သွားလာရေးအဆင်ပြေချောမွေ့စေရေး၊ ကုန်စည်



စီးဆင်းမှု မှန်ကန်စေရေးအတွက် ကူးတို့ခရီးလမ်းနှင့် ပြည်တွင်းလေကြောင်းခရီးစဉ်များ စီစဉ်ဆောင်ရွက် ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဧရာဝတီမြစ်ကူး တံတား ရတနာပုံအပေါ်မှ ကုန်တင်ယာဉ်ကြီးများ ဖြတ်သန်းခွင့် ယာယီရပ်ဆိုင်းထားစဉ်ကာလတွင် ကုန်စည်စီးဆင်းမှုများ ပုံမှန်လည်ပတ်နိုင်ရန် ဧရာဝတီ မြစ်ကူးကုန်တင်ယာဉ် ကူးတို့ခရီးစဉ်များကို ပုဂ္ဂလိကရေယာဉ်ပိုင်ရှင်များနှင့်ပူးပေါင်း၍ စီစဉ် ဆောင်ရွက်ပေးလျက်ရှိရာ မတ် ၃၁ ရက်မှ ဧပြီ ၁၂ ရက်အထိ ကုန်တင်ယာဉ် ၂၈၉၃ စီးကို သယ်ယူ ပို့ဆောင်ပေးနိုင်ခဲ့သည်။ ထိုသို့ စီစဉ်ဆောင်ရွက်ပေး နိုင်ခဲ့သည့်အတွက် ငလျင်ဘေးဒဏ်သင့်ကာလတွင် ကုန်စည်များ ပုံမှန်ပို့ဆောင်လျက်ရှိသည်။

ငလျင်ဘေးဒဏ်သင့် ဒေသများအတွက် ကယ်ဆယ်ရေးပစ္စည်းများကို ပြည်ပမှ ကယ်ဆယ်ရေး ပစ္စည်းတင်လေယာဉ်များဖြင့် ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်၊ နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် များသို့ နေ့စဉ်လာရောက်ပို့ဆောင်လျက်ရှိရာ မတ် ၂၉ ရက်မှ ဧပြီ ၁၂ ရက်အထိ စုစုပေါင်းလေယာဉ် ၁၂၅ စင်းဖြင့် စုစုပေါင်း ကုန်တန်ချိန် ၂၅၁၄ ဒသမ ၅၁၁ တန် ရောက်ရှိပြီးဖြစ်သည်။ မန္တလေးအပြည်ပြည် ဆိုင်ရာလေဆိပ်နှင့် နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်တို့တွင် ငလျင်ဘေးဒဏ်ကြောင့် ယာယီ ရပ်နားခဲ့သည့် ပြည်တွင်းလေကြောင်းခရီးစဉ်များကို ဧပြီ ၄ ရက်မှစ၍ ယခင်အတိုင်း ပြည်တွင်းလေကြောင်း လိုင်း ငါးလိုင်းဖြင့် ပုံမှန်ပြေးဆွဲပေးလျက်ရှိရာ ဧပြီ ၁၂ ရက်အထိ စုစုပေါင်း လေယာဉ်ခရီးစဉ် ၁၃၅ ခေါက် ပြေးဆွဲပေးနိုင်ခဲ့ပြီး ခရီးသွားပြည်သူများ သွားလာမှု အဆင်ပြေစေရန် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိ ကြောင်း သိရသည်။

**သတင်းစဉ်**

## ငလျင်ဒေသရှိပြည်သူများ အဆက်အသွယ်မပြတ်စေရန် တတိယအကြိမ်မြောက် အခမဲ့ဝန်ဆောင်မှုပေး

**ရန်ကုန် ဧပြီ ၁၂**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က အင်အား ပြင်းငလျင်လှုပ်ခတ်ခဲ့ပြီးနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ထိခိုက်ပျက်စီးဆုံးရှုံးမှုများစွာ ဖြစ်ပေါ်ခဲ့ရာ အဆိုပါဒေသရှိ ပြည်သူများနှင့် ဝန်ထမ်းများ အဆက်အသွယ်မပြတ် ဆက်သွယ်နိုင် ရန် MPT မှ တတိယအကြိမ်မြောက် အခမဲ့ဆက်သွယ် ရေးဝန်ဆောင်မှုပေးလျက်ရှိကြောင်း ရန်ကုန်မြို့ MPT ရုံးမှ သိရသည်။

အဆိုပါ အခမဲ့ဆက်သွယ်ရေးဝန်ဆောင်မှုကို အကန့်အသတ်မရှိ Viber အသုံးပြုရန် (စာတိုပေးပို့မှု အတွက်သာ)နှင့် MPT အချင်းချင်း အခမဲ့ စာတိုပေးပို့ ခွင့် (SMS) အစောင် ၁၀၀၀ ပေးပို့မှုကို ဧပြီ ၁၂ ရက်မှ ၂၂ ရက်အတွင်း အသုံးပြုနိုင်ရန် ဝန်ဆောင်မှုပေးထား ကြောင်း သိရသည်။

**သတင်း/ဓာတ်ပုံ – အောင်သန်းဦး**




## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဧပြီ ၁၂**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသ ကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသ ကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင် ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာ စိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာ မည်။

**မိုး/ဇလ**

# နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ငလျင်ဘေးဒဏ်သင့်ဝန်ထမ်းများ ယာယီနေရာချထားရေးနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် ဧပြီ ၁၂

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ငလျင်ဘေးဒဏ်သင့်ဝန်ထမ်းများ ယာယီနေရာချထားရေးနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌများဦးဆောင်၍ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်နှင့် ဦးစိုးကြည်၊ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စီစဉ်ဆောင်ရွက်**

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က မြန်မာနိုင်ငံတွင်လှုပ်ခတ်ခဲ့သည့် အင်အားပြင်းမန္တလေးငလျင်ကြီးကြောင့် ယာယီတည်းခိုရေးစခန်းများတွင် နေထိုင်နေကြရသော ဝန်ထမ်းမိသားစုများအား မိုးမကျမီ သက်သောင့်သက်သာဖြင့် လုံခြုံစွာနေထိုင်နိုင်ရန် ယာယီဘာရာများတွင်နေထိုင်နိုင်ရေး ဆောလျင်စွာ စီစဉ်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊

ငလျင်ဒဏ်သင့် ဝန်ထမ်းအိမ်ရာများကို အနီရောင်အဆင့်၊ လိမ္မော်ရောင်အဆင့်နှင့် အပြာရောင်အဆင့်ဟူ၍ ခွဲခြားသတ်မှတ်ထားပြီး အပြာရောင်အဆင့်အိမ်ရာများသည် ပြန်လည်နေထိုင်နိုင်ပြီဖြစ်သဖြင့် ဝန်ထမ်းများ အမြန်ဆုံးနေထိုင်နိုင်ရေးအတွက် စီစဉ်ပေးရန်လိုကြောင်း၊ ယာယီဘာရာတည်ဆောက်မှုများကို မေလအကုန်တွင်အပြီး တည်ဆောက်နိုင်ရန် လျာထားပြီး လုံခြုံစွာနှင့် သက်သောင့်သက်သာ နေထိုင်နိုင်ရေးအတွက် စီစဉ်ပေးသွားရမည်ဖြစ်ကြောင်း၊ ယာယီရုံးများဖွင့်လှစ်၍ ရုံးလုပ်ငန်းများပုံမှန်လည်ပတ်နိုင်ရေးနှင့် ဝန်ထမ်းများ အခက်အခဲမရှိ နေထိုင်တာဝန်ထမ်းဆောင်နိုင်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် လိုအပ်ချက်များကို စိစစ်တင်ပြပြီး ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဥက္ကဋ္ဌ(၂) ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ငလျင်လှုပ်ခတ်ပြီးသည့်အချိန်မှစတင်၍ ရှာဖွေကယ်ဆယ်ရေးအပိုင်းကို အတိုင်းအတာတစ်ခုအထိ အဓိကထားဆောင်ရွက်ခဲ့ကြောင်း၊ ထိခိုက်ဒဏ်ရာရရှိသူများအတွက် အားကစားကွင်းများတွင် ယာယီဆေးရုံများ ဖွင့်လှစ်ထားကြောင်း၊ ယခုအချိန်တွင် ပြန်လည်ထူထောင်ရေးအပိုင်းကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ထမ်းမိသားစုများ၏ ပညာရေး၊ ကျန်းမာရေး စသည့်လိုအပ်ချက်များကို တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယခင်ဖြစ်ပွားခဲ့သည့် သဘာဝဘေးဖြစ်စဉ်များကို အတွေ့အကြုံယူ၍ ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ဝန်ကြီးဌာနအလိုက် ဝိုင်းဝန်းပူးပေါင်း၍ ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဝန်ကြီးဌာနအလိုက် အိမ်ထောင်သည်၊ လူပျို၊ အပျို ဝန်ထမ်းအင်အားစာရင်း၊ ယာယီနေရာချထားရေးဆောင်ရွက်ရာတွင် မိမိအစီအစဉ်ဖြင့် နေထိုင်မည့်စာရင်းများ၊ ဝန်ကြီးဌာနအစီအစဉ်ဖြင့် နေထိုင်မည့်စာရင်းများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအစီအစဉ်ဖြင့် နေထိုင်မည့်စာရင်းများနှင့် အပြာရောင်အဆင့် တိုက်များတွင်နေထိုင်မည့် ဝန်ထမ်းဦးရေ၊ ယာယီတည်းခိုရေးစခန်းများနှင့် ဝန်ကြီးဌာနများတွင် ယာယီရုံးများတည်ဆောက်ပြီးစီးမှု အခြေအနေနှင့် မိုးမကျမီ ယာယီဘာရာများ အမြန်ဆုံးတည်ဆောက်သွားမည့်အစီအစဉ်တို့ကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌများနှင့်အဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ငလျင်ဘေးဒဏ်သင့်ပြည်သူများနှင့် ဝန်ထမ်းမိသားစုများ ယာယီနေထိုင်နေသည့် ဥတ္တရသီဒ္ဓိရပ်ကွက်နှင့် ဓနသီဒ္ဓိရပ်ကွက်တို့ရှိ ယာယီတည်းခိုရေးစခန်းများသို့ သွားရောက်၍ အဆင်ပြေချောမွေ့စွာ နေထိုင်နေမှုအခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဒီပရပ်ကွက်တွင် ယာယီတည်းခိုရေးစခန်းတည်ဆောက်ရန် စိစစ်ရွေးချယ်ထားသည့်အဆောက်အအုံအားကြည့်ရှုစစ်ဆေး၍ ဆောလျင်စွာတည်ဆောက်နိုင်ရေး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုညှိနှိုင်းအစည်းအဝေး တက်ရောက်ပြီး ဝန်ထမ်းများအမိုးအကာအောက်ထားရှိမည့်နေရာများအား ကြည့်ရှုစစ်ဆေး



နေပြည်တော် ဧပြီ ၁၂

စက်မှုဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ခြံအမှတ် အေ-၅ ၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ စက်မှုဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ အထွေထွေမန်နေဂျာများ တက်ရောက်သည်။

အစည်းအဝေး၌ နေပြည်တော်ရှိ ဝန်ထမ်းများအား အမိုးအကာအောက်တွင် ထားရှိနိုင်ရေးအတွက် ယာယီတဲများအား ထပ်မံဆောက်လုပ်နိုင်ရေး၊ အဆောက်အအုံအလွတ်များတွင် ဝန်ထမ်းများနှင့် မိသားစုဝင်များအားထားရှိနိုင်ရေး၊ စက်ရုံအသီးသီးရှိ အဆောက်အအုံအလွတ်များတွင် ဝန်ထမ်းများထားရှိနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိနိုင်ရေး၊ နေပြည်တော်ရှိဝန်ထမ်းများအနက် အမိုးအကာအောက်သို့ မရောက်ရှိသေးသည့် အင်အားစာရင်းအား အမြန်ဆုံးကောက်ယူ၍ အမိုးအကာအောက် ရောက်ရှိရေးစီမံဆောင်ရွက်ရေး၊ ပြည်နယ်/တိုင်းဒေသကြီးအသီးသီးရှိ အုတ်စက်ရုံ၊ ဘိလပ်မြေစက်ရုံ၊ အမိုး၊ အမိုးပြားစက်ရုံ၊ အထပ်သားစက်ရုံ၊ သံ/သံမဏိစက်ရုံတို့၏ တစ်နေ့ထုတ်လုပ်နိုင်မှုအခြေအနေတို့နှင့် လက်ရှိလိုအပ်နေမှုတို့ကို နှိုင်းယှဉ်၍ သုံးသပ်ထားရှိရေး၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်လျက်ရှိသည့် စက်ရုံများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရေး၊ ဝန်ထမ်းအိမ်ရာများအား စစ်ဆေးရေးအဖွဲ့များက စစ်ဆေးသည့် အစီရင်ခံစာအပေါ် ဆောင်ရွက်ရန်အချက်များကို ချက်ချင်းအကောင်အထည်ဖော်နိုင်ရန် ပြင်ဆင်ထားရှိရေး၊ ငလျင်လှုပ်ခတ်မှုကြောင့် စက်ရုံ၊ အဆောက်အအုံများ ပျက်စီးခဲ့မှုနှင့်ပတ်သက်၍ ပြင်ဆင်နေမှု၊ ပြီးစီးမှုတို့ကို စနစ်တကျမှတ်တမ်းထားရှိရေး ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းအတည်ပြုခြင်းများ ဆောင်ရွက်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် စက်မှုဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များသည် ဝန်ထမ်းများအား သောက်ရေသန့်များ ဖြန့်ဖြူးပေးနိုင်ရေးအတွက် ရေသန့်စက်အားပြုပြင်နေမှု၊ ဝန်ထမ်းများအား အမိုးအကာအောက်တွင် ထားရှိနိုင်ရေးအတွက် ရုံးအမှတ်(၃၇)ရှိ အဆောက်အအုံအလွတ်များအား ပြင်ဆင်နေမှု၊ ရုံးအမှတ်(၄၁)၊ ယာဉ်ရပ်နားကွင်းအတွင်းရှိ ယာယီအဆောက်အအုံများတွင် ဝန်ထမ်းများအား နေရာချထားပြီးစီးမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သောက်ရေ၊ သုံးရေများ အပြည့်အဝရရှိစေရေး စီမံဆောင်ရွက်ပေးရန်၊ သန့်ရှင်းသည့်ယင်လုံအိမ်သာများ တည်ဆောက်ပေးရန်နှင့် ဝန်ထမ်းများထားရှိသည့် ပတ်ဝန်းကျင်အား သန့်ရှင်းမှုရှိအောင် ဆောင်ရွက်ပေးရန်တို့ကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရတနာစံကျောင်းတော် ပြုပြင်မွမ်းမံမှုလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလျက်ရှိ



ညောင်ရွှေ ဧပြီ ၁၂

မန္တလေးမြေငလျင်ကြီးကြောင့် ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးဖောင်တော်ဦး မြတ်စွာဘုရားရင်ပြင်တော်၊ ရတနာစံကျောင်းတော် အချို့နေရာများ၊ ဒေသစာရီ ကြွချီတော်မူရာတွင် အသုံးပြုသည့် ကရဝိက်ဖောင်တော်နှင့် ဖောင်တော်ထားရှိသည့် အဆောက်အအုံ ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည်။

ယခုအခါ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် အင်းလေးဖောင်တော်ဦး မြတ်စွာဘုရား ပြန်လည်ပြုပြင် မွမ်းမံနိုင်ရေးအတွက် အနယ်နယ်အရပ်ရပ်မှ အလှူရှင်များက အလှူငွေများ ထည့်ဝင်လှူဒါန်း ကုသိုလ်ပါဝင်ကြရာ ယနေ့အထိ စုစုပေါင်း ထည့်ဝင်လှူဒါန်း ငွေကျပ် ၈၅၈၆၃၀၀၀ ရရှိခဲ့ပြီဖြစ်ကြောင်းနှင့် ဘုရားဖူးပြည်သူများ အမြန်ဆုံး ပြန်လည်လာရောက်ဖူးမြော်နိုင်ရေးအတွက် ထိခိုက်ပျက်စီးသွားသည့် စံကျောင်းတော် အစိတ်အပိုင်းများကို ကျွမ်းကျင်ပညာရှင်များဖြင့် အရှိန်အဟုန်မြှင့် ပြုပြင်မွမ်းမံလျက်ရှိကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

# လူတို့၏ အသက်နှင့်အိုးအိမ်များကို ဖျက်ဆီးသော မြေငလျင်နှင့် ဆောက်လုပ်ရေးကဏ္ဍ

ဒေါက်တာကျော်လတ် (ဂုဏ်ထူးဆောင်ပါမောက္ခ၊ ဗိသုကာဌာန၊ ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် မန္တလေးနည်းပညာတက္ကသိုလ်)



မန္တလေးမြို့တွင် မြေကြီးအောက်သို့ အဆင့်ဆင့်အထပ်လိုက်ပြိုသွားသော အဆောက်အအုံကို တွေ့ရစဉ်။

မတ်လ ၂၈ ရက်နေ့က မြန်မာနိုင်ငံ အလယ်ပိုင်းနှင့် မြောက်ပိုင်းကို ကျော်လွန်၍ မိမိတို့အိမ်နီးချင်းထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့တွင်လည်း ဖျက်ဆီးဒုက္ခပေးခဲ့သော 'မြေငလျင်' ပေါ်ပေါက်ခဲ့သဖြင့် ဆောက်လုပ်ရေးကဏ္ဍနှင့် ဆက်စပ်ပတ်သက်နေသော ဗိသုကာတစ်ဦးအနေဖြင့် နောက်နောင်မြေငလျင်ပေါ်ပေါက်လျှင် သေကျေပျက်စီးမှုလျော့ပါးရန် အဆိုပြုချက်များကို ဤဆောင်းပါးဖြင့်တင်ပြအပ်ပါသည်_

**မြေငလျင်လှုပ်မည့်အချိန်နှင့်နေရာကို ကြိုတင်တွက်ချက်နိုင်ပါသလား**

ကမ္ဘာကြီးကို အလွှာပေါင်းများစွာဖြင့် ဖွဲ့စည်းထားပြီး မိမိတို့ လူများ၊ သတ္တဝါများနေထိုင်ကြသော မြေကြီး၊ မြစ်များ၊ ပင်လယ်သမုဒ္ဒရာများ၊ တောင်များရှိသောအလွှာကို Lithosphere ဟုခေါ်သည်။ မြေငလျင်လှုပ်ရသော အဓိကအကြောင်းမှာ ထိုအလွှာအောက်ရှိ Crust တွင် ရုတ်တရက် စွမ်းအင်ပေါ်ပေါက်ပြီး ထိုမှ လှိုင်းများပေါ်ထွက်၍ တုန်လှုပ်ခြင်း (Sudden release of strain energy in the Earth's crust resulting in waves )ကြောင့် ဖြစ်ရသည်ဟု အတိုရှင်းထားသည်ကို ဖတ်ရပါသည်။

ထို Lithosphere အလွှာသည် အထူအပါး၊ သိပ်သည်းမှု စသည်တို့ မတူကွဲပြားသည့်အပြင် အချို့သောနေရာများတွင် Fault ဟုခေါ်သော မြေအောက်အက်ကြောင်းများလည်းရှိကြသည်။ အထက်ဖော်ပြပါ Crust သည် အချို့နေရာများတွင် မိုဘင် ၆၀ ခန့်ပင်ထူသောကြောင့် ထိုအောက်တွင် ဖြစ်ပျက်ပုံများကို သိရှိတိုင်းတာရန် မဖြစ်နိုင်ပေ။ ယနေ့ပညာရှင်များ အားကိုးအသုံးပြုနေကြသောနည်းမှာ သက်ဆိုင်သောနေရာများတွင် လွန်ခဲ့သောနှစ်ပေါင်းများစွာက ဖြစ်ပေါ်ခဲ့ဖူးသော ငလျင်များကိုအခြေခံ၍ ဖြစ်ပေါ်နိုင်ခြေရှိသောအချိန်ကို မှန်းဆကြခြင်းသာဖြစ်ပါသည်။ ဥပမာ နှစ်ပေါင်း ၂၅ နှစ် ၊ နှစ် ၅၀ စသည်ဖြင့်ဖြစ်ပေါ်နိုင်မည်ဟုသာ ခန့်မှန်းကြသည်။ တစ်နည်းဆိုသော် Statistical method ကိုအခြေခံခြင်းသာဖြစ်ပေသည်။ သို့သော် ထိုနည်းသည် Full Reliability ရာနှုန်းပြည့်အားကိုးနိုင်သော နည်းမဟုတ်သည်ကိုလည်း မိမိတို့ လက်တွေ့ပင်ဖြစ်သည်။

အထက်ပါ Statistical method ကို အခြေခံလေ့လာပါလျှင် စစ်ကိုင်းမြို့တွင် ၂၀ ရာစုနှစ်အစပိုင်းမှစ၍ ပေါ်ပေါက်ခဲ့သော ငလျင်များသည် ၁၉၃၂ ခုနှစ်၊ ၁၉၄၆ ခုနှစ်၊ ၁၉၅၄ ခုနှစ်၊ ၁၉၅၆ ခုနှစ်၊ ၁၉၇၀ ပြည့်နှစ်၊ ၁၉၈၈ ခုနှစ်၊ ၁၉၉၁ ခုနှစ်၊ ၂၀၁၂ ခုနှစ်၊ ၂၀၁၆ ခုနှစ်နှင့် ယခု ၂၀၂၅ ခုနှစ်တို့ဖြစ်သည်။ တစ်ကြိမ်နှင့်တစ်ကြိမ် ကွာခြားသောနှစ်များကိုတွက်လျှင် ၁၄ နှစ်၊ ရှစ်နှစ်၊ နှစ်နှစ်၊ ၁၄ နှစ်၊ ၁၈ နှစ်၊ ခုနစ်နှစ်၊ ၂၁ နှစ်၊ လေးနှစ်နှင့် ကိုးနှစ်တို့ဖြစ်သောကြောင့် Statistics အရ မည်သည့် Regularity ပုံမှန်စနစ်မျှ မတွေ့ရှိရပေ။



မန္တလေးမြို့တွင်ပင် ကျွမ်းကျင်ပညာရှင်များနှင့် မှန်ကန်စွာ ဆောက်လုပ်ခဲ့သဖြင့် မပျက်မစီးသည့် အဆောက်အအုံကို တွေ့ရစဉ်။

စာရေးသူဖတ်ဖူး၊ ကြားဖူးသော ဖြစ်နိုင်သော အခြားနည်းတစ်နည်းမှာ ပင်လယ်ရေအောက်နေငါးများ လှုပ်ရှားမှုပုံစံကို လေ့လာ၍ သိနိုင်မည်လားဟု ပညာရှင်များစဉ်းစားမိကြသည်။ တိရစ္ဆာန်များဖြစ်သည့် ပုရွက်ဆိတ်များ၊ ငှက်များ၊ ခွေးများ၊ မြင်းများ စသည်တို့သည် Instinct ဟုခေါ်သော အတွင်းအသိစိတ်ရှိတတ်ကြသည်။ ဥပမာ – ပုရွက်ဆိတ်များသည် မိုးမရွာမီ အိမ်ပြောင်းလေ့ရှိကြသည်၊ အမျိုးကောင်းမြင်းများသည် အန္တရာယ်ရှိသောနေရာများသို့ ခိုင်း၍မရခြင်း စသော အမူအကျင့်များအပေါ်မူတည်၍ ငါးများ၏ လှုပ်ရှားမှုပုံစံကိုလေ့လာကြရန်ဖြစ်သည်။ သို့သော် ထိုသုတေသနမှရလဒ်သည်လည်း စာရေးသူကျောင်းသားဘဝမှပင် စတင်ခဲ့သောကြောင့် လွန်ခဲ့သော ဆယ်စုနှစ်ပေါင်းများစွာအတွင်း အသုံးပြုနိုင်သော အခြေအနေမရှိခဲ့ပေ။

ယခုမတ်လ ၂၀၂၅ ခုနှစ်မြေငလျင်၏ Epicenter ဗဟိုသည် စစ်ကိုင်းမြို့အနီးဖြစ်သဖြင့် မိမိတို့နိုင်ငံတွင် သေကျေပျက်စီးမှု အများဆုံးဖြစ်သည်ကို လက်ခံကြရပါမည်။ သို့သော် တစ်မြို့တည်း၊ တစ်လမ်းတည်းတွင် အချို့အဆောက်အအုံများပြိုလဲပြီး အချို့အဆောက်အအုံများ မည်သို့ကြောင့်တည်မြဲခဲ့ကြပါသနည်း သို့မဟုတ် အသေအပျောက်နည်းရပါသနည်းဆိုသော မေးခွန်းပေါ်ထွက်လာပေသည်။ ထိုမေးခွန်းအတွက် ဗိသုကာတစ်ဦးအနေဖြင့် လွယ်ကူတိကျသောအဖြေကို ဖော်ပြနိုင်ပါသည်။

ထိုလွယ်ကူ၍တိကျသောအဖြေမှာ **"တစ်မြို့တည်းရှိအချို့သော အဆောက်အအုံတို့သည် စနစ်တကျ ကျွမ်းကျင်သောပညာရှင်များက ပုံစံရေးဆွဲတွက်ချက်ကြသည့်အတိုင်း တည်ဆောက်ခဲ့ကြပြီး အချို့တို့ကို တည်ဆောက်သော ကန်ထရိုက်များသည် မှန်ကန်တတ်ကျွမ်းသော ပညာရှင်များကိုအသုံးမပြုဘဲ အမြတ်အစွန်းပိုက်ဆံရရေးကိုသာ အဓိကထားပြီး မမှန်မကန်ဆောက်လုပ်ရေးပစ္စည်းများဖြင့် တည်ဆောက်ခဲ့သောကြောင့်"** ဖြစ်ပါသည်။

**စနစ်တကျပုံစံရေးဆွဲတွက်ချက်ဆောက်လုပ်ခြင်း**

'စနစ်တကျပုံစံရေးဆွဲ၊ တွက်ချက်ဆောက်လုပ်ခြင်း'ဟု အထက်တွင်ဆိုခဲ့ရာ အထပ်မြင့်အဆောက်အအုံတစ်ရပ် စနစ်တကျပုံစံထုတ်တွက်ချက်ဆောက်လုပ်ပုံကို ဖော်ပြပါမည်။ ပထမ ပူးပေါင်းဆောင်ရွက်ရသော အထူးကျွမ်းကျင်ပညာရှင် (Specialists) များသည် (၁) Geotechnical engineer မြေကြီးခိုင်မာမှုကို စမ်းသပ်ရသော အင်ဂျင်နီယာပညာရှင်၊ (၂) Foundation specialist အဆောက်အအုံ အုတ်မြစ်အတွက်ကျွမ်းကျင်သူ အင်ဂျင်နီယာပညာရှင်၊ (၃) Structural engineer ခိုင်ခံ့မှုကိုတွက်ချက်သော အင်ဂျင်နီယာပညာရှင်၊ (၄) Sanitation engineer ရေပေးရေးနှင့် ရေထုတ်စနစ်တို့ကိုစီမံသော အင်ဂျင်နီယာပညာရှင်၊ (၅) Mechnical and electrical engineer (M & E) လျှပ်စစ်နှင့်စက်ပိုင်းဆိုင်ရာ အင်ဂျင်နီယာပညာရှင် ဟူ၍ ပညာရှင် ငါးဦးခန့်ရှိပါသည်။

ဗိသုကာပညာရှင်သည် အဆောက်အအုံ၏ပုံစံကို စတင်မရေးဆွဲမီပင် တည်ဆောက်မည့်နေရာကို လေ့လာရပါသည်။ မည်သည့်ဘက်မှ ဝင်မည်၊ မည်သို့ထွက်မည်၊ နေလမ်းကြောင်း၊ လေလမ်းကြောင်းမည်သို့ ရှိမည် စသည်တို့အပြင် ဘုရားစေတီပုထိုးများနှင့် အရေးကြီးအဆောက်အအုံများ အနီးပတ်ဝန်းကျင်တွင်ရှိလျှင် ထိုသည်တို့ကို လွှမ်းမိုးမှုမရှိစေရန် သင့်တော်သောအမြင့်ကို သတ်မှတ်ရပါသည်။ ထို့နောက် အဆောက်အအုံပုံစံ စတင်ရေးဆွဲသည့်အခါတွင်ပင် မြေငလျင်၊ မီးလောင်ကျွမ်းမှု အစရှိသော ဘေးအန္တရာယ်များပေါ်ပေါက်လျှင် လုံခြုံမှုအတွက် အရေးပေါ်ထွက်ပေါက်များ Escape routes လှေကားများ၏ တည်နေရာများနှင့် အကွာအဝေး၊ လူသွားစင်္ကြံများ၏အကျယ် စသည်တို့အပြင် လူများကျမ်းမာစွာနေထိုင်ရေးအတွက် အလင်းရောင်နှင့် လေဝင်လေထွက်ကောင်းမွန်ရေး စသောအချက်များကို ထည့်သွင်းတွက်ချက်ပြီး ပုံစံရေးဆွဲရပါသည်။ ဗိသုကာက အထပ်မြင့်အဆောက်အအုံအတွက် ပုံစံရေးဆွဲသည့်အခါ အထက်ပါပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ကြရပါသည်။

ကျွမ်းကျင်ပညာရှင်တို့သည် 'မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီမှ အသိအမှတ်ပြုထားသော ဘာသာရပ်ဆိုင်ရာ လိုင်စင်များရှိကြရပါမည်။ အဆောက်အအုံ၏ပုံစံကို စတင်ရေးဆွဲရသော ဗိသုကာပညာရှင်များသည်လည်း အဆောက်အအုံ၏ အရွယ်အစားနှင့် အမြင့်ပေါ်မူတည်၍ အငယ်စားဗိသုကာလိုင်စင် (Jr. Architect's License)၊ အကြီးစားဗိသုကာလိုင်စင် (Sr. Architect's License) နှင့် အာဆီယံနိုင်ငံများတွင် လုပ်ကိုင်ခွင့်လိုင်စင် (License for ASEAN Countries) စသည်ဖြင့် လိုင်စင်အဆင့်များရှိပြီး တက္ကသိုလ်အောင်ပြီးစ အတွေ့အကြုံနည်းသေးသော ပညာရှင်များက အထပ်မြင့်နှင့် အဆောက်အအုံကြီးများကို တစ်ဦးတည်းတာဝန်ခံ ပုံစံထုတ်ခွင့်မရှိပါ။ အဆောက်အအုံ မဆောက်မီ၊ မြေကိုမတူးဆွမီပင် သက်ဆိုင်ရာ Geotechnical engineer ပညာရှင်ကမြေထမ်းအား (Soil bearing capacity) ကိုစမ်းသပ်ရပြီး မည်သည့် Foundation system အခြေခံအုတ်မြစ်စနစ်၊ မည်သည့် Structural system တည်ဆောက်မှုစနစ် အစရှိသည်တို့ကို အထက်ပါပညာရှင်များနှင့် စုပေါင်းတိုင်ပင်သတ်မှတ် ရေးဆွဲထားသောပုံစံများသည် A3 စာရွက်အရွယ်နှင့်အချပ် ၅၀–၁၀၀ ခန့်ရှိနိုင်ပါသည်။

အဆောက်အအုံဆောက်လုပ်ချိန်အတွင်းတွင်လည်း အချိန်ပြည့် Site Engineer ခေါ် လုပ်ငန်းခွင်ကြီးကြပ် အင်ဂျင်နီယာများထားရှိရမည့်အပြင် အထက်တွင်တင်ပြသော အထူးကျွမ်းကျင်အင်ဂျင်နီယာများကလည်း လိုအပ်ချက်အတိုင်း လာရောက်စစ်ဆေးကြရပါသည်။ ဆောက်လုပ်ချိန်အတွင်း Site Engineer ခေါ် လုပ်ငန်းခွင်ကြီးကြပ် အင်ဂျင်နီယာသည် Log book ခေါ်မှတ်တမ်းများထားရှိခြင်း၊ လိုအပ်သည့်အတိုင်း (Concrete test, steel test ) ကွန်ကရစ်၊ သံ စသည်တို့ စစ်ဆေးခြင်းများလည်းပြုလုပ်ရပါသည်။ ကွန်ကရစ်လောင်းကြသောအခါ ကွန်ကရစ်သည် Monolithic တစ်သားတည်း တစ်ညီတည်းဖြစ်စေရန် တစ်ဆက်တည်းမရပ်မနားဘဲ လောင်းရပါသည်။ ထိုလုပ်ငန်းသည် ကွန်ကရစ်ပမာဏပေါ်မူတည်၍ ရံဖန်ရံခါ ၂ – ၃ ရက်ပင် ညလုံးပေါက် မရပ်မနားလုပ်လဲပြီး လောင်းကြရပါသည်။ တက္ကသိုလ်အဆင့်ပညာရှင်များတွင် Specialization ခေါ်

စာမျက်နှာ ၇ သို့

■ စာမျက်နှာ ၆ မှ

အထူးကျွမ်းကျင်ပညာရှင်များရှိသည့်နည်းတူ Skilled labour ကျွမ်းကျင် လုပ်သားများတွင်လည်း ပန်းရန်ဆရာ၊ သံချိသံကွေးဆရာ၊ ကျောက်ပုံးရိုက်ဆရာ၊ အတွင်းချောဆရာ၊ လျှပ်စစ်ဆရာ စသည်ဖြင့် ပညာရှင်ပေါင်း ၅-၆ မျိုးရှိပါသည်။

**လူတို့၏ အသက်၊ အိုးအိမ်ဆုံးရှုံးရခြင်းအတွက် ပေါ်ပေါက်လာသော မေးခွန်းများ**

ဤသည်မှာ **'စနစ်တကျ ကျွမ်းကျင်သော အင်ဂျင်နီယာပညာရှင်များဖြင့် တည်ဆောက်သောနည်း'** ကို အကျဉ်းဖော်ပြခဲ့ခြင်းဖြစ်ပါသည်။ ယခုမိမိတို့နိုင်ငံတွင် လူ့အသက်ပေါင်းများစွာနှင့် ပစ္စည်းတန်ဖိုး ကျပ်သန်းပေါင်းများစွာ ပျက်စီးဆုံးရှုံးခဲ့ရခြင်းသည် မည်သူတို့တွင် တာဝန်ရှိပါသနည်း" ဆိုသော မေးခွန်းပေါ်ပေါက်လာပါသည်။ (၁) စာရေးသူတို့ကဲ့သို့ ဆောက်လုပ်ရေးနှင့်ပတ်သက်သော ဗိသုကာပညာရှင်များနှင့် အင်ဂျင်နီယာများတွင် တာဝန်ရှိပါသလား၊ (၂) Condominium အဆောက်အအုံကြီးများ၊ Hotel အဆောက်အအုံကြီးများ၏ ပိုင်ရှင်သူဌေးကြီးများတွင် တာဝန်ရှိပါသလား၊ (၃) အထက်တွင်တင်ပြသော ကျွမ်းကျင်ပညာရှင်များကို သင့်လျော်သော အခကြေးငွေပေး၍ ကျွမ်းကျင်လုပ်သားများနှင့် စနစ်တကျ တည်ဆောက်ခဲ့ကြပါသလား ဟူသော မေးခွန်းများပေါ်ပေါက်လာပါသည်။

**ကျွမ်းကျင်ပညာရှင်များဘက်မှတင်ပြခြင်း**

မိမိတို့မြန်မာဗိသုကာနှင့် အင်ဂျင်နီယာများက ၁၉၉၉ ခုနှစ်ကပင် Myanmar Earthquake Committee (MEC) ဟုခေါ်သော "မြန်မာနိုင်ငံငလျင်ကော်မတီ"ကို ဖွဲ့စည်းခဲ့ပါသည်။ ထိုကော်မတီ၏ ပထမဆုံးဥက္ကဋ္ဌမှာ ပါမောက္ခ ဦးညီလှငယ်ဖြစ်ပြီး ထို့နောက် ပါမောက္ခဒေါက်တာအောင်ကျော်မြတ် စသည်ဖြင့် ဆက်လက်လုပ်ကိုင်လျက်ရှိပါသည်။

ထိုကော်မတီသည် မြန်မာတစ်နိုင်ငံလုံးအတွက် အဆောက်အအုံများဆောက်လျှင် မည်သည့်နေရာတွင် မည်မျှသောအင်အားဖြင့် မြေငလျင်သက်ရောက်နိုင်မည်ကို ဖော်ပြသော မြေပုံများနှင့် ဘာသာရပ်ဆိုင်ရာ စာပေများကို ထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။ စာရေးသူတွင်ရှိသော ထိုအဖွဲ့မှထုတ်သော အစီရင်ခံစာများသည် ၂၀၁၁ ဇွန်လထုတ် Seismic Sources in Myanmar ၊ ၂၀၁၂ မတ်လထုတ် Seismic Hazard Assessment for Myanmar တို့တွင် မြန်မာပြည်တစ်ပြည်လုံး နေရာများအတွက် ကျရောက်နိုင်မည့် မြေငလျင်အင်အားများကို ဖော်ပြခဲ့ပြီးဖြစ်သည်။ ထိုစာပေတို့သည် အထူးကျွမ်းကျင် အင်ဂျင်နီယာများအတွက် အဆောက်အအုံဒီဇိုင်း ရေးဆွဲသည့်အခါ တွက်ချက်ရန်အခြေခံများဖြစ်သည်။ ထို့ပြင် ကျွမ်းကျင်ပညာရှင်များက ဆောက်လုပ်ရန်ပုံစံများ ရေးသားတွက်ချက်သည့်အခါ တူညီသောအခြေခံများရှိစေရန် Myanmar National Building Codes ကို ၂၀၁၂ ခုနှစ်မှစ၍ ရေးသားထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။

**ရန်ကုန်မြို့တွင်ကိုယ်တိုင်အတွေ့အကြုံများ**

အထက်တွင် စာရေးသူက စနစ်တကျပုံစံရေးဆွဲခြင်း၊ ဆောက်လုပ်ခြင်းဆိုသည်မှာ အထူးကျွမ်းကျင်ပညာရှင်များနှင့် ကျွမ်းကျင်လုပ်သားများဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်ဟု ဖော်ပြခဲ့ပါသည်။ ထိုသည်ကို အရေးပေးတင်ပြရသည့်အကြောင်းမှာ အဆောက်အအုံတစ်ခုသည် လူပေါင်းများစွာ၏ အသက်နှင့် အိုးအိမ် ဥစ္စာပစ္စည်းများနှင့်ပတ်သက်လျက်ရှိပြီး 'လူသာလျှင်ပဓာန' ဆိုသည့် ခံယူချက်အတိုင်း လူ့အသက်သည် တန်ဖိုးမဖြတ်နိုင်သောကြောင့် ဖြစ်ပါသည်။ သို့သော် စာရေးသူ ရန်ကုန်မြို့တွင် ကြုံတွေ့ခဲ့သည်များမှာ အဆောက်အအုံများပြိုလဲခြင်း၊ လူများသေကျေပျက်စီးခြင်းများသည် ဆောက်လုပ်ရေးပစ္စည်းများကို မမှန်မကန်လျှော့၍ သုံးခြင်းများနှင့် တတ်ကျွမ်းသူများနှင့် မဆောက်လုပ်ကြသောကြောင့် ဖြစ်ပါသည်။

ရန်ကုန်မြို့ရှိ များစွာသောကန်ထရိုက်တိုက်များတွင် မီးသတ်ရဲဘော်များ တက်နိုင်ရန် Emergency stairs လှေကားများမရှိခြင်း၊ ရှိလျှင်လည်း ထိုလှေကားများသည် ရှုံး-အပြသာ တည်ဆောက်ထားပြီး လူတက်လျှင်ကျိုးကျခြင်းများနှင့်လည်း ကြုံဖူးပါသည်။ လူတို့ကျန်းမာစွာနေထိုင်သင့်သော ပတ်ဝန်းကျင်ဖြစ်ပေါ်ရေးနှင့်ပတ်သက်လျှင်လည်း ရန်ကုန်မြို့၏ ကန်ထရိုက်တိုက်များစွာ၌ အိပ်ခန်းများတွင် ပြတင်းပေါက်မရှိကြပေ။ အချို့သူတို့သည် ငွေကြေးမတတ်နိုင်၍ အခန်းကျဉ်းတွင် နေကြရသည်ကို နားလည်ကြရမည်ဖြစ်သော်လည်း ကန်ထရိုက်များသည် ကျန်းမာရေးနှင့်မညီညွတ်သောတိုက်ခန်းများ မဆောက်လုပ်သင့်ပေ။

ရန်ကုန်မြို့တွင် ခိုင်ခံ့မှုမရှိသော၊ လူသားမဆန်သော၊ ကျန်းမာရေးနှင့်မကိုက်ညီသော တိုက်များပေါ်ပေါက်ခြင်းသည် ဆောက်လုပ်ကြသော ကန်ထရိုက်များက အမြတ်အစွန်းကိုသာ အဓိထားကြသောကြောင့်ဖြစ်သည်။ ကိုယ်တိုင်ကြုံတွေ့ခဲ့သည်မှာ များစွာသော ကန်ထရိုက်များသည် တတ်သိနားလည်သော ပညာရှင်များမပါဝင်ဘဲ တည်ဆောက်ကြသည်။ ကွန်ကရစ်အချိုး၊ သံပမာဏစသည်တို့ကို မမှန်မကန်ဆောက်လုပ်ကြသည့်အပြင် လမ်းအကျယ်မမှန်၊ ရေနုတ်မြောင်း၊ အမှိုက်စွန့်ပစ်ရန်စနစ်မရှိ ဆောက်လုပ်ကြသဖြင့် လူသားမဆန်သောတိုက်ခန်းများနှင့် လူ့ပတ်ဝန်းကျင်များ ပေါ်ပေါက်လာသည်။ ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့်ပတ်သက်လျှင်လည်း မှန်ကန်သော အဖိုးအခကိုပေးပါမည်ဟု ကတိပေးပြီးမှ ပုံစံရလျှင် ရှောင်တိမ်းသွားသော သူဌေးကြီးများနှင့်လည်း စာရေးသူ အကြိမ်များစွာကြုံဖူးပါသည်။

> ❝ ၂၀၁၂ ခုနှစ်ခန့်တွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်း မြောက်ဘက်ခြမ်းရှိ ယခင်မီးရထားရုံးချုပ်နေရာတွင် အဆောက်အအုံများတည်ဆောက်ရန် နိုင်ငံခြားမှရေးဆွဲလာသောပုံစံအတည်ပြုရန် တင်ပြလာခဲ့သည်။ ပုံစံမှာ အထပ်မြင့်အဆောက်အအုံများဖြစ်သည်။ မိမိတို့ပညာရှင်အဖွဲ့က ထိုနေရာသည် မြန်မာတို့၏ အထွတ်အထိပ်ဖြစ်သော ရွှေတိဂုံစေတီတော်နှင့်နီးကပ်သောကြောင့် စေတီတော်၏ပုံရိပ်ကို လွှမ်းမိုးမည်ဖြစ်၍ အထပ်များလျှော့စေခဲ့သည်။ ရန်ကုန်၊ မန္တလေး စသည့် မြန်မာ့မြို့များသည် မိမိတို့ယဉ်ကျေးမှုအရ မြန်မာတို့၏ ကြန်အင်လက္ခဏာရှိသည်။ ဤသည်မှာ လူမျိုးကြီးစိတ်ဓာတ်မဟုတ်ပါဘဲ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းခြင်းသာဖြစ် ❞

**နိုင်ငံခြားကိုအထင်ကြီးကြခြင်း**

မိမိတို့နိုင်ငံရှိ အချို့သောသူတို့သည် နိုင်ငံခြားမှဆိုလျှင် အထင်ကြီးစိတ်များရှိကြသည်။ စာရေးသူကြုံဖူးသည့် ကန်ထရိုက်တစ်ဦးက နိုင်ငံခြားမှဆွဲခဲ့သော အိမ်ပုံစံတစ်ပုံကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဆောက်လုပ်ခွင့်ကို ပယ်ချခံခဲ့ရသဖြင့် မိမိကအနည်းငယ်ပြင်ဆင်၍ လက်မှတ်ထိုးပေးပါရန် ပြောဆိုလာပါသည်။ မိမိလည်း မိတ်ဆွေဖြစ်သဖြင့် ထိုနိုင်ငံခြားမှဆွဲလာသောပုံကို လေ့လာကြည့်ရာ Condominium လူနေရန်တိုက်ခန်းများဖြစ်ပြီး ရှိသောမြေအကျယ်အတွင်း တိုက်ခန်းပေါင်းများစွာရရှိရေးကိုသာ ဦးစားပေးထားကာ တိုက်ခန်းများတွင် ပြတင်းပေါက်များပင် မပါသည်ကို တွေ့ရပါသည်။ ထို့ကြောင့် ရန်ကုန်မြို့တော်စည်ပင်မှခွင့်မပြုခဲ့သည်ကို သူကမသိပါဘဲ နိုင်ငံခြားမှဆွဲလျှင်ကောင်းရမည်ဟု ယူဆခဲ့ဟန်တူပေသည်။

အခြားသော အတွေ့အကြုံတစ်ရပ်မှာ ရန်ကုန်မြို့လယ်ကောင်တွင် နိုင်ငံခြားမှပုံစံရေးဆွဲပြီး နိုင်ငံခြားကုမ္ပဏီက ကြီးကြပ်ဆောက်လုပ်သော စီမံကိန်းဖြစ်သည်။ ဆောက်လုပ်ခဲ့သော အထပ်မြင့်အဆောက်အအုံသည် အနီးအနားပတ်လည်တွင် အဆောက်အအုံဟောင်းများရှိသဖြင့် Driven pile ခေါ် အပေါ်မှ အလေးချိန်နှင့် ရိုက်သွင်းရသောပိုင်အသုံးပြုရန် မသင့်လျော်သော်လည်း ထိုနည်းကိုအသုံးပြုခဲ့သောကြောင့် အနီးအနားအဆောက်အအုံများ ကွဲအက်ခဲ့သည်။ ထိုပျက်စီးခဲ့သော အချို့သောအဆောက်အအုံတို့တွင် ထိန်းသိမ်းသင့်သော ရှေးအဆောက်အအုံတို့လည်း ပါဝင်သည်။

နိုင်ငံခြားပညာရှင်များကိုသာ အားကိုးခြင်းနှင့်ပတ်သက်၍ အခြားအတွေ့အကြုံမှာ ၂၀၁၂ ခုနှစ်ခန့်တွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်း မြောက်ဘက်ခြမ်းရှိ ယခင်မီးရထားရုံးချုပ်နေရာတွင် အဆောက်အအုံများတည်ဆောက်ရန် နိုင်ငံခြားမှရေးဆွဲလာသောပုံစံအတည်ပြုရန် တင်ပြလာခဲ့သည်။ ပုံစံမှာ အထပ်မြင့် အဆောက်အအုံများဖြစ်သည်။ ထိုစဉ်က မြို့တော်ဝန် ဦးလှမြင့်လက်ထက်ဖြစ်ပြီး ပညာရှင်အဖွဲ့ရှိခဲ့သည်။ မိမိတို့ပညာရှင်အဖွဲ့က ထိုနေရာသည် မြန်မာတို့၏ အထွတ်အထိပ်ဖြစ်သော ရွှေတိဂုံစေတီတော်နှင့် နီးကပ်သောကြောင့် စေတီတော်၏ပုံရိပ်ကို လွှမ်းမိုးမည်ဖြစ်၍ အထပ်များလျှော့စေခဲ့သည်။ ရန်ကုန်၊ မန္တလေး စသည့် မြန်မာ့မြို့များသည် မိမိတို့ယဉ်ကျေးမှုအရ မြန်မာတို့၏ ကြန်အင်လက္ခဏာရှိသည်။ ဤသည်မှာ လူမျိုးကြီးစိတ်ဓာတ်မဟုတ်ပါဘဲ ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းခြင်းသာဖြစ်သည်။ ထိုအချက်များသည် ဗိသုကာပညာသင်တက္ကသိုလ်များတွင် သင်ကြားခဲ့ရသည်။ ထိုအခြေခံကိုပင် နားမလည်သောဗိသုကာပညာရှင်သည် မိမိတို့နိုင်ငံ၏ ဗိသုကာကောင်စီတွင် လိုင်စင်မရနိုင်ပါ။ ယခု ၂၀၂၅ ခုနှစ်အတွင်း မြေငလျင်ကြီးဖြစ်ပွားရာ မိမိတို့အိမ်နီးချင်းနိုင်ငံများတွင်လည်း အထပ်မြင့်အဆောက်အအုံများ ပြိုလဲကျသည်။ ယင်းသည်လည်း တတ်သိနားလည်သော ပညာရှင်များနှင့် စနစ်တကျမဆောက်လုပ်ခဲ့ကြသောကြောင့်ဖြစ်သည်။ ထိုသည်ကိုအခြေခံ၍ 'နိုင်ငံခြားအထင်ကြီးသူများ' သင်ခန်းစာရမည်ဟု စာရေးသူဆန္ဒပြုအပ်ပါသည်။

**၂၀၂၅ ငလျင်ဒဏ်ခံခဲ့ရသောမြို့ရွာများတွင် ပြိုပျက်ခဲ့ရသော အကြောင်းများ**

ယခုလှုပ်ခဲ့သော မတ်လ ၂၀၂၅ ခုနှစ် ငလျင်နှင့်ပတ်သက်၍ ပြိုပျက်ခဲ့သော အဓိကအကြောင်းများကို အောက်ပါအတိုင်းခြုံ၍ လေးမျိုးခွဲခြားနိုင်ပါသည်။

(၁) **Soil Failure အောက်ခံမြေကြီးသည် ဖိအားနှင့်တွန်းအားများကို မခံနိုင်ခြင်း။** အဆောက်အအုံ၏ အလေးချိန်ကို ထမ်းရသော မြေလွှာသည် သာမန်အချိန်များတွင် ထမ်းနိုင်သော်လည်း ငလျင်လှုပ်လျှင်သော်လည်းကောင်း၊ အခြားအကြောင်းတစ်ခုခုကြောင့် လှုပ်ရှားမှုရှိလျှင်သော်လည်းကောင်း ပြိုကျပျက်စီးခြင်းဖြစ်သည်။ မန္တလေးမြို့တွင် မြေကြီးအောက်သို့ အဆင့်ဆင့်အထပ်လိုက်ဝင်သွားရသော အဆောက်အအုံများသည် ထိုအားနည်းချက်ကြောင့်ဖြစ်သည်။ Soil Bearing Capacity ခေါ်မြေကြီးထမ်းအားကို ကြိုတင်မစမ်းသပ်ခြင်း၊ ကျွမ်းကျင်ပညာရှင်များကိုလည်း မတွက်ချက်စေခြင်းတို့ကြောင့်ဖြစ်သည်။

(၂) **Weak Structural Members အလေးကိုထမ်းရသော အစိတ်အပိုင်းများဖြစ်သော တိုင်များ၊ ထုပ်တန်းများစသည်တို့ အားနည်းခြင်း။** မန္တလေးမြို့ရှိ Sky Villa Codominium နှင့် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ ၃၃ ထပ်အဆောက်အအုံတို့သည် ထိုအားနည်းချက်ကြောင့်ဖြစ်သည်။ Sky Villa Codominium ၏ မြေညီထပ်တိုင်များသည် ၁၅ လက်မပတ်လည်သာရှိသည်။ စာရေးသူမတွက်ချက်ဘဲ ခန့်မှန်းသည်ပင် လက်မ ၃၀ ပတ်လည်ခန့်ရှိသင့်သည်။ အရွယ်လေးဆခန့်သေးလျက်ရှိသည်။ ထိုသည်လည်း ကျွမ်းကျင်ပညာရှင်များကို မတွက်ချက်စေဘဲ ငွေအမြတ်အစွန်းရရှိရေးကိုသာ အဓိကထားသောကြောင့်ဖြစ်သည်။

(၃) **Incorrect Foundation Systems အုတ်မြစ်စနစ်မှားယွင်းခြင်း။** အုတ်မြစ်စနစ်များတွင် Pile Foundation, Raft Foundation, Box Foundation စသည်ဖြင့် စနစ်များရှိသည်။ မည်သို့သောအခြေအနေတွင် မည်သို့သောစနစ်ကို အသုံးချရမည်ကို ကျွမ်းကျင်ပညာရှင်များကသာ စုပေါင်းတိုင်ပင်တွက်ချက်ရမည်ဖြစ်သည်။

(၄) **Incorrect Structural Systems ခိုင်ခံ့ရန် တည်ဆောက်မှုစနစ်များယွင်းခြင်း။** မြန်မာနိုင်ငံရှိဆောက်လုပ်ရေးစနစ်များတွင် (က) Timber Structure သစ်သားဖြင့်ဆောက်လုပ်ခြင်း၊ (ခ) Load Bearing Structure အုတ်နံရံကို အခြေပြုဆောက်လုပ်သောစနစ်၊ (ဂ) Brick Nogging System သစ်နှင့် အုတ်ညှပ်ဆောက်လုပ်သောစနစ်၊ (ဃ) Reinforced Concrete Frame Structure သံကူကွန်ကရစ်စနစ်၊ (င) သံဖရိန်စနစ် Steel Frame Structure ဟူ၍ စနစ်များရှိကြပါသည်။ ထိုစနစ်များ ရွေးချယ်မှုမှားယွင်းခြင်းကြောင့် ပြိုပျက်ရခြင်းများရှိပါသည်။

ယခုငလျင်တွင် စာရေးသူအခံစားရဆုံး ဖြစ်ရပ်သည် **'ဘုန်းတော်ကြီးကျောင်းများ ပြိုပျက်ခြင်းတွင် သံဃာတော်များ အသက်ဆုံးရှုံးရခြင်း'** ဖြစ်သည်။ မန္တလေး၊ စစ်ကိုင်း၊ အင်းဝရှိ ဘုန်းတော်ကြီးကျောင်းများသည် အုတ်နံရံကိုအခြေပြုဆောက်လုပ်သောစနစ်(Load Bearing Structure) ဖြင့် တည်ဆောက်ကြခြင်းဖြစ်သည်။ ထိုအုတ်နံရံကိုအခြေပြုဆောက်လုပ်သော စနစ်သည် မြေငလျင်စိုးရိမ်ရသောမြို့ရွာများတွင် ၂-၃ ထပ်အထက်ပို၍မဆောက်သင့်ပေ။ အဆောက်အအုံတစ်ခုသည် ပုံမှန်အချိန်တွင် Horizontal Force ခေါ် ဘေးမှတွန်းအားသည် အလွန်နည်းပြီး Vertical Pressure ခေါ် အပေါ်မှဖိအားသည်များပါသည်။ သို့သော် ငလျင်လှုပ်သည့်အခါတွင် Horizontal Forces ဘေးမှတွန်းအားများပေါ်ပေါက်လာပါသည်။ အုတ်နံရံများသည် ဘေးတွန်းအားကို များစွာမခံနိုင်ပါ။ ထို့ကြောင့် ယခုငလျင်တွင် မစိုးရိမ်ကျောင်းကဲ့သို့သော အုတ်တိုက်အဆောက်အအုံကြီးများသည် စက္ကန့်အနည်းငယ်အတွင်း ပြိုပျက်ကြပါသည်။

**အကျဉ်းချုံးအဆိုပြုချက်များ**

**Tripartite ခေါ်သုံးပွင့်ဆိုင်စနစ်**

ဤဆောင်းပါးမှ အချက်အားလုံးတို့ကို ချုံ၍တင်ပြရပါလျှင်

(၁) မိမိတို့ပတ်ဝန်းကျင်၊ မိမိတို့မြို့ရွာများသည် မိမိတို့၏ဘဝ၊ မိမိတို့၏ ယဉ်ကျေးမှုအဆင့်အတန်းကို ဖော်ထုတ်လျက်ရှိသည်။ မိမိတို့တွင် စက်မှုနည်းပညာမှာ များစွာမမြင့်မားသေးသော်လည်း မိမိတို့သည် ယဉ်ကျေးသောသူများဖြစ်သည်။ မိမိတို့ယဉ်ကျေးမှုအရ ဘုရားစေတီပုထိုးများအပေါ် အထပ်မြင့်အဆောက်အအုံများဖြင့် လွှမ်းမိုးခြင်းသည် မဖြစ်အပ်ပေ။

(၂) မိမိတို့အဆောက်အအုံများ ဆောက်လုပ်ကြလျှင် လူတို့၏ အသက်၊ ပစ္စည်းဥစ္စာတို့ လုံခြုံရမည့်အပြင် နေထိုင်အသုံးချသူများ၏ ကျန်းမာရေးနှင့်လည်း ကိုက်ညီရပါမည်။

(၃) ထိုသည်တို့ကို ဖြည့်ဆည်းရန်မှာ Tripartite ခေါ် သုံးဖက်သုံးပွင့်ဆိုင်စနစ်ဖြစ်သည်။ ထိုသည်မှာ (၁) ပိုင်ရှင်၊ ရင်းနှီးမြှုပ်နှံသူ (Developers)၊ (၂) ဗိသုကာနှင့် အင်ဂျင်နီယာပညာရှင်များ (Architects and Engineering Consultants)၊ (၃) ဆောက်လုပ်သူကန်ထရိုက်တာများ Construction companies တို့သည် သုံးဦးသုံးဖက်စုပေါင်းဆောင်ရွက်သင့်ကြပါသည်။ ရင်းနှီးမြှုပ်နှံသူများနှင့် ဆောက်လုပ်သူကန်ထရိုက်တာများသည် သီးခြားအဖွဲ့အစည်းများ ဖြစ်သင့်ပါသည်။ ယခု မန္တလေး၊ စစ်ကိုင်းနှင့် အချို့မြို့တို့တွင် လူများသေပျောက်၊ ပစ္စည်းများ ပျက်စီးဆုံးရှုံးခြင်းသည် တတ်ကျွမ်းနားလည်သော ပညာရှင်တို့ကို အသုံးမပြုခဲ့သောကြောင့် ဖြစ်သည်ကို သက်သေခံလျက်ရှိသည်။ ။

# သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၁၂**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ် (၃၁) အစည်းအဝေးခန်းမ(အပေါ်ထပ်)၌ ကျင်းပရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး ဦးအေးထွန်း၊ ဒုတိယဝန်ကြီးဒေါ်နုမြဖံ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က မတ် ၂၈ ရက်တွင် မြေငလျင်လှုပ်ခတ်မှုကြောင့် ဘုန်းကြီးကျောင်း၊သီလရှင်ကျောင်း၊သာသနိက အဆောက်အအုံများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ ရှေးဟောင်း အဆောက်အအုံများ၊ ရုံးအဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများနှင့် ဝန်ထမ်းမိသားစုများ ထိခိုက်ပျက်စီးမှုရှိခဲ့ကြောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဝန်ထမ်းအချို့တိုက်များနှင့် ဝန်ထမ်းမိသားစုအချို့လည်း ထိခိုက်ပျက်စီးမှုများ ရှိခဲ့ကြောင်း။

မိမိတို့သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနေဖြင့် နေထိုင်ရန်မသင့်၊ အန္တရာယ်ရှိသည့် တိုက် ၄၃ လုံး၊ အဆောင်ငါးဆောင်၊ ပြန်လည်ပြုပြင်ပါက နေထိုင်နိုင်သည့် တိုက်အလုံး၂၀၊ အဆောင် ၂၂ ဆောင်နှင့် အနည်းငယ်သာပျက်စီးပြီး လက်ရှိနေထိုင်နိုင်သည့် တိုက်လေးလုံးရှိကြောင်း၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များက ငလျင်ဒဏ်သင့် ဝန်ထမ်းအိမ်ရာများသို့ သွားရောက်ကြည့်ရှု အားပေးစကားပြောကြားပြီး ဆေးရုံတက်ရောက်ဒဏ်ရာရသူများနှင့် ဝန်ထမ်းများအတွက် ထောက်ပံ့ငွေ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်၊ ရေသန့်ဘူး၊ မုန့်နှင့် အခြားစားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း၊ Solar နှင့် အားသွင်းစက်၊ Inverter သုံးစုံကိုလည်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း။

ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ထိခိုက်မှုမရှိစေရန်အတွက် ရှေ့မြက်ခင်းပြင်ပေါ်တွင် ယာယီရုံးဖွင့်လှစ်ပြီး ရုံးလုပ်ငန်းများကို အရှိန်အဟုန်မပြတ်ဆောင်ရွက်ခဲ့ကြောင်း၊ ဝန်ထမ်းအိမ်ရာများထိခိုက်ပျက်စီးမှုရှိသည့်အတွက် ငလျင်ဒဏ်သင့်ဝန်ထမ်းများကို ဘေးကင်းလုံခြုံသည့်နေရာများသို့ ပြောင်းရွှေ့ပေးနိုင်ခဲ့ကြောင်း။

ယာယီရွှေ့ပြောင်းနေထိုင်သည့် နေရာများသို့ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး ဝန်ထမ်းတစ်ဦးလျှင် ငွေကျပ်တစ်သိန်း၊ ဆန်ခြောက်ပြည်၊ ဆီတစ်ပိဿာနှင့် အခြားစားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း၊ ယခုမန္တလေးငလျင်ကြီးကြောင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ဘုရားစေတီ ၅၄၀၂ ဆူ၊ ဘုန်းကြီးကျောင်း ၃၈၄၁ ကျောင်း၊ သီလရှင်ကျောင်း ၁၈၇ ကျောင်းပျက်စီးဆုံးရှုံးခဲ့ပြီး ရဟန်း ၁၅၉ ပါး၊ သီလရှင် ၅၅ ပါးပျံလွန်တော်မူကာ ရဟန်း ၁၂၄ ပါး၊ သီလရှင် ၅၃ ပါး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ရဟန်းသုံးပါးပျောက်ဆုံးလျက်ရှိကြောင်း၊ အခြားဘာသာများအနေဖြင့် ခရစ်ယာန်ဘုရားကျောင်း ၅၀၊ဗလီ ၁၃၆ လုံး၊ဟိန္ဒူဘုရားကျောင်း ၂၆ ကျောင်း၊ ဘုံကျောင်းတစ်ကျောင်း ပျက်စီးဆုံးရှုံးခဲ့ပြီး ခရစ်ယာန်ဘာသာဝင်ကိုးဦး၊ အစ္စလာမ်ဘာသာဝင် ၆၇၃ ဦး၊ ဟိန္ဒူ ဘာသာဝင် ၁၆ ဦး သေဆုံးခဲ့ကာ ခရစ်ယာန်ဘာသာဝင်သုံးဦး၊ အစ္စလာမ်ဘာသာဝင် ၄၁၈ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကာ အစ္စလာမ်ဘာသာဝင် ၆၃ ဦးပျောက်ဆုံးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအေးထွန်းက အဆောက်အအုံများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီ အစည်းအဝေးတက်ရောက်ခဲ့သည့် အခြေအနေများနှင့် ငလျင်ဒဏ်သင့်အဆောက်အအုံများ၏ အရောင်သတ်မှတ်မှုများနှင့် ဒုတိယဝန်ကြီးဒေါ်နုမြဖံက ငလျင်ဒဏ်သင့်အဆောက်အအုံများ ပြန်လည်တည်ဆောက်ရာတွင် ရုံးပတ်ဝန်းကျင်အနီးရှိ သင့်လျော်သည့် မြေနေရာတွင် ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများ ပြန်လည်တည်ဆောက်နိုင်ရေး အခြေအနေများကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ဆပ်ကော်မတီအသီးသီးတို့က အစားအသောက်နှင့် ထောက်ပံ့ပစ္စည်းများ ဖြန့်ဝေမှု၊ ဝန်ထမ်းမိသားစုများ ရွှေ့ပြောင်းပေးမှု၊ သောက်သုံးရေရရှိရေး၊ ရုံးအဆောက်အအုံများနှင့် အိမ်ရာပျက်စီးဆုံးရှုံးမှုစာရင်းပြုစုထားရှိမှု၊ ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများ၊ အခြားဘာသာရေး အဆောက်အအုံများနှင့် ရှေးဟောင်းအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုစာရင်းပြုစုထားရှိမှုကို ဝိုင်းဝန်းဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်းသိရသည်။ **သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီးဦးချစ်ဆွေ ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းများအတွက် ယာယီအဆောက်အအုံများ တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၂**

အလုပ်သမား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေသည် ဒုတိယဝန်ကြီး ဦးဝင်းရှိန်နှင့် တာဝန်ရှိသူများနှင့်အတူ ငလျင်ဒဏ်ကြောင့် နေအိမ်အဆောက်အအုံများ ထိခိုက်ပျက်စီးသွားသည့် ဝန်ထမ်းများ ယာယီနေထိုင်နိုင်ရေး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စိုက်ပျိုးရေးခြံအတွင်းယာယီအဆောက်အအုံများတည်ဆောက်နေမှုတို့ကို ယနေ့နံနက်ပိုင်းတွင် လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ငလျင်ဒဏ်သင့် ဝန်ထမ်းများ နေထိုင်နိုင်ရေးအတွက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ စိုက်ပျိုးရေးခြံအတွင်း လေးခန်းတွဲ ယာယီအဆောက်အအုံ အလုံ ၃၀ ဆောက်လုပ်နေမှု၊ ပုဗ္ဗသီရိမြို့နယ် မြေကွက်လပ်တွင် လေးခန်းတွဲ ၁၂ လုံးဆောက်လုပ်ရန် လျာထားမှု၊ ပုဗ္ဗသီရိမြို့နယ် ပြည်ထောင်စုနယ်မြေရုံးအတွင်း ရှစ်ခန်းတွဲ အဆောက်အအုံခြောက်လုံး တည်ဆောက်ရန် လျာထားမှုတို့ကို လှည့်လည်ကြည့်ရှုကာ ဝန်ထမ်းမိသားစုများ၏ လုံခြုံရေးနှင့် ရေ၊ မီး၊ မိလ္လာစနစ်မှန်ကန်စွာနေရာချထားရေးတို့ကို တာဝန်ခံအရာရှိများအား မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်ရှိ ဝန်ကြီးဌာန၏ ဆရာ/ဒကာကျောင်းများတွင် နေရာချထားသော ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ ဝန်ထမ်းများနှင့် မှီခိုသူမိသားစုဝင်များအား တွေ့ဆုံအားပေးသည်။

ထို့ပြင် ယာယီရုံးခန်းများကို ဝန်ကြီးဌာန မော်တော်ယာဉ်ရပ်နားကွင်း၊ လူမှုဖူလုံရေးအဖွဲ့ရုံးချုပ် ပင်မအဆောက်အအုံဘေးနှင့် အလုပ်သမားရေးရာ ဆက်ဆံရေး ဦးစီးဌာနပိုင် ပြည်ထောင်စုနယ်မြေရုံး အတွင်းတို့တွင် ပြောင်းရွှေ့ဖွင့်လှစ်၍ ပြည်တွင်းပြည်ပတွင်ရှိသော မြန်မာလုပ်သားများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကိစ္စများနှင့် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းခွင်များတွင် ဖြစ်ပေါ်လေ့ရှိသော အခက်အခဲများကို ဝန်ဆောင်မှုများ နေ့စဉ်ဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ငလျင်ဘေးသင့်ဝန်ထမ်းများသို့ အလှူငွေ၊ ဆန်၊ ဆီ၊ မုန့်မျိုးစုံ၊ အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့

**နေပြည်တော် မေ ၁၂**

မတ် ၂၈ ရက်က မန္တလေး ငလျင်ဒဏ်ခံစားခဲ့ရသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနနှင့် ပြန်လည်ထူထောင်ရေး ဦးစီးဌာနတို့မှ ဝန်ထမ်းများအတွက် ရုံးအမှတ် (၂၃) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းမိသားစုနှင့် အလှူရှင်များ ကလှူဒါန်းထားသည့်အလှူငွေကျပ် ၁၄၁၀၀၀၀၀၀ အမျိုးသမီး အသုံးအဆောင်ပစ္စည်း၂၁ မျိုး၊ စားသုံးဆီ၊ ဆန်၊ ဒန်အိုး၊ စတီး ပန်းကန်၊ စတီးဇွန်း၊ ရေဇလုံ၊ မုန့်မျိုးစုံ၊ ခေါက်ဆွဲခြောက်ထုပ်နှင့် ရေသန့်ကတ်များ ပေးအပ်ခြင်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၌ ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးရုံးနှင့် ဦးစီးဌာနသုံးခုတို့မှ တာဝန်ရှိသူများသို့ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ငလျင်ဒဏ်ကြောင့် အသက်ဆုံးရှုံးခဲ့ရသည့် မိသားစုဝင်များနှင့် ငလျင်ဘေးသင့်ဝန်ထမ်းမိသားစုများကို နှစ်သိမ့်အားပေးစကားပြောကြားခဲ့ပြီး ဝန်ထမ်းများအတွက် ရှေ့ဆက်ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# မန္တလေးငလျင်ကြီးကြောင့် လယ်ယာကဏ္ဍ၌ ထိခိုက်ခဲ့မှုများ စိုက်ပျိုးရာသီချိန်အမီ ပြန်လည်ပြုပြင်မွမ်းမံခြင်းများ ဆောင်ရွက်လျက်ရှိ



**နေပြည်တော် ဧပြီ ၁၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဧပြီ ၁၁ ရက် နံနက်ပိုင်းတွင် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဦးစီးဌာနရုံးများနှင့် ဌာနပိုင် အဆောက်အအုံများ၊ ဝန်ထမ်းနေအိမ်များကို အဖွဲ့များခွဲ၍ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အပျက်အစီးများ ဖယ်ရှားရှင်းလင်းရေးနှင့် မွမ်းမံပြင်ဆင်ခြင်း၊ အသစ်ပြန်လည်ဆောက်လုပ်ခြင်း လုပ်ငန်းများကို ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းများနှင့်အညီ ဖြစ်စေရေး စိစစ်တင်ပြကြရန်နှင့် အရေးပေါ်ပြင်ဆင်ရမည့် ဝန်ထမ်းနေအိမ်များကို သက်ဆိုင်ရာရုံးချုပ်များ၏ အတည်ပြုချက်ဖြင့် ကြိုတင်ပြင်ဆင်နိုင်ရေးစီမံရန် ဆွေးနွေးမှာကြားသည်။

**ထောက်ပံ့ငွေများပေးအပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ခံစားခဲ့ရသည့် စစ်ကိုင်းခရိုင်နှင့် စစ်ကိုင်းမြို့နယ်မှ ဝန်ထမ်း ၃၁၆ ဦးအား စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးရုံးဝင်း၌ သွားရောက်အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့်ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ကျောက်ဆည်မြို့နယ် အင်းကုန်းရှိ စက်မှုလယ်ယာဦးစီးဌာန လယ်ယာသုံးစက်ကိရိယာစက်ရုံသို့ရောက်ရှိပြီး ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားကာ စက်ရုံမှစမ်းသပ်ထုတ်လုပ်ထားသည့် လူစီးကောက်စိုက်စက် မောင်းနှင်အသုံးပြုမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုစက်ရုံအနေဖြင့် မန္တလေးငလျင်ကြောင့် သာမန်ထိခိုက်မှုသာရှိခဲ့ကြောင်း သိရသည်။ ထိုမှတစ်ဆင့် ဇော်ဂျီရေသောက်စနစ် ငပြောင်ရေလွှဲဆည် န္တားတက်မြောင်းမကြီး၏ မြောင်းခွဲတလိုင်းမြောင်းရေသောက်တွင် နွေသီးနှံ စိုက်ပျိုးရေပေးဝေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယခုနှစ်နွေစပါးရာသီတွင် တလိုင်းမြောင်းရေသောက်၌ နွေစပါး ခုနစ်ကေနှင့် နွေနှမ်း ၈၈၇ ကေတို့ကို စိုက်ပျိုးရေပေးဝေလျက်ရှိသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝမ်းတွင်းမြို့နယ်ရှိကင်းတားဆည်ရေသောက်စနစ် လက်ဝဲမြောင်းမကြီးရှိ စမုံရေငုတ်ပြွန် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် ဆောင်ရွက်ဆဲ စမုံရေငုတ်ပြွန် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ထိခိုက်ခဲ့မှု၊ မိတ္ထီလာလွင်ပြင် လျှပ်စစ်ရေတင်စီမံကိန်းတွင် နွေစပါးဧက ၁၈၀ အပါအဝင် စုစုပေါင်းနွေသီးနှံ ၆၄၈ ဧကအား ဆက်လက်ရေပေးဝေနိုင်ရန်နှင့် လာမည့်မိုးစပါးရာသီတွင် စပါးစိုက်ဧက ၄၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်ရန်အတွက် စက်မှု၊ လျှပ်စစ်နှင့် မြို့ပြလုပ်ငန်း ၂၉ ခုကို ပြုပြင်ဆောင်ရွက်ရန် လိုအပ်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ရာသီချိန်အမီ လုပ်ငန်းများပြီးစီးရေးအတွက် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြဆောင်ရွက်ရေး၊ ကြိုတင်လုပ်ဆောင်ရမည့် လုပ်ငန်းများကို ပြည်ထောင်စုဝန်ကြီးရုံး၏ အတည်ပြုချက်ရယူဆောင်ရွက်ရေး၊ ရေသောက်ဧရိယာအတွင်း စိုက်ပျိုးပြီးဖြစ်သည့် နွေသီးနှံများ ထိခိုက်ပျက်စီးမှုမရှိစေရေးအတွက် ရေပေးမြောင်းများမှ ပြန်လည်ရေပေးဝေနိုင်ချိန်အထိ ဖြစ်နိုင်သမျှ ရေရရှိရေးနည်းလမ်းများဖြင့် စိုက်ပျိုးရေစီမံဆောင်ရွက်ပေးရန် ဆွေးနွေးမှာကြားသည်။

ဇော်ဂျီရေသောက်စနစ်တွင် နွေသီးနှံ ၆၁၉၄၄ ဧက ကို စိုက်ပျိုးရေ လျှာထားပေးဝေ လျက်ရှိရာ မန္တလေးငလျင်ကြီးလှုပ်ခတ်ပြီးနောက် ရေသောက်စနစ် ထိခိုက်ပျက်စီးခဲ့မှုများကို ပြုပြင်မွမ်းမံနေစဉ်ကာလ၌ နွေသီးနှံများ ပျက်စီးဆုံးရှုံးမှု မရှိစေရန် ဌာနပိုင် ဒီဇယ်အင်ဂျင်များ၊ ဆိုလာပန့်များဖြင့် ဖြည့်စွက်ရေပေးသွင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဆည်ရေသောက်ဧရိယာများတွင် နွေစပါးအဓိက စိုက်ပျိုးနိုင်ရေး တွန်းအားပေးဆောင်ရွက်ရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ညနေပိုင်းတွင် မိတ္ထီလာကန်(တောင်ကန်)သို့ ရောက်ရှိပြီး မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် ကန်ပေါင်ထိခိုက်ခဲ့မှုနှင့် ပြုပြင်တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ပေးခဲ့ပြီး မိုးရွာသွန်းမှုဖြစ်ပေါ်လာပါက ကန်ပေါင်ထိခိုက်ပျက်စီးမှုမရှိစေရေး ကြိုတင်စီမံထားရမည့် နည်းလမ်းများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး မန္တလေးငလျင်ဒဏ်ခံစားခဲ့ရသည့် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဝန်ထမ်းများအား ထောက်ပံ့ငွေ၊ စားသောက်ဖွယ်ရာနှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့

**နေပြည်တော် ဧပြီ ၁၂**

ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးသည် ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများနှင့်အတူ ဧပြီ ၁၀ ရက်တွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝတ်ရတ်ခန်းမ၌ မန္တလေးငလျင်ကြီး ဒဏ်ခံစားခဲ့ရသည့် နေပြည်တော်ရှိပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများ စားသောက်ရေး အဆင်ပြေစေရေးအတွက် သကြ်န်ထောက်ပံ့ငွေ၊ သောက်ရေသန့်၊ ဆန်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ယမန်နေ့တွင်လည်း ပြည်ထောင်စုစာရင်းစစ်ချုပ်သည် နေပြည်တော်ရှိ ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းများအား စားသောက်ဖွယ်ရာ၊ အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး ငလျင်ဒဏ်သင့် ဝန်ထမ်းမိသားစုများအတွက် ယာယီဝန်ထမ်းအိမ်ရာ ဆောက်လုပ်နေမှုများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၁၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ကျွန်းဦးစံပြကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေ့လျားရေသန့်စင်ကားဖြင့် သောက်သုံးရေဖြန့်ဝေပေးနေမှုကို ကြည့်ရှုအားပေးသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ဒုတိယဝန်ကြီးသည် ရာဂီမုန်တိုင်းဒဏ်ခံခဲ့ရသော ကျွန်းဦးကျေးရွာ၌ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည်ထူထောင်ရေး လုပ်ငန်းကော်မတီ၏ အစီအစဉ်ဖြင့် ပဲကြော်၊ ပဲလှော်လုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေး၊ မိုခိုဝန်ထမ်းများ အလုပ်အကိုင်ရရှိရေး ဆောင်ရွက်ပေးထားသော နန်းလွင်ဦး ပဲလှော်ဖိုလုပ်ငန်းနှင့် ဒေါ်ဇင်မာထိုက်၏ ပဲလှော်ဖိုလုပ်ငန်းများ၊ CB Bank ဥက္ကဋ္ဌ ဦးခင်မောင်အေး၏ လှူဒါန်းငွေဖြင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကတည်ဆောက်ပေးခဲ့သော တန်ဖိုးနည်း ကျေးလက်အိမ်ရာ ၁၈ လုံးနှင့် ငလျင်ဒဏ်ကြောင့် ကျေးရွာဘက်စုံသုံးခန်းမ ထိခိုက်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ပျဉ်းမနားမြို့အတွင်းရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းရိပ်သာသို့ သွားရောက်ပြီး ဝန်ထမ်းများအား တွေ့ဆုံအားပေးကာ ယာယီခြံစည်းရိုး ကာရံထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဇမ္ဗူသီရိမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန တိုင်းဦးစီးမှူးရုံးမြေနေရာ၌ အမှုထမ်းများ ယာယီ နေထိုင်နိုင်ရေးအတွက် လေးခန်းတွဲ တစ်ထပ်အိမ်ရာ ၁၀ လုံး ဆောက်လုပ်နေမှုနှင့် ရေ၊ မီး၊ မိလ္လာလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ အဆိုပါ ဝန်ထမ်းအိမ်ရာ၌ အမှုထမ်း ၈၀ ခန့်အား ဧပြီလကုန်တွင် နေရာချထားပေးနိုင်မည် ဖြစ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနပိုင် မြေနေရာ၌ သမဝါယမဦးစီးဌာနမှ ငလျင်ဒဏ်သင့် အမှုထမ်း ၆၀ နှင့် မိသားစုများ ယာယီနေထိုင်နိုင်ရန် လေးခန်းတွဲ တစ်ထပ် အိမ်ရာ ၂၀၊ အရာထမ်း ၂၀ နှင့် မိသားစုများ ယာယီနေထိုင်နိုင်ရန် နှစ်ခန်းတွဲ တစ်ထပ်အိမ်ရာ ၂၀ တည်ဆောက်မည့်နေရာ၊ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ အမှုထမ်း ၂၈ ဦးနှင့် မိသားစုများ ယာယီနေထိုင်နိုင်ရန် လေးခန်းတွဲ တစ်ထပ်အိမ်ရာ ခုနစ်လုံး၊ အရာထမ်း ၃၂ ဦးနှင့် မိသားစုများ ယာယီနေထိုင်နိုင်ရန် နှစ်ခန်းတွဲ တစ်ထပ် အိမ်ရာ ၁၆ လုံး တည်ဆောက်ရန် ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါအိမ်ရာများကို မေလ ပထမပတ်အတွင်း ပြီးစီးအောင် တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# UMFCCI ၌ Polytechnic Institute ဖွင့်လှစ်ဆောင်ရွက်မည့် ဘာသာရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းရှင်များနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေး

**နေပြည်တော် မေ ၁၂**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် မေ ၁၁ ရက်တွင် ရန်ကုန်မြို့ရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၌ Polytechnic Institute ဖွင့်လှစ်ဆောင်ရွက်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ရာတွင် လက်ရှိ Industry များတွင် ဆောင်ရွက်လျက်ရှိသည့် ကျွမ်းကျင်မှုဆိုင်ရာနည်းပညာများနှင့်ပတ်သက်၍ ကိုက်ညီမှုရှိစေရန် လိုက်လျောညီထွေဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများဖြင့် သင်ကြားနိုင်ရန်နှင့် သက်ဆိုင်ရာလုပ်ငန်းခွင်နယ်ပယ်အလိုက် လိုအပ်ချက်များအပေါ်သိရှိနိုင်ရန်အတွက် ကဏ္ဍအသီးသီးမှ လုပ်ငန်းရှင်များနှင့် အပြန်အလှန်ညှိနှိုင်းဆွေးနွေးသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရန်ကုန်မြို့ တောင်ဒဂုံ စက်မှုဇုန်(၁)ရှိ အိမ်သုံး၊ လုပ်ငန်းသုံး Transformer နှင့် ဆက်စပ်ပစ္စည်းများထုတ်လုပ်လျက်ရှိသည့် Hitachi Soe Electric & Machinery Co.,Ltd. လှိုင်သာယာမြို့နယ် စက်မှုဇုန်(၄)ရှိ သမာဓိဆန်စက်နှင့် Energetic Alliances Petroleum Products Co., Ltd. စက်ရုံများသို့သွားရောက်ခဲ့ပြီး အဆိုပါစက်ရုံများတွင် ဆောင်ရွက်လျက်ရှိသည့် နည်းပညာများအပေါ် အခြေခံ၍ လိုက်လျောညီထွေရှိစေမည့် ကျွမ်းကျင်လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးကာ စက်ရုံများအတွင်း လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည်ယနေ့တွင် ရန်ကုန်နည်းပညာတက္ကသိုလ်သို့ရောက်ရှိခဲ့ပြီး ပျော်ဘေးဒဏ်ဆိုင်ရာ ဆောင်ရွက်သင့်သည့်အချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဘာသာရပ်နယ်ပယ်များမှ ကျွမ်းကျင်ပညာရှင်များနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ရန်ကုန်မြို့တွင် စခန်းဝင်လေ့ကျင့်နေသော အားကစားအဖွဲ့များအား လိုက်လံကြည့်ရှုစစ်ဆေး

**ရန်ကုန် မေ ၁၂**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် မတ်လ ၂၈ ရက်၌ တိုက်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် ရန်ကုန်မြို့သို့ ပြောင်းရွှေ့စခန်းဝင်လေ့ကျင့်ရန် ရောက်ရှိနေသည့် ဘတ်စကက်ဘော၊ ပြေးခုန်ပစ်၊ ဝူရှူး၊ ဘော်လီဘော၊ ရိုးရာခြင်းလုံး၊ ပန်ကြပ်ဆီလပ်၊ ပိုက်ကျော်ခြင်း၊ ဘိလိယက် ပဏာမလက်ရွေးစင် အားကစားအဖွဲ့များ ထားရှိရာ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျိုက္ကဆံကွင်းရှိ အမျိုးသား အမျိုးသမီး လေးထပ်အိပ်ဆောင်သို့ ယမန်နေ့ည ၈ နာရီတွင်ရောက်ရှိပြီး နေထိုင်စားသောက်မှုများ၊ ရေ မီး အဆင်ပြေရရှိစေရေးတို့အား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ပြည်ထောင်စု ဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် ကျိုက္ကဆံကွင်းအတွင်းရှိ Synthetic ပြေးလမ်းပါ ဘောလုံးလေ့ကျင့်ရေးကွင်း(၁)၌ ပဏာမလက်ရွေးစင် ပြေးခုန်ပစ်တာလတ် အားကစားသမားများ လေ့ကျင့်နေမှုနှင့် အမြင့်ခုန် အားကစားသမားများ လေ့ကျင့်နေမှု၊ အလျားခုန်အားကစားသမားများလေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အားပေးစကားပြောကြားသည်။



**ဖြည့်ဆည်းဆောင်ရွက်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဘောလုံးလေ့ကျင့်ရေးကွင်း(၂)၌ (ISPE U–21) ဘောလုံးအသင်းနှင့် ရတနာပုံ ဘောလုံးအသင်းတို့ ချစ်ကြည်ရေးခြေစမ်းပွဲ ကစားနေမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပဏာမလက်ရွေးစင် ပန်ကြပ်ဆီလပ် အားကစားသမားများ လေ့ကျင့်နေမှုများ၊ ပဏာမလက်ရွေးစင် ကရာတေး အားကစားသမားများ စခန်းဝင် လေ့ကျင့်နေမှုများ၊ ပဏာမလက်ရွေးစင် ဝူရှူး အားကစားသမားများ စခန်းဝင် လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးပြီး ခွဲ၊ စိတ်ဓာတ်အပြည့်ဖြင့် ပြင်းပြင်းထန်ထန် ကြိုးစားလေ့ကျင့်ကြရန် နိုင်ငံတော်အတွက် ရွှေတံဆိပ်ဆုများရယူပြီး အားကစားဖြင့် နိုင်ငံ့ဂုဏ်မြှင့်တင်ကြရန်မှာကြားကာ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဆန်းအားကစားပြိုင်ပွဲဝင်း မိုးလုံလေလုံအားကစားရုံသို့ရောက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ပဏာမလက်ရွေးစင် ဘော်လီဘော အားကစားသမားများ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးပြီး ဘော်လီဘော အားကစားနည်းဖြင့် နိုင်ငံ့ဂုဏ်မြှင့်တင်နိုင်ရေး ပြင်းပြင်းထန်ထန် ကြိုးစားလေ့ကျင့်ကြရန် မှာကြားခဲ့သည်။

**နိုင်ငံ့ဂုဏ်မြှင့်တင်**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ကလည်း ရန်ကုန်မြို့တွင် စခန်းသွင်း လေ့ကျင့်လျက်ရှိသော ပဏာမလက်ရွေးစင် အားကစားသမားများ၏ နေထိုင်စားသောက်ရေး၊ ရေလုံလောက်စွာရရှိရေး၊ လျှပ်စစ်မီး အဆင်ပြေစေရေး အပါအဝင် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အားကစားသမားများအနေဖြင့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် နိုင်ငံတော်အတွက် ရွှေတံဆိပ်ဆုရယူပြီး နိုင်ငံ့ဂုဏ်မြှင့်တင်ကြရန် လိုအပ်ကြောင်း ပြောကြားကာ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

**သတင်းစဉ်**

# အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**ထားဝယ် မေ ၁၂**

တနင်္သာရီတိုင်း ဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား လေးခရိုင် အသက် ၁၈ နှစ်အောက် (အမျိုးသား)ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို မေ ၁၁ ရက် ညနေပိုင်းက ထားဝယ်မြို့ ရွှေဝယ်သီရိ အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ ဗိုလ်လုပွဲသို့တက်ရောက်လာသော ထားဝယ်ခရိုင်(က) အသင်းနှင့် ထားဝယ်ခရိုင်(ခ) အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများ၊ အားကစားသမားနှင့် အားကစားဝါသနာရှင်များက ကြည့်ရှုအားပေးရာ ထားဝယ်ခရိုင်(က) အသင်းက သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဘောလုံးအဖွဲ့ချုပ်က အသက် ၁၈ နှစ်အောက်ဘောလုံးအသင်းသို့ စားစရိတ်ငွေကျပ် ၂၇၂၀၀၀၀ အားပေးအပ်ရာ တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးမှူး ဦးစိုးမိုးနိုင်က လက်ခံရယူပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးအောင်ချိုက ပွဲစဉ်တစ်လျှောက် ပါဝင်ကူညီဆောင်ရွက်ပေးသော ကြက်ခြေနီတပ်ဖွဲ့အား ဂုဏ်ပြုဆုချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဥပဒေချုပ်ဦးအုန်းသန်း၊ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောမာတင်လူသာ၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်လှိုင်နှင့် တာဝန်ရှိသူများက ရှေ့တန်း၊ အလယ်တန်း၊ နောက်တန်း၊ ဂိုးနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆု ရရှိသူများကို တစ်ဦးချင်းဆုနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။




ယင်းနောက် တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီးက ဒုတိယဆုရရှိသည့် ထားဝယ်ခရိုင်(ခ)အသင်းအား တစ်ဦးချင်းဆုနှင့် ငွေသားဆု ပေးအပ်ချီးမြှင့်ပြီး တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းမင်းလတ်က ပထမဆုရရှိသည့် ထားဝယ်ခရိုင်(က)အသင်းအား တစ်ဦးချင်းဆုနှင့် ငွေသားဆု ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကိုက ပထမဆု ရရှိသည့် ထားဝယ်ခရိုင်(က) အသင်းအား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၁၂

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတွင် မေ ၁၂ ရက်နေ့အထိ သေဆုံးသူ ၃၆၄၈ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၄၈၁၇ ဦးနှင့် ပျောက်ဆုံးသူ ၁၃၄ ဦး ရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်း၊ ပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၄၀ အား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်များသို့ ဖိလစ်ပိုင်နိုင်ငံ၊ လာအိုနိုင်ငံနှင့် အာရပ်စော်ဘွားများပြည်ထောင်စု အပါအဝင် WHO၊ UNHRD နှင့် IFRC စသည့် နိုင်ငံတကာအဖွဲ့အစည်းတို့မှ လေယာဉ် ခြောက်စင်းတို့ဖြင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ချိန် ၁၇၈ ဒသမ ၀၈၇ တန် ဆိုက်ရောက်ခဲ့သည်။

ပြည်တွင်း၊ ပြည်ပအလှူရှင်များ၏ ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများလက်ဝယ်အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း ငလျင်ဘေးသင့်ကျန်းမာရေးဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများနေထိုင်ရန် မိုးလုံလေလုံယာယီအိမ်ရာများဆောက်လုပ်ရန် လျာထားသည့်နေရာများ ကြည့်ရှု၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကော်မတီ နေ့စဉ်အစည်းအဝေးကျင်းပ



နေပြည်တော် မေ ၁၂

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းသည် ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်းနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ငလျင်ဘေးသင့်ကျန်းမာရေးဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများနေထိုင်ရန်အတွက် မိုးလုံလေလုံယာယီအိမ်ရာများ ဆောက်လုပ်ရန် လျာထားသောနေရာများဖြစ်သည့် တိုင်းရင်းဆေးပညာဦးစီးဌာန ရုံးအဆောက်အအုံဝန်းကျင်ရှိနေရာများကိုလည်းကောင်း၊ တိုင်းရင်းဆေးရုံဝန်ထမ်းအိမ်ရာများအနီးရှိ မြေကွက်လပ်များနှင့် တိုင်းရင်းဆေးဂိုထောင်အနီးရှိ မြေကွက်လပ်များကိုလည်းကောင်း၊ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းပိုင်မြေနေရာကိုလည်းကောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရုံးဝင်းအတွင်းရှိ မြေကွက်လပ်များကိုလည်းကောင်း လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံ ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်းသို့ သွားရောက်၍ မန္တလေးငလျင်ကြီးကြောင့် အဆောက်အအုံများ ပျက်စီးမှုအခြေအနေနှင့် ဝန်ထမ်းနှင့်ဝန်ထမ်းမိသားစုများအတွက် မိုးလုံလေလုံယာယီအိမ်ရာများ ဆောက်လုပ်ရန် လျာထားသည့်နေရာများကိုလည်းကောင်း၊ ဒက္ခိဏသီရိမြို့နယ်ရှိ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနပိုင် မြေကွက်လပ်တွင် မိုးလုံလေလုံယာယီအိမ်ရာများ ဆောက်လုပ်ရန် လျာထားသည့်အခြေအနေကို လည်းကောင်း လှည့်လည်ကြည့်ရှုသည်။

အဆိုပါနေရာများတွင် မိုးလုံလေလုံယာယီအိမ်ရာများ ဆောက်လုပ်ပြီးပါက ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်နေသောဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများအား နေရာချပေးရန် လျာထားကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ကျန်းမာရေးဝန်ကြီးဌာန ယာယီရုံး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကော်မတီ နေ့စဉ်အစည်းအဝေးကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံကြီးနှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ခြေတု၊ လက်တုအလုပ်ရုံများမှ ကျွမ်းကျင်သူများပူးပေါင်း၍ ငလျင်ဘေးကြောင့် ခြေ၊ လက် ထိခိုက်သူများအား ခြေတု၊ လက်တုများ အမြန်ဆုံး တပ်ဆင်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ငလျင်ဘေးကြောင့် ခြေထောက်ထိခိုက်သူများ ယာယီအသုံးပြုရန် ချိုင်းထောက်များနှင့် အထောက်အကူပြုကိရိယာများ အမြန်ဆုံးပေးအပ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတကာမှဆေးအဖွဲ့များ ပြန်လည်ထွက်ခွာချိန်တွင် အဆိုပါဆေးအဖွဲ့များ၏ ဆေးရုံ၊ ဆေးခန်းနေရာများတွင် ဒေသခံအထူးကုဆရာဝန်များ သို့မဟုတ် ငလျင်ဘေးကင်းလွတ်သည့် တိုင်းဒေသကြီး/ပြည်နယ်များမှ အထူးကုဆရာဝန်များ ပါဝင်သည့် ဆေးအဖွဲ့များအား တာဝန်ချထားဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများဖြစ်သည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ တုံ့ပြန်ကာကွယ်ဆေးတိုက်ကျွေးခြင်း၊ ခြင်ဆေးဖျန်းခြင်း၊ ဆေးစိမ်ခြင်ထောင်ဖြန့်ဝေခြင်း၊ ကျန်းမာရေးပညာပေးခြင်း၊ ကလိုရင်းဆေးခတ်ခြင်းစသည့် ကူးစက်ရောဂါကာကွယ်ရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများအား အထူးအလေးထားဆောင်ရွက်လျက်ရှိမှုအခြေအနေများကို အသေးစိတ်ဆွေးနွေးကြသည်။

ဆက်လက်၍ ငလျင်ဘေးဒဏ်ခံစားရသော ဝန်ထမ်းများအား ယာယီနေရာချထားရေးအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆွေးနွေးညှိနှိုင်းကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုဒဏ်ခံစားရသော ကျန်းမာရေးဝန်ထမ်းများနှင့် လူနာများအတွက် အထွေထွေအသုံးပြုရန် မြန်မာသီလဝါအထူးစီးပွားရေးဇုန် Public Limited မှ ငွေကျပ်သိန်းနှစ်ရာ၊ LD Lucky Day ကုမ္ပဏီလီမိတက်မှ ငွေကျပ်သိန်းတစ်ရာနှင့် ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းမှ ငွေကျပ်သိန်းနှစ်ရာ ပေးအပ်လှူဒါန်းခြင်းကို လက်ခံခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိ၍ ဆေးကုသမှုခံယူနေသည့် မြန်မာအလုပ်သမားများအား ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး သွားရောက်တွေ့ဆုံအားပေး





ရန်ကုန် မေ ၁၂

မတ် ၂၈ ရက်က ထိုင်းနိုင်ငံ ဗန်ကောက်မြို့ Khet Chatuchak နယ်မြေ၌ မြေငလျင်လှုပ်ခတ်၍ ဆောက်လုပ်ဆဲ အဆောက်အအုံ ပြိုကျပျက်စီးမှုကြောင့် ထိခိုက်ဒဏ်ရာရရှိ၍ ဆေးကုသမှုခံယူနေသော မြန်မာအလုပ်သမားများအား နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးက မေ ၉ ရက်တွင် သွားရောက်အားပေးစကား ပြောကြားပြီး ထောက်ပံ့ငွေ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြန်မာ သံအမတ်ကြီးသည် အလုပ်သမား သံအရာရှိနှင့်အတူ ငလျင်လှုပ်ခတ်၍ အဆောက်အအုံ ပြိုကျမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသဖြင့် Vajira ဆေးရုံ၌ ဆေးကုသမှုခံယူနေသော ဦးအောင်နိုင်ဝင်း (၂၉) နှစ် (ရမည်းသင်းဇာတိ)နှင့် ဦးဇော်မြင့် (ရေဝတီတိုင်းဒေသကြီးငပုတောမြို့ဇာတိ)တို့ကို မေ ၉ ရက်နံနက် ၁၀ နာရီက သွားရောက် အားပေးစကားပြောကြားပြီး မြန်မာသံရုံး မိသားစုက လှူဒါန်းသော ထောက်ပံ့ငွေနှင့် ထိုင်း-မြန်မာ ချစ်ကြည်ရေး အသင်းက လှူဒါန်းသော စားသောက်ဖွယ်ရာများကိုပေးအပ်သည်။

ဆက်လက်၍ Phya Thai ဆေးရုံတွင် ဆေးကုသမှုခံယူနေသော ဦးသော်ဇင်နိုင် (၄၃) နှစ် (ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့ဇာတိ)နှင့် ဦးမိုးဝေ (၄၇) နှစ် (ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့ဇာတိ)တို့ကို သွားရောက်တွေ့ဆုံ အားပေးစကား ပြောကြားပြီး မြန်မာသံရုံးမိသားစုက လှူဒါန်းသော ထောက်ပံ့ငွေနှင့် ထိုင်း-မြန်မာ ချစ်ကြည်ရေးအသင်းက လှူဒါန်းသော စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် သံအမတ်ကြီးသည် Khet Chatuchak နယ်မြေ၌ ငလျင်လှုပ်ခတ်၍ အဆောက်အအုံပြိုကျမှုကြောင့် အသက်ဆုံးရှုံးခဲ့သော ဒေါ်စိန်စိန်ညွန့် (၃၉) နှစ် (တိုက်ကြီးမြို့)၏အစ်ကိုဖြစ်သူ ဦးအောင်ဆန်းဦးကိုလည်းကောင်း၊ အသက်ဆုံးရှုံးခဲ့ရသော ဦးကိုကို (၃၆) နှစ် (မကွေးတိုင်းဒေသကြီး မင်းလှမြို့ဇာတိ)၏ ဖခင်ဖြစ်သူ ဦးတင်ငွေကိုလည်းကောင်း မြန်မာသံရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံ၍ မြန်မာအစိုးရ၏ ကိုယ်စား ဝမ်းနည်းစာနာကြောင်း ပြောကြားပြီး မြန်မာမိသားစုက လှူဒါန်းသော ထောက်ပံ့ငွေနှင့် ထိုင်း-မြန်မာချစ်ကြည်ရေးအသင်းက လှူဒါန်းသော စားသောက်ဖွယ်ရာများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် နေပြည်တော် သံဝေဇနိယလေးဌာနရှိ ဘုရားစေတီများ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အခြေအနေများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၁၂

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် တာဝန်ရှိသူများသည် ယနေ့ညနေပိုင်းတွင် ငလျင်ဒဏ်ကြောင့် နေပြည်တော် သံဝေဇနိယလေးဌာန( ဖွား၊ ပွင့်၊ ဟော၊ စံ)စေတီတော်များ၏ ထိခိုက်ပျက်စီးမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သံဝေဇနိယလေးဌာန ဂေါပကအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ သံဝေဇနိယလေးဌာန(ဖွား၊ ပွင့်၊ ဟော၊ စံ)စေတီတော် ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိနှင့် အဖွဲ့ဝင်များအား တွေ့ဆုံပြီး အလှည့်ကျသဘာပတိက ငလျင်ဒဏ်ကြောင့် သံဝေဇနိယလေးဌာနအတွင်းရှိ ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများ ထိခိုက်ပျက်စီးမှုများနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက ကျွမ်းကျင်အင်ဂျင်နီယာပညာရှင်များ၊ ဗိသုကာပညာရှင်များ၊ မြန်မာမှုပညာရှင်များနှင့် အသေးစိတ် ကွင်းဆင်းစစ်ဆေးပြီး အမြန်ဆုံးပြန်လည်ပြုပြင်ထိန်းသိမ်းတည်ဆောက်နိုင်ရေး ကြိုးပမ်းအားထုတ်သွားရန်၊ ဆောင်ရွက်မည့် အစီအမံကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့သို့တင်ပြ၍ လမ်းညွှန်မှုခံယူဆောင်ရွက်သွားရန် ဂေါပကအဖွဲ့ဝင်များအား မှာကြားသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပွင့်စေတီပရိဝုဏ်ရှိ ပဋ္ဌာန်းဆောင်နှင့် ဘုရားဖူးနားနေဆောင် မြန်မာမှုပန်းကနုတ်များ၊ အင်္ဂတေများပြုတ်ကျပျက်စီးမှု၊ ဗုဒ္ဓဂယာကျောင်းနှင့် ကန်ပတ်လမ်း အဝင်ကွန်ကရစ်လမ်းအက်ကွဲမှု၊ ဗုဒ္ဓဂယာဘုန်းတော်ကြီးကျောင်း လှေကားအဆင်း ကွန်ကရစ်လမ်းအက်ကွဲမှု၊ မုစလိန္ဒာကန်အရှေ့ဘက်အဆောင်အောက်ခြေကွဲအက်၍ အခင်းကြွေပြားများ နိမ့်ကျကွဲအက်မှု၊ မဟာဗောဓိစေတီ ဗောဓိညောင်ပင်ရှိလှေကားအုတ်ခုံနှင့် ကွန်ကရစ်လမ်း ကွဲအက်ပျက်စီးမှုများကို လည်းကောင်း၊ ဟောစေတီပရိဝုဏ်ရှိဓမ္မစေတီအပေါ်ပိုင်းအုတ်များ၊ အင်္ဂတေများ ကွဲအက်ပျက်စီးမှု၊ အတွင်းပိုင်းမျက်နှာကြက်များ ကွဲကျပျက်စီးမှု၊ ဟောစေတီအတွင်းအခင်းကျောက်ပြားများ ကွဲအက်ပျက်စီးမှုနှင့် အုတ်စည်းရိုး၊ ခြံစည်းရိုးသံပန်းများ ကျိုးပဲ့ပျက်စီးမှု၊ နန္ဒိယကျောင်းဆောင်နှင့် ဓမ္မရာဇိကစေတီ အောက်ခြေအုတ်ခုံနှင့် အုတ်လှေကားများပျက်စီးမှု၊ ဟောစေတီအဝင်ကွန်ကရစ်လမ်းများ ကွဲအက်ပျက်စီးမှု၊ အုတ်နံရံများ ပြိုကျပျက်စီးမှု၊ စံစေတီသို့ အထွက်ကွန်ကရစ်လမ်း နှစ်ပေခန့် နိမ့်ကျအက်ကွဲမှု၊ ဟောစေတီဌာန Transformer သေတ္တာလဲကျ၍ မီးလိုင်းများ ပျက်စီးမှု၊ ဘုရားဖူးနားနေဆောင် မြေကျွံ၍ နားနေဆောင်ကြမ်းခင်း ကွဲအက်ပျက်စီးမှုများကိုလည်းကောင်း၊ စံစေတီတော်ပရိဝုဏ် အဝင်သံတံတားလမ်းချော်၍ အဝင်လမ်းကျောက်သားများ ကွဲအက်ပျက်စီးမှု၊ ယာဉ်ရပ်နားကွင်း လမ်းသားကွဲအက်ပျက်စီးမှုနှင့် ရေနုတ်မြောင်းပေါင် ကွဲအက်ပျက်စီးမှု၊ တေဇောဓာတုစေတီတော်လိုဏ်အတွင်းရှိ အောက်ခံကွန်ကရစ်တိုင်များ ကွဲအက်ပျက်စီးမှုများကိုလည်းကောင်း၊ ဖွားစေတီပရိဝုဏ်အုတ်နံရံအက်ကွဲမှု၊ အခင်းကျောက်ပြားများ အက်ကွဲပျက်စီးမှု၊ ရေသန့်စက်ပြိုကျပျက်စီးမှု၊ မယ်တော်မာယာကန် အောက်ခြေအက်ကွဲ၍ ရေယိုစိမ့်မှု၊ ယာဉ်ရပ်နားကွင်း မြေကျွံနိမ့်ကျအက်ကွဲပျက်စီးမှုများကို အသေးစိတ်ကြည့်ရှုစစ်ဆေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက ကျွမ်းကျင်အင်ဂျင်နီယာပညာရှင်များ၊ ဗိသုကာပညာရှင်များ၊ မြန်မာမှုပညာရှင်များနှင့် အသေးစိတ် ကွင်းဆင်းစစ်ဆေးပြီး အမြန်ဆုံးပြန်လည်ပြုပြင်ထိန်းသိမ်းတည်ဆောက်နိုင်ရေး ကြိုးပမ်းအားထုတ်သွားရန် စေတီတော်ဂေါပကအဖွဲ့ဝင်များအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၌ ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများအား ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၁၂

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်သည် ယနေ့တွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)သို့ ရောက်ရှိပြီး တက္ကသိုလ်အတွင်း ငလျင်ဒဏ်ကြောင့် သင်တန်းခန်းမများ၊ သင်တန်း စာသင်ဆောင်များ၊ သင်တန်းစားရိပ်သာများနှင့် ရုံးဌာနများ၏ ထိခိုက်ပျက်စီးမှု အခြေအနေ၊ သန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် ပြန်လည်ပြုပြင်ရန် ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌသည် ရတနာသိင်္ဃခန်းမ ညှိနှိုင်းခန်းတွင်တက္ကသိုလ်မှ တာဝန်ရှိသူများအား တွေ့ဆုံပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသော အဆောက်အအုံများမှ အပျက်အစီးများအား ကျွမ်းကျင်သူများဖြင့် စနစ်တကျ စစ်ဆေးဖယ်ရှားရန်၊ ပြင်ဆင်မှုဆောင်ရွက်ရာတွင် သတ်မှတ်ထားသော ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းစဉ်များနှင့်အညီ အပြည့်အဝ စံချိန်မီ ဆောင်ရွက်ရန်၊ အရေးပေါ် ရွှေ့ပြောင်းကယ်ဆယ်ရေး စီမံချက်ရေးဆွဲထားရှိရန်နှင့် ဝန်ထမ်းများ သဘာဝဘေးအန္တရာယ် ရင်ဆိုင်နိုင်ရေး သဘာဝဘေး ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ရန်၊ သင်တန်းများ ဖွင့်လှစ်ချိန်တွင် အန္တရာယ်ရှိနိုင်သော အဆောက်အအုံများအား အသုံးမပြုဘဲ စိတ်ချရသော အဆောက်အအုံများသာ အသုံးပြုရန် မှာကြားသည်။



ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌသည် မွန်းလွဲပိုင်းတွင် ရတနာသိင်္ဃခန်းမ၌ တက္ကသိုလ်ရှိ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံ၍ ဝန်ထမ်းများနှင့် မိသားစုများအားတွေ့ဆုံပြီး အခက်အခဲဖြစ်နေချိန်တွင် မိသားစုများ တစ်ယောက်နှင့် တစ်ယောက် အပြန်အလှန် အမှီသဟဲပြု၍ နေထိုင်ကြရန်နှင့် တစ်ဦးအခက်အခဲ ဖြစ်နေချိန်တွင် မိသားစုစိတ်ဓာတ်ဖြင့် အပြန်အလှန် ကူညီဖေးမသွားကြရန်၊ မိသားစုအချင်းချင်း စိတ်ခွန်အားမြှင့်တင်ပေးရေး ဆောင်ရွက်သွားရန် အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ငလျင်ဒဏ်ကြောင့် ထိခိုက်ခံရသည့် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် သွားရောက်ကြည့်ရှု၍ ဝန်ထမ်းများနှင့် တွေ့ဆုံ

နေပြည်တော် ဧပြီ ၁၂

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းအောင်ကျော်သည် ယမန်နေ့က မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ခံခဲ့ရသည့် ရမည်းသင်း၊ ပျော်ဘွယ်နှင့် ကျောက်ဆည်မြို့များသို့ သွားရောက်ခဲ့ပြီး ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ မန္တလေး ငလျင်ကြီးကြောင့်ထိခိုက်ခဲ့သည့် ရုံးအဆောက်အအုံများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ငလျင်ဒဏ်ခံရသည့် ဝန်ထမ်းများအား အားပေးစကားပြောကြား၍ ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာ စသည့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။ ယင်းနောက် ကော်မရှင်အဖွဲ့ဝင်သည် ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်များမှ ဝန်ထမ်းများ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ မန္တလေးတိုင်းဒေသကြီးတွင်တွဲဖက်တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအား တွေ့ဆုံ၍ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် လာမည့် ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။



ဆက်လက်၍ ငလျင်ဒဏ်ကြောင့် ရုံးများထိခိုက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ငလျင်ဒဏ်ခံရသည့်ဝန်ထမ်းများအားအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် ဧပြီ ၁၂

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# လျှပ်စစ်ဓာတ်အားပြန်လည်ရရှိရေးလုပ်ငန်းများ ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့သည့် ကျွမ်းကျင်ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်

နေပြည်တော် ဧပြီ ၁၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဥာဏ်ထွန်းသည် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သော ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများပြင်ဆင်၍ အချိန်တိုအတွင်း ပြန်လည်ပြုပြင်နိုင်ရန်အတွက် နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းမြို့တို့တွင် လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိရေးလုပ်ငန်းများတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့ကြသည့် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းနှင့် တိုင်းဒေသကြီး/ ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာရုံးများမှ ကျွမ်းကျင်ဝန်ထမ်းများအား လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးအမှတ် (၂၇) ယာဉ်ရပ်နားကွင်းနှင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၂၀၀) တိုးဂိတ်အနီးတို့တွင် ပြည်ထောင်စုဝန်ကြီးက သွားရောက်တွေ့ဆုံနှုတ်ဆက်၍ ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုထောက်ပံ့ချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများပေးအပ်ကာ နေပြည်တော် ဇဟိုသင်တန်းကျောင်းတွင် ငလျင်ဘေးသင့်ဝန်ထမ်းများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။



ထို့နောက် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဓာတ်အားဖြန့်ဖြူးရေးလိုင်းများနှင့် ဓာတ်အားခွဲရုံများ ပြန်လည်ပြုပြင်နိုင်ရေးအတွက် နေပြည်တော်ကောင်စီနယ်မြေရှိ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများအပြင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်း ၅၆၀၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားဖြန့်ဖြူးရေးလိုင်းများနှင့် ဓာတ်အားခွဲရုံများ ပြန်လည်ပြုပြင်နိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီးရှိ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများအပြင် ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်း ၆၉၀၊ စစ်ကိုင်းမြို့အတွင်း ပျက်စီးမှုများကို လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်း ၈၀ စုစုပေါင်းလျှပ်စစ်ကျွမ်းကျင်ဝန်ထမ်း ၁၃၃၀ တို့ဖြင့် ဓာတ်အားအမြန်ပို့လွှတ်ဖြန့်ဖြူးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယနေ့အချိန်ထိ အဆိုပါဒေသများတွင် ရာနှုန်းပြည့်နီးပါး ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ကျန်ရှိသည့် ပြုပြင်ခြင်းလုပ်ငန်းများကို သက်ဆိုင်ရာနယ်မြေဒေသရှိဒေသခံကျွမ်းကျင်ဝန်ထမ်းများက ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရုံးအမှတ် (၂၇)၌ ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအတွက် ကုမ္ပဏီများက လာရောက်လှူဒါန်းသည့် စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများကို လက်ခံရယူပြီး ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား ထောက်ပံ့ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာနအစီအစဉ်ဖြင့် ယာယီနေထိုင်နိုင်ရေးစီမံဆောင်ရွက်ပေးထားသော နေပြည်တော်ဇဟိုသင်တန်းကျောင်း၌ ငလျင်ဘေးဒဏ်သင့်ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအနက် တိုက်ပြိုကျပျက်စီး၍ ပစ္စည်းလုံးဝမရရှိသူ ဝန်ထမ်း ၅၅ ဦးအား ဒုတိယအကြိမ်အဖြစ် စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများကို လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

# မန္တလေးငလျင်ကြီးကြောင့် နည်းပညာကျောင်းသားများ၏ သင်ယူမှုအခွင့်အလမ်းများမဆုံးရှုံးစေရေး အလေးထားဆောင်ရွက်

နေပြည်တော် ဧပြီ ၁၂

မန္တလေးငလျင်ကြီးကြောင့် နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်ခြောက်ခုတို့ရှိ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ရုံး/ဌာနများရှိ အဆောက်အအုံများ၊ စာသင်ဆောင်များနှင့် အလုပ်ရုံများ၊ ကျောင်းသားဆောင်များတွင် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရာ ကျောင်းသားများ၏ သင်ယူလေ့ကျင့်မှုအခွင့်အလမ်းများ မဆုံးရှုံးစေရေး၊ ဝန်ထမ်းများနှင့် မိသားစုများ ဘေးအန္တရာယ်ကင်းရှင်းစွာ နေထိုင်စားသောက်မှုများ အဆင်ပြေစေရေးတို့အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် အားပေးထောက်ပံ့မှုများကို အထူးအလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ဧပြီ ၁၀ ရက် နံနက်ပိုင်းတွင် ပြည်ကြီးတံခွန်မြို့နယ်ရှိ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန အစိုးရနည်းပညာအထက်တန်းကျောင်း (မန္တလေး)သို့ရောက်ရှိပြီး သုံးထပ်စာသင်ဆောင်နှင့် နှစ်ထပ်စာသင်ဆောင်တို့တွင် မျက်နှာကြက်များ ပြိုကျပျက်စီးမှု၊ အခြားထိခိုက်ပျက်စီးမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်တွေ့ဆုံကာ Level-1 Rapid Evaluation Safety Assessment Form ဖြင့် စစ်ဆေးမှုဆိုင်ရာ နည်းပညာအချက်လက်များကို ရှင်းလင်းပြောကြားပြီး ကျောင်းဖွင့်ချိန်တွင် ကျောင်းသားများ၏လေ့ကျင့်သင်ကြားမှုများ အဆင်ပြေစေရေးအတွက် ပြုပြင်ရေးလုပ်ငန်းများကို အချိန်မီ အင်တိုက်အားတိုက်ဆောင်ရွက်ရန် တိုက်တွန်းမှာကြား၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ယင်းနောက် ဒုတိယဝန်ကြီးသည် ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နှစ်သိမ့်အားပေးစကားများ ပြောကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများကို လက်ဝယ်အရောက် ပေးအပ်ချီးမြှင့်သည်။



ဆက်လက်၍ ဒုတိယဝန်ကြီးသည် အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန ကွန်ပျူတာတက္ကသိုလ် (မန္တလေး)သို့ရောက်ရှိပြီး ပင်မသုံးထပ်ဆောင်မျက်နှာစာတွင် ထိခိုက်ပျက်စီးမှုနှင့် အခြားထိခိုက်ပျက်စီးမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ ယင်းနောက် ဒုတိယဝန်ကြီးသည် နိုင်ငံတော်ဖွံ့ဖြိုးရေးအထောက်အကူပြု ကွန်ပျူတာပညာရှင်လူငယ်ကောင်းများကို စဉ်ဆက်မပြတ် မွေးထုတ်နိုင်ရေးနှင့် ငလျင်ဒဏ်မခံရသော အခြားတက္ကသိုလ်များရှိ ကျောင်းသားများ၏ ပညာသင်ကာလနှင့်တန်းတူ တစ်ပြေးညီဖြစ်စေရေးတို့အတွက် လာမည့်ကျောင်းဖွင့်ကာလတွင် သင်တန်းများကို ပုံမှန်အတိုင်းဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည်များ ပြင်ဆင်ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။ ယင်းနောက် ဒုတိယဝန်ကြီးသည် ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နှစ်သိမ့်အားပေးစကားများ ပြောကြားကာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဆန်များနှင့် ထောက်ပံ့ငွေများကို လက်ဝယ်အရောက် ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

# နေပြည်တော်အတွင်း ဝန်ထမ်းအိမ်ရာများသို့ ဈေးကားများဖြင့် ဆန်၊ ဆီ၊ ဆား စသည့်ကုန်မျိုးစုံ လှည့်လည်ရောင်းချပေး

နေပြည်တော် ဧပြီ ၁၂

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) တို့၏ စီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ပဲ၊ ဆား၊ ငါးပိနှင့် ကုန်မျိုးစုံဈေးကားများသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ငလျင်ဒဏ်သင့် ဝန်ထမ်းအိမ်ရာများသို့ မတ် ၃၀ ရက်မှစ၍ အိမ်တိုင်ရာရောက် သွားရောက်ကာ သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ဧပြီ ၁၂ ရက်တွင် ၁၄ ရက်မြောက်နေ့ အဖြစ် ဈေးကားခုနစ်စီးဖြင့် လှည့်လည်ရောင်းချပေးသည်။



မတ် ၃၀ ရက်မှ ဧပြီ ၁၂ ရက်အထိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော်ဘူတာကြီး စက်ခေါင်းအလုပ်ရုံဌာန ဝန်ထမ်းအိမ်ရာ၊ သူနာပြုသင်တန်းကျောင်း၊ ဥတ္တရသီရိဆေးရုံ ဝန်ထမ်းအိမ်ရာများ၊ ခရေအိမ်ရာ၊ ပိတောက်အိမ်ရာ၊ ကံ့ကော်အိမ်ရာ၊ ဓနသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဇလသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဥဩသိဒ္ဓိရပ်ကွက်အိမ်ရာ၊ သုခသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဝဏ္ဏာသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ပညာရေး ဝန်ထမ်းအိမ်ရာ၊ နေပြည်တော်ကောင်စီ ဝန်ထမ်းအိမ်ရာရှိ ဝန်ထမ်းများအား ဆန်ခြောက်ပြည်ဆံ့ (မနောသုခ-Export Quality) အိတ် ၈၄၅၀၊ ဆန်ငါးပြည်ဆံ့ (ဖျာပုံပေါ်ဆန်း) အိတ် ၁၈၈၀၊ ဆီပိဿာ၁၉၉၆၀၊ ဆား ၅၀ ကျပ်သားပါအိတ် ၁၇၀၀၊ ဆား ၂၅ ကျပ်သားပါ ၃၆၂ အိတ်၊ ငါးပိ ၂၀ ကျပ်သားပါဘူး ၁၀၄၀၊ ကုလားပဲ ၂၀ ကျပ်သားပါအိတ် ၄၂၅၀ နှင့် ခေါက်ဆွဲခြောက်အထုပ်များကို ရောင်းချပေးပြီး နေ့စဉ်ဆက်လက် ရောင်းချပေးမည်ဖြစ်သည်။

အလားတူ မန္တလေးမြို့တွင် ဈေးကားလေးစီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိရာ ယနေ့အထိဆန် ၂၄ ပြည်ဆံ့ (မနောသုခ) ၄၁၆ အိတ်၊ စားအုန်းဆီပိဿာ ၈၈၆၀၀ နှင့် ခေါက်ဆွဲခြောက်ထုပ်များကို ရောင်းချပေးခဲ့ပြီး စစ်ကိုင်းမြို့တွင် ဈေးကားလေးစီးဖြင့်ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန်၂၄ ပြည်ဆံ့ (ရွှေဝါထွန်း) ၂၁၇ အိတ်၊ စားအုန်းဆီ ၃၂၆၁ ပိဿာ၊ ကြက်ဥအလုံး ၄၃၆၀၊ ကြက်သွန်နီပိဿာ ၄၅၀၊ အာလူး ၁၅ ပိဿာတို့ကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး ရေသန့်များကိုလည်း အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေးငလျင်ကြီးကို ရင်ဆိုင်တုံ့ပြန်ခဲ့တဲ့ သူရဲကောင်းများ

KMMS (MFA)

**ကျွန်မရဲ့ ဇာတိချက်မြှုပ်က ရန်ကုန်ဆိုပေမယ့် အဘိုးအဘွားတွေကတော့ မြန်မာနိုင်ငံအလယ်ပိုင်း အညာမြေမှာနေထိုင်ကြသူတွေ ဖြစ်ပါတယ်။ ကျွန်မရဲ့ ငယ်စဉ်တောင်ကျေးကလေးဘဝမှာ အဘိုးအဘွားတွေပြောပြတဲ့ ပုဂံငလျင်၊ စစ်ကိုင်းငလျင်စတဲ့ စိတ်လှုပ်ရှားဖမ်းနည်းဖွယ်ရာ အိပ်ရာဝင်ပုံပြင်တွေကို ကြိမ်ဖန်များစွာနားထောင်ရင်း အိပ်စက်ခဲ့ရဖူးပါတယ်။ ဒီငလျင်ဒဏ်ကြောင့် အသက်ခန္ဓာစွန့်လွှတ် ပျက်စီးခဲ့ရတာတွေ၊ မြန်မာ့ရိုးရာအမွေအနှစ် ဘုရားကျောင်းကန် စေတီပုထိုးတွေ ပြိုကျပျက်သုဉ်းခဲ့ရတာတွေကို ကြားရတော့ ဒီအဖြစ်ဆိုးတွေ တစ်သက်တာမှာ မကြုံရ၊ မတွေ့ရ၊ မကြားရစေဖို့ အထပ်ထပ်အခါခါ ဆုတောင်းခဲ့ဖူးပါတယ်။ သဘာဝဘေးအန္တရာယ်ဆိုတာ ရှောင်လွှဲလို့မရဘူးဆိုတာ ငယ်သေးတဲ့ ကျွန်မနားမလည်ခဲ့တာတော့ အမှန်ပါ။**

ကျွန်မဘဝမှာ အဲဒီသဘာဝဘေးဒဏ် မကြုံချင်ဖူးဆိုတဲ့ ဆုတောင်းကတော့ မပြည့်ဝခဲ့ပါဘူး။ ကျွန်မ မမြင်ချင်၊ မကြားချင်တဲ့ အဲဒီအိပ်မက်ဆိုးဟာ မမျှော်လင့်ဘဲ ထိပ်တိုက်တိုးခဲ့ရပါတယ်။ မှတ်မှတ်ရရ ၂၀၂၅ ခုနှစ် ဧပြီလ ၂၈ ရက်နေ့ မွန်းလွဲ **၁၂ နာရီကျော်**အချိန်သတ်မှတ်ချက်တစ်ခုဟာ အန္တရာယ်တွေနဲ့အတူ ကျွန်မတို့ရဲ့နေထိုင်ရာ ဒေသဆီကို မဖိတ်ခေါ်ဘဲ ရုတ်တရက် ချင်းနင်းဝင်ရောက်ခဲ့ပါတယ်။ အဲဒီနေ့ဟာ နောင်မှာ မန္တလေးငလျင်ကြီးလို့ အမည်တွင်စေမယ့် ပြင်းထန်တဲ့ငလျင်ကြီးက နေပြည်တော်၊ မန္တလေး၊ စစ်ကိုင်းတစ်ဝိုက်မှာ အပြင်းအထန်လှုပ်ခတ်သွားခဲ့ပြီး မကွေး၊ ရှမ်းတောင်နဲ့ ပဲခူးအရှေ့ဒေသအပါအဝင် နေရာတော်တော်များများကိုပါ ဝင်ရောက်ဖျော့ရမ်းသွားခဲ့ပါတယ်။

**ယူကျုံးမရ ဝမ်းနည်းကြေကွဲ**

ကျွန်မဟာ နိုင်ငံခြားရေးဝန်ကြီးဌာနမှာ တာဝန်ထမ်းဆောင်နေတဲ့ အရာထမ်းတစ်ဦးဖြစ် ပါတယ်။ ကျွန်မတာဝန်ထမ်းဆောင်တဲ့ ရုံးအဆောက်အအုံဟာ အထပ်လေးထပ်ရှိပြီး အပေါ်ဆုံးထပ်ရဲ့ အခန်းတစ်ခန်းမှာ ကျွန်မတာဝန်ထမ်းဆောင်ရပါတယ်။ အဲဒီနေ့ ပုံမှန်ရုံးလုပ်ငန်းတာဝန်တွေကို ထမ်းဆောင်နေချိန်အတွင်း ပြင်းထန်လွန်းတဲ့ ဆက်တိုက်တုန်ခါမှုကြောင့် ရုံးတွင်းပရိဘောဂနဲ့ လျှပ်စစ်ပစ္စည်းတွေ ပြိုကျလာပြီး ငလျင်ဆိုတဲ့အသိနဲ့ အနီးဆုံးထွက်ပေါက်ကနေတစ်ဆင့် ဘေးလွတ်ရာ ရုံးအပြင်ဘက် ကွင်းပြင်ဆီကို ပြေးထွက်ခဲ့ပါတယ်။ အလဲလဲအကွဲကွဲနဲ့ ပွန်းပဲ့ဒဏ်ရာလောက်သာရခဲ့တဲ့ ကျွန်မအတွက် မပြောပလောက်ပေမယ့် ကျွန်မတို့ လေးစားရတဲ့ ဆရာသမားတစ်ဦးရဲ့ အသက်ဝိညာဉ်ကို ပြင်းထန်တဲ့ငလျင်က နုတ်ယူသွားခဲ့တာကတော့ ယူကျုံးမရ ဝမ်းနည်းကြေကွဲစရာ ဖြစ်ခဲ့ရပါတယ်။

တစ်ချိန်တည်းမှာပဲ နိုင်ငံတော်အကြီးအကဲ ဦးဆောင်တဲ့ နိုင်ငံ့အကြီးအကဲတွေဟာ သူတို့ ကိုယ်တိုင်နဲ့ မိသားစုဘဝ၊ ကိုယ်ရေးကိုယ်တာ ထိခိုက်နစ်နာမှုတွေကို ဘေးဖယ်ထားကာ ပြည်သူလူထုအတွင်း နည်းလမ်းပေါင်းစုံနဲ့ ရုတ်ခြည်းသွားရောက်ပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေ၊ ရုပ်ဝတ္ထုဆိုင်ရာ ကူညီထောက်ပံ့မှုတွေ၊ စိတ်ပိုင်းဆိုင်ရာ အားပေးမှုတွေကိုဆောင်ရွက်ရင်း တုံ့ပြန်ကယ်ဆယ်ရေးအဖွဲ့တွေကို အမြန်ဆုံးဖွဲ့စည်းလို့ အချိတ်အဆက်မိမိ လျင်လျင်မြန်မြန် အားသွန်ခွန်စိုက် ဆောင်ရွက်တာတွေကို တွေ့ရတဲ့အတွက် အထူးလေးစားမိပါတယ်။

ဒီဖြစ်စဉ်မှာ နိုင်ငံခြားတိုင်းပြည် ၂၄ နိုင်ငံဟာ မိတ်ဆွေဖြစ်ခြင်း၊ မဖြစ်ခြင်း၊ လစ်ဘရယ်၊ ကွန်ဆာဗေးတစ်၊ ဆိုရှယ်လစ်၊ ကွန်မြူနစ်စတဲ့ နိုင်ငံရေးအသွေးအရောင်တွေကို ဘေးချိတ်ပြီး လူသားအချင်းချင်းဆိုတဲ့ အသိစိတ်တစ်ခုတည်းကို ဦးတည်ကိုင်ဆွဲကာ စေတနာအပြည့်နဲ့ ဝင်ရောက်ကူညီဆောင်ရွက်လာကြတာတွေကလည်း တကယ့်ကို ဝမ်းသာပီတိဖြစ်စရာလို့ဆိုရမှာ ဖြစ်ပါတယ်။



Sky Villa ကွန်ဒိုပြိုကျပျက်စီးမှုတွင် တရုတ်နိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးပညာရှင်များနှင့် လူမှုရေးအသင်းအဖွဲ့များ၊ တာဝန်ရှိသူများ ပူးပေါင်း၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်စဉ်။

**ကျေနပ်အားရဖွယ်ရာ ကုသိုလ်တစ်ခု**

ကျွန်မတို့ ဌာနအနေနဲ့ကလည်း နိုင်ငံတကာ ဆက်ဆံရေး၊ ပေါင်းစပ်ညှိနှိုင်းရေးနဲ့ လွယ်ကူချောမွေ့စေတဲ့ ရောက်ရှိ၊ ထွက်ခွာလုပ်ငန်းစဉ်တွေကို ဆက်စပ်ကူညီပေးရတာဖြစ်လို့ ရုံးပိတ်ရက်မရှိ၊ နေ့ညမပြတ် ဆောင်ရွက်ခွင့်ရခြင်းသည်ကပင်လျှင် ကျေနပ်အားရဖွယ်ရာ ကုသိုလ်တစ်ခုလို့လည်း အစဉ်ထာဝရ မှတ်ယူလျက်ရှိပါတယ်။

ဒီနေရာမှာ အဓိကထားတင်ပြလိုတဲ့ အချက်တစ်ခုရှိပါတယ်။ ဒါကတော့ **72 Golden Hours** လို့ တင်စားခေါ်ဝေါ်ကြတဲ့ ၇၂ နာရီရွှေရောင်အချိန်များဆိုတဲ့ ဝေါဟာရပဲဖြစ်ပါတယ်။ ဒီဝေါဟာရရဲ့ အဓိပ္ပာယ်က **“ငလျင်လှုပ်ခတ်မှုပြီးသည့်နောက် အရေးကြီးတဲ့ ၇၂ နာရီ”** ကို ရည်ညွှန်းပြောဆိုခြင်းလို့ လေ့လာမှတ်သားဖူးပါတယ်။ ငလျင်ဒဏ်ကြောင့် အဆောက်အအုံပျက်တွေကြားမှာ ပိတ်မိနေတဲ့ လူသားတစ်ဦးဟာ ပထမ ၂၄ နာရီအတွင်း ကယ်တင်နိုင်ရင် အသက်ရှင်နိုင်ခြေက ၉၀ ရာခိုင်နှုန်းလို့ဆိုပါတယ်။ ၄၈ နာရီကြာမှ ကယ်ဆယ်နိုင်မယ်ဆိုရင်တော့ ၅၀-၆၀ ရာခိုင်နှုန်းသာရှိတော့မှာဖြစ်ပြီး ၇၂ နာရီကျော်သွားပြီဆိုရင်တော့ ၁၀ ရာခိုင်နှုန်းအောက်ကို ရောက်ရှိသွားပြီဖြစ်လို့ စွန့်လွှတ်လိုက်ရတော့မယ့် အခြေအနေလို့ဆိုရမှာဖြစ်ပါတယ်။ ဒါကြောင့် ငလျင်ဒဏ်သင့် အဆောက်အအုံအပြိုအပျက်ကြား ပိတ်မိနေတဲ့သူတစ်ဦးကို အသက်ရှင်လျက် ပြန်လည်သယ်ထုတ်ရမယ့်အချိန်ပမာဏဟာ အများဆုံး ၇၂ နာရီသာဖြစ်လို့ အသက်ရှင်ရေးအတွက် အရေးကြီးတဲ့ ၇၂ နာရီကို ရည်ညွှန်းပြီး 72 Golden Hours သတ်မှတ်ထားတယ်လို့ မှတ်သားခဲ့ဖူးပါတယ်။

**❛ငလျင်ဒဏ်ကြောင့် အဆောက်အအုံပျက်တွေကြားမှာ ပိတ်မိနေတဲ့ လူသားတစ်ဦးဟာ ပထမ ၂၄ နာရီအတွင်း ကယ်တင်နိုင်ရင် အသက်ရှင်နိုင်ခြေက ၉၀ ရာခိုင်နှုန်းလို့ဆိုပါတယ်။ ၄၈ နာရီကြာမှ ကယ်ဆယ်နိုင်မယ်ဆိုရင်တော့ ၅၀-၆၀ ရာခိုင်နှုန်းသာရှိတော့မှာဖြစ်ပြီး ၇၂ နာရီကျော်သွားပြီဆိုရင်တော့ ၁၀ ရာခိုင်နှုန်းအောက်ကို ရောက်ရှိသွားပြီဖြစ်လို့ စွန့်လွှတ်လိုက်ရတော့မယ့် အခြေအနေလို့ဆိုရမှာဖြစ်ပါတယ်❜**

မန္တလေးငလျင်ကြီးကာလအတွင်း 72 Golden Hours မှာ မိမိအသက်ကို ပဓာနမထားဘဲ စွန့်လွှတ်စွန့်စားရတဲ့ သူရဲကောင်းတွေဟာ မြန်မာနိုင်ငံက ကြည်း၊ ရေ၊ လေ တပ်မတော်သားတွေ၊ ရဲတပ်ဖွဲ့ဝင်တွေ၊ မီးသတ်ဦးစီးဌာနက ကူညီကယ်ဆယ်ရေး ဝန်ထမ်းတွေနဲ့ နိုင်ငံတကာက ရှာဖွေကယ်ဆယ်ရေး အဖွဲ့တွေ (Search and Rescue Team– SRTs) ပဲ ဖြစ်ကြပါတယ်။ ဒါကြောင့် နိုင်ငံတကာအဖွဲ့အစည်းတွေကို ငလျင်လှုပ်ခတ်ပြီး ၇၂ နာရီအတွင်း ရောက်ရှိကယ်ဆယ်နိုင်အောင် နိုင်ငံတော်က တံခါးဖွင့်ခေါ်ယူခဲ့ခြင်းလည်းဖြစ်ပါတယ်။

ယခုဖြစ်ပွားခဲ့တဲ့ မန္တလေးငလျင်ကြီးမှာ လေ့လာမိခဲ့တာက ခေတ်မီတိုးတက်တဲ့ နိုင်ငံတွေက ကယ်ဆယ်ရေးအဖွဲ့တွေဟာ ချပ်ဝတ်တန်ဆာ၊ နည်းပညာအပြည့်အစုံနဲ့ ကယ်ဆယ်ရေးလုပ်ငန်းတွေ လုပ်ဆောင်ခဲ့တာကို တွေ့ရပါတယ်။ နောင်မှာ မိမိနိုင်ငံရဲ့ စနအင်အား ပြည့်စုံလာတာနဲ့အမျှ ဖြည့်ဆည်းဆောင်ရွက်ပေးရမယ့် လုပ်ငန်းစဉ်တစ်ခုလို့လည်း မှတ်ယူမိပါတယ်။ စင်ကာပူနိုင်ငံက ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဆိုရင် Insect–Robot Hybrids လို့ခေါ်တဲ့ လူ့ခန္ဓာကိုယ်အပူချိန်ကိုအာရုံခံနိုင်တဲ့ ဉာဏ်ရည်မြင့် ပိုးဟပ်စက်ရုပ်ငယ်လေး (Cyborg Cockroaches)၊ မြေအောက်မှာ ပိတ်မိနေသော ဒုက္ခသည်တွေအတွက် အသံရှာဖွေဖမ်းယူတဲ့ အသံဖမ်းစက် (Acoustic Sensors)၊ အပူချိန်၊ အသက်ရှူမှုနဲ့ လှုပ်ရှားမှုကို အာရုံခံတဲ့ ရေဒါပုံရိပ်ဖော်စက်စတဲ့ နည်းပညာ အခြေပြုစနစ်တွေသာမက K-9 အနံ့ခံကယ်ဆယ်ရေးခွေးလေးတွေကိုပါ အသုံးပြုခဲ့တာကို လက်လှမ်းတစ်မီ လေ့လာတွေ့ရှိရပါတယ်။

ကျွန်မတို့ နိုင်ငံက ကယ်ဆယ်ရေးအဖွဲ့ဝင်တွေ အနေနဲ့ကတော့ နည်းပညာပိုင်းအတွက် အနာဂတ်မှာ ထပ်မံဖြည့်ဆည်းဖို့သာရှိရင်ရှိမယ် လက်ရှိမှာ သတ္တိ၊ ဗျတ္တိ၊ စိတ်ရင်းစေတနာနဲ့ ပရဟိတစိတ်ကို အရင်းခံပြီး အပျက်အစီးပုံတွေကြားမှာ အသက်ကို ပဓာနမထား ဝင်ရောက်မွှေနှောက် လုပ်အားဒါနပြုနေတာတွေက ကျွန်မအမြင်မှာတော့ ပိုလို့ပင် တင့်တယ်နေတယ်လို့ပဲ ကိုယ့်ငါးချဉ်ကိုယ်ချဉ်မိပါတယ်။

ကျွန်မတို့ရဲ့ ပြည်တွင်းကူညီကယ်ဆယ်ရေးအဖွဲ့တွေက ဖြစ်စဉ်ဖြစ်လျှင်ဖြစ်ချင်း အလျင်မြန်ဆုံး ဝင်ရောက်ကူညီလုပ်ဆောင်နေချိန် တစ်ပြိုင်တည်းမှာပဲ နိုင်ငံတကာက SRTs တွေကလည်း နိုင်ငံတော်ရဲ့ ကမ်းလှမ်းဖိတ်ခေါ်မှုနဲ့ အချိန်ကိုက်ဝင်ရောက်ကူညီမှုတွေ ပြုလုပ်လာကြတာကိုလည်း တွေ့ခဲ့ရပါတယ်။ နိုင်ငံတော်ဘက်က အချိန်အခါရဲ့ တန်ဖိုးရှိမှုကို အချိန်ကိုက်အသုံးချနိုင်ခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။

**အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်**

ကျွန်မတို့ ဝန်ကြီးဌာနအနေနဲ့ကတော့ ဒီကူညီကယ်ဆယ်ရေးလုပ်ငန်းစဉ်မှာ ပါဝင်ဆက်နွှယ်မှုရှိတဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ပါ ပေါင်းစပ်ပြီး နိုင်ငံတော်ရဲ့ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီအောက်ရှိ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဗဟိုဌာန (DMC) မှာ ဝင်ရောက်ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ပါတယ်။ ဒီလုပ်ငန်းစဉ်ဟာ ၂၄ နာရီ အချိန်ပြည့်လုပ်ရတဲ့ လုပ်ငန်းစဉ်ဖြစ်ပါတယ်။ ကျွန်မတို့ ဝန်ကြီးဌာနအနေနဲ့ အဆောက်အအုံပြိုပျက်မှုတွေ ဘယ်လောက်ပဲရှိနေစေကာမူ အလုပ်တာဝန်ပြီးမြောက်ရေးကိုသာ ဦးတည်ချက်ထားပြီး ရုံးရှေ့မြေကွက်လပ်မှာ ယာယီတဲတွေထိုး၊ အကြီးအကဲတွေကိုယ်တိုင် နေ့စဉ်ရုံးတက်၊ တွေ့ဆုံဆွေးနွေးတာဝန်ထမ်းဆောင်ရင်း နိုင်ငံတော်ရဲ့ လိုအပ်ချက်တွေကို အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အထူးသဖြင့် ကျွန်မတို့ ဝန်ကြီးဌာနအနေနဲ့ နိုင်ငံတကာ Search and Rescue Team တွေ အချိန်မီလာရောက်နိုင်ရေးအတွက် ခွင့်ပြုချက်ရရှိစေခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ နိုင်ငံတကာက အကူအညီပေးရေး လေယာဉ်တွေ နိုင်ငံတွင်းဝင်ရောက်ပျံသန်းခွင့်နဲ့ ဆိုက်ရောက်ခွင့်၊ ကယ်ဆယ်ရေးပစ္စည်းနဲ့ ဆေးဝါးအခွန်ကင်းလွတ် သယ်ဆောင်လာခွင့်၊ SRTs တွေကို ကြိုဆိုနေရာချထားရေးစတဲ့ လုပ်ငန်းစဉ်တွေကို ပြည်တွင်း၊ ပြည်ပသံရုံး၊ အဖွဲ့အစည်းအားလုံးနဲ့ ချိတ်ဆက်ကာ အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်နိုင်ခွင့်ရရှိတာကိုပဲ ဝမ်းသာပီတိဖြစ်ရပါတယ်။

လက်ရှိအချိန်အထိ နိုင်ငံတကာက ထောင်ဂဏန်းရှိတဲ့ ကယ်ဆယ်ရေးနဲ့ ကျန်းမာရေးဝန်ထမ်းတွေ၊ တပ်ဖွဲ့ဝင်ခွေးလေး ၂၉ ကောင်အပါအဝင် လိုအပ်တဲ့အထောက်အကူပြုပစ္စည်းတွေ ချောချောမွေ့မွေ့နဲ့ နိုင်ငံအတွင်းရောက်ရှိစေဖို့ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ လူနဲ့ကယ်ဆယ်ရေးပစ္စည်းတွေတင်ဆောင်လာတဲ့ ရာဂဏန်းရှိတဲ့ လေယာဉ်တွေသာမက ကုန်းလမ်း၊ ရေလမ်းကပါ မော်တော်ယာဉ်နဲ့ ရေယာဉ်တွေ ဆိုက်ရောက်လာခဲ့ပြီးဖြစ်ပါတယ်။ ဒီနေရာမှာ အလျဉ်းသင့်လို့ ငလျင်ဒဏ်သင့်ခဲ့ရတဲ့ နေပြည်တော် လေယာဉ်ကွင်းကို တာဝန်ရှိသူတွေဘက်က ပြန်လည်အသုံးပြုနိုင်ရေး အစွမ်းကုန် ကြိုးပမ်းပေးခဲ့သလို ငလျင်ကြီးပြီးတဲ့ နောက်တစ်ရက် ညအချိန်မှာ ရဲရဲဝံ့ဝံ့နဲ့ အောင်မြင်စွာဆင်းသက်နိုင်ခဲ့တဲ့ အိန္ဒိယတပ်မတော်လေသူရဲတွေ၊ ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်တွေရဲ့

**စာမျက်နှာ ၁၅ သို့** ✻

# ငလျင်ဒဏ်သင့်ဒေသများအတွက်လှူဒါန်းရန် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ တင်ဆောင်လာသည့် ဘင်္ဂလားဒေ့ရှ်ရေတပ်မှ စစ်ရေယာဉ်တစ်စင်း ရန်ကုန်မြို့သို့ရောက်ရှိ

ရန်ကုန် မေ ၁၂

မတ် ၂၈ ရက်နေ့ကလှုပ်ခတ်ခဲ့သော မန္တလေးမြေငလျင်ကြီးကြောင့် ထိခိုက်ခံစားခဲ့ရသော ငလျင်ဒဏ်ဘေးသင့်ဒေသများအား ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်ရန် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများတင်ဆောင်လာသော ဘင်္ဂလားဒေ့ရှ်ရေတပ်မှ စစ်ရေယာဉ် BNS SOMUDRA AVIJAN (F-29)သည် မေ ၁၁ ရက်မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ သီလဝါဆိပ်ကမ်း MITT တံတားသို့ ရောက်ရှိလာရာ တပ်မတော်(ရေ)မှအရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်စစ်သံမှူး General Md Aftab Hossain နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။




အဆိုပါရောက်ရှိလာသည့် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများအား လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ပြည့်စုံလင်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တပ်မတော်(ရေ)မှအရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီး H.E. Dr Md Monwar Hossain နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးက ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးက ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများအား လွှဲပြောင်းပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယနေ့ ရောက်ရှိလာသည့် ဘင်္ဂလားဒေ့ရှ်ရေတပ်မှ စစ်ရေယာဉ်တွင် ကူညီကယ်ဆယ်ရေးပစ္စည်းများမှာ စားသောက်ဖွယ်ရာများ၊ ရွက်ဖျင်တဲ၊ အဝတ်အစား၊ သောက်ရေသန့်၊ တစ်ကိုယ်ရေသုံးပစ္စည်းများနှင့် ဆေးဝါးများ စသည်တို့ပါဝင်ပြီး စုစုပေါင်းတန်ချိန် ၁၂၀ ခန့်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ဘင်္ဂလားဒေ့ရှ်စစ်ရေယာဉ်ဖြင့် ရောက်ရှိလာသော ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကို တပ်မတော်(ရေ)မှအရာရှိစစ်သည်များ၊ ကျောက်တန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျောက်တန်းမြို့နယ် မီးသတ်ဦးစီးဌာနမှ သန့်ရှင်းနှင့် အရန်တပ်ဖွဲ့ဝင်များနှင့် ကျောက်တန်းမြို့နယ် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ တပ်ဖွဲ့ဝင်များက သက်ဆိုင်ရာမော်တော်ယာဉ်များပေါ်သို့ တင်ဆောင်ပြီး ငလျင်ဒဏ်သင့်ဒေသများသို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# အင်ဒိုနီးရှားနိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့ဝင်များ ပြန်လည်ထွက်ခွာ

နေပြည်တော် မေ ၁၂

မန္တလေး မြေငလျင်ကြီးကြောင့် ထိခိုက်ခံစားခဲ့ရသည့် ငလျင်ဒဏ်ဘေးသင့်ဒေသများအား ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် အင်ဒိုနီးရှားနိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့ဝင်များသည် ၎င်းတို့၏လုပ်ငန်းတာဝန်များ ပြီးမြောက်ပြီဖြစ်သဖြင့် ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာကြရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ကိုယ်စား တာဝန်ရှိသူများက နေပြည်တော်ရှိ တပ်မတော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အင်ဒိုနီးရှားနိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့ဝင် Mr. Faishal Rahman (S423569/24.10.2022) ဦးဆောင်သည့်အဖွဲ့ဝင် ၇၁ ဦးသည် ကယ်ဆယ်ရေး ခွေးသုံးကောင်နှင့်အတူ မြန်မာနိုင်ငံအတွင်း ငလျင်ဘေးဒဏ်သင့်ခဲ့သည့် ဒေသများသို့သွားရောက်၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို လူသားချင်းစာနာထောက်ထားမှု စိတ်ထားဖြင့် နေ့/ညမပြတ် အားသွန်ခွန်စိုက်ကြိုးပမ်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



✽ စာမျက်နှာ ၁၄ မှ

ကျွမ်းကျင်မှု၊ ပြင်းထန်တဲ့ ဖွဲ့သတ္တိနဲ့ စိတ်စေတနာကိုလည်း သမိုင်းမှတ်တမ်းအဖြစ် အမှတ်ရနေရမှာဖြစ်ပါတယ်။ အဲဒါကို ရုရှားနိုင်ငံရဲ့ IL-76 လို အကြီးစားကုန်တင်လေယာဉ်ကြီးတွေ ဆင်းသက်လာမှုမျိုးနဲ့ ထပ်ပေါင်းလိုက်တဲ့အခါမှာတော့ လေယာဉ်ပြေးလမ်းရဲ့ ကြံ့ခိုင်မှုအတွက် သံသယဝင်နိုင်မှုမျိုးကိုပါ ဖယ်ရှားပေးရာရောက်ခဲ့ပါတယ်။ အခုဆိုရင် အဲဒီလေယာဉ်ကြီးတွေဟာ မန္တလေးလေယာဉ်ကွင်းမှာတောင် ဆင်းသက်ပျံသန်းနေပြီဖြစ်ပါတယ်။

**အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့**

ပြည်တွင်းမှ ကူညီကယ်ဆယ်ရေးအဖွဲ့တွေနဲ့ ပြည်ပကူညီကယ်ဆယ်ရေးအဖွဲ့တွေ ပေါင်းစပ်ညှိနှိုင်းပြီး အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့တဲ့ သမိုင်းပုံရိပ်တွေဟာ ငလျင်ဖြစ်ပြီးပြီးချင်း နောက်တစ်ရက်ဖြစ်တဲ့ ၂၉-၃-၂၀၂၅ ရက် နံနက်ခင်း China Eastern Airlines လေကြောင်းလိုင်းနဲ့ လိုက်ပါလာတဲ့ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူညီကယ်ဆယ်ရေးအဖွဲ့ဟာ ရန်ကုန်မြို့မှတစ်ဆင့် နေပြည်တော်ကို မရပ်မနားအရောက်လာပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းစတင်ဆောင်ရွက်ခဲ့နိုင်တာကြောင့် မတ်လ ၃၀ ရက်နေ့မှာ နေပြည်တော် ဥတ္တရသီရိဆေးရုံအတွင်း ပိတ်မိနေတဲ့အမျိုးသမီးတစ်ဦးကို အသက်ရှင်လျက် ကယ်ထုတ်ပေးနိုင်ခဲ့တာမျိုးနဲ့ အစပြုခဲ့ပါတယ်။

အဲဒီနောက်မှာတော့ မန္တလေးငလျင်ကြီးအတွင်း ပျက်စီးဆုံးရှုံးမှုတွေကြားမှ မယုံနိုင်လောက်အောင် ခံနိုင်ရည်ရှိမှုနဲ့ မျှော်လင့်ချက်တွေရဲ့ အံ့သြဖွယ်ရာ ဇာတ်လမ်းတွေဟာ နိုင်ငံတကာမီဒီယာနဲ့ လူမှုကွန်ရက်တွေမှာ ပျံ့နှံ့လာခဲ့ပါတော့တယ်။ ဥပမာအားဖြင့် နိုင်ငံတကာကယ်ဆယ်ရေးသမားတွေနဲ့ ပြည်တွင်းကတပ်ဖွဲ့ဝင်တွေဟာ ပြိုကျသွားတဲ့ အဆောက်အအုံတစ်ခုရဲ့ အပျက်အစီးတွေကြားကနေ မိခင်တစ်ဦးနဲ့ သူ့သားကို ကယ်တင်နိုင်ဖို့ ကြိုးပမ်းခဲ့ကြရာမှာ အကန့်အသတ်ရှိတဲ့ စက်ကိရိယာတွေကြားမှ သူတို့ရဲ့ စိတ်ပိုင်းဖြတ်မှုနဲ့ တီထွင်ကြံဆနိုင်စွမ်းကို ပြသနိုင်ခဲ့ကြပါတယ်။ အပျက်အစီးတွေအောက်မှာ ငါးရက်ကြာပိတ်မိနေတဲ့ အသက် ၂၆ နှစ်အရွယ် ဟိုတယ်ဝန်ထမ်းတစ်ဦးကို အသက်ရှင်လျက် ကယ်တင်နိုင်ခဲ့တာကလည်း မြန်မာ-တူကီယံပူးပေါင်းကယ်ဆယ်ရေးအဖွဲ့ရဲ့ မမောမပန်းကြိုးပမ်းခဲ့မှု၊ စိတ်ပိုင်းဖြတ်မှုနဲ့ ကျွမ်းကျင်မှုပြယုဂ်တစ်ခုလည်းဖြစ်ပါတယ်။ အဲဒီလိုမျိုးပဲ အသက်ကယ်ဖို့နဲ့ ကယ်ဆယ်ရေးပစ္စည်းတွေ ထောက်ပံ့ရေးမှာ နိုင်ငံတကာအဖွဲ့အစည်းပေါင်းများစွာ ပူးပေါင်းပါဝင်ခဲ့ကြပြီး အပျက်အစီးတွေကြောင့် ခက်ခဲတဲ့အခြေအနေဖြစ်ပေါ်နေတဲ့ နေပြည်တော်နဲ့မန္တလေးက အသက်ရှင်ကျန်ရစ်နေသူတွေကို ရှာဖွေကယ်ထုတ်ပေးနိုင်ခဲ့ပါတယ်။

ဒီနေရာမှာ မြန်မာပြည်သူတွေရဲ့ ခံနိုင်ရည်ရှိမှုကလည်း အင်မတန်မှကို အထောက်အပံ့ ဖြစ်စေခဲ့ပါတယ်။ ဥပမာအားဖြင့် ဒေသခံလူမှုအသိုင်းအဝိုင်းတွေဟာ ဘေးဒဏ်ခံစားခဲ့ရသူတွေကို နေထိုင်စရာ၊ အစားအသောက်နဲ့ ဆေးဝါးအကူအညီတွေ ပေးအပ်တာမျိုး၊ တစ်ဦးကိုတစ်ဦး ကူညီပံ့ပိုးဖို့ စုစည်းခဲ့ကြတာမျိုးစတဲ့ စည်းလုံးညီညွတ်မှုနဲ့ စာနာထောက်ထားမှုဟာ ယခုအကျပ်အတည်းကာလအတွင်း မျှော်လင့်ချက်ရဲ့ အလင်းရောင်တစ်ခု ဖြစ်ခဲ့ရပါတယ်။

ပြည်ပနိုင်ငံပေါင်း ၁၄ နိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ ၁၇ ဖွဲ့ဟာ မြန်မာနိုင်ငံ မီးသတ်ဦးစီးဌာနနဲ့ ပူးပေါင်းပြီး နေပြည်တော်၊ မန္တလေးနဲ့ စစ်ကိုင်းစတဲ့မြို့တွေမှ အသက်ရှင်သူ ရှစ်ဦးကို ကယ်တင်နိုင်ခဲ့ပြီး သေဆုံးသူ ၁၉၉ ဦးရဲ့ ရုပ်အလောင်းကို ရှာဖွေပေးနိုင်ခဲ့ပါတယ်။ အဲဒီလို တာဝန်ထမ်းဆောင်ခဲ့ချိန်အတွင်း အာရပ်စော်ဘွားများပြည်ထောင်စု (UAE) ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် K-9 ခွေးလေးတစ်ကောင် အသက်ဆုံးရှုံးခဲ့ရတယ်လို့ သိရပါတယ်။ အေးချမ်းစွာနားစက်နိုင်ပါစေလို့လည်း ဆုတောင်းမိပါတယ်။

ဒီနေရာမှာ လေ့လာမိတာကို အလျဉ်းသင့်လို့ တင်ပြလိုတဲ့အချက်ကတော့ ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းစဉ်တွေကို အဆင့်ငါးဆင့်နဲ့ လုပ်ဆောင်ရပါတယ်။ အဆင့် (၁)- ဘေးဒဏ်သင့်နယ်မြေတစ်ခုလုံးကို ကျယ်ပြန့်စွာ အကဲဖြတ်ခြင်း (Wide Area Assessment)၊ အဆင့် (၂)- လုပ်ငန်းခွင်အလိုက် အဆင့်လိုက် အကဲဖြတ်ခြင်း (Worksite Triage Assessment)၊ အဆင့် (၃)- အလျင်အမြန်ရှာဖွေကယ်ဆယ်ခြင်း (Rapid Search and Rescue)၊ အဆင့် (၄)- အပြည့်အဝရှာဖွေခြင်းနှင့် ကယ်ဆယ်ခြင်း (Full Search and Rescue)၊ အဆင့် (၅)- ရှာဖွေရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် အပြည့်အဝ ဆောင်ရွက်နိုင်ရန် စီစဉ်ခြင်း (Total Coverage Search and Recovery) လို့ မှတ်သားဖူးပါတယ်။

မန္တလေးငလျင်ကြီးရဲ့ ယခုကာလဟာ အဆင့် (၄) ဖြစ်တဲ့ အပြည့်အဝရှာဖွေခြင်းနှင့် ကယ်ဆယ်ခြင်းလုပ်ငန်းတွေ ယေဘုယျအားဖြင့် ပြီးဆုံးသွားပြီလို့ ယူဆရမှာဖြစ်ပါတယ်။ ငလျင်ဒဏ် စတင်ခံစားရတဲ့အချိန်ကစပြီး ဧပြီလ ၁၀ ရက်နေ့အထိ ရက်သတ္တနှစ်ပတ်ပြည့်မြောက်ခဲ့ပြီဖြစ်တာကြောင့် ၇၂ နာရီ ရွှေရောင်အချိန်လည်း ကျော်လွန်သွားပြီဖြစ်လို့ အဆောက်အအုံအပြိုအပျက်တွေကြား အသက်ရှင်လျက် ကျန်ရစ်နေနိုင်ဖို့ ဖြစ်နိုင်ခြေမရှိနိုင်တော့ဘူးလို့ပဲ သုံးသပ်ရတော့မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လည်း ပြည်ပရှာဖွေကယ်ဆယ်ရေးအဖွဲ့တွေဟာ ပင်ရင်းနေရပ်အသီးသီးကို ပြန်လည်ထွက်ခွာနေကြပြီ ဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့လည်း ပြန်လည်ထူထောင်ရေးနဲ့ ပြန်လည်တည်ဆောက်ရေးကဏ္ဍသို့ ဦးတည်တဲ့ အစီအမံတွေ ချမှတ်ဆောင်ရွက်နေပြီဖြစ်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် မြန်မာနိုင်ငံအပေါ် ပြင်းထန်စွာရိုက်ခတ်ခဲ့တဲ့ ငလျင်ဘေးဒဏ်ဆိုးကာလအတွင်းမှာ ကိုယ်ကျိုးထက်အများအကျိုးကို အသက်စွန့်ဆောင်ရွက်ခဲ့ကြတဲ့ မြန်မာ့သူရဲကောင်းတွေနဲ့ ကမ္ဘာ့သူရဲကောင်းတွေဟာ မြန်မာနိုင်ငံရဲ့ သမိုင်းစာမျက်နှာပေါ်မှာ မေ့ပျောက်သွားနိုင်ဖွယ်မရှိတဲ့ အစဉ်ထာဝရဦးညွှတ်လေးစားနေရဦးမယ့် မန္တလေးငလျင်ကြီးကို ရင်ဆိုင်တုံ့ပြန်ခဲ့တဲ့ သူရဲကောင်းများလို့ ထာဝရမော်ကွန်းတင် အသိအမှတ်ပြုရမှာဖြစ်ကြောင်း ပါရှင့်။ ။




တရုတ်နိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိစဉ်။

# လျှင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၂**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေး အဖွဲ့များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုကူညီရေး အသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အချိန်နှင့် တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

**သွားရောက်ကြည့်ရှု**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင် စေတီတော်၊ ဥမင်ကိုးဆယ်စေတီတော်နှင့် ဟံသာဂီရိ ဘုန်းတော်ကြီးကျောင်းတို့၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် သာသနိက အဆောက်အအုံများအား ဖယ်ရှားရှင်းလင်းနေမှု၊ ပိုးတန်းရပ်ကွက်ရှိ မြို့နယ်အားကစားခန်းမ၌ ငလျင်ဒဏ်သင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းပေးဝေနေမှု၊ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် မြို့မစည်ပင်သာယာဈေး၊ ထူပါရုံစေတီနှင့် ပန်းပဲတန်းရပ်ကွက်ရှိ ရတနာဆင်များရှင်စေတီ၊ သာသနိက အဆောက်အအုံများ၊ အရံစေတီများ၌ အပျက်အစီးများ ဖယ်ရှားရှင်းလင်းမှု၊ ပိုးတန်းရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း(ယာယီ) ကျောင်းဆောင်ဆောက်လုပ်နေမှု၊ မင်းလမ်းရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုနှင့် အေးမြဝတီရပ်ကွက်ရှိ ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံ၌ ယာယီဆေးရုံ ဆောက်လုပ်နေမှုတို့အား သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်သည် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ နန်းမြို့တွင်းရှိ ရန်ကြီးအောင်ရိပ်သာ၌ မန္တလေးမြို့သို့ ရောက်ရှိနေသော အိန္ဒိယနိုင်ငံမှ Colonel RAKESH KADEKHAR နှင့် တွေ့ဆုံ၍ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးခဲ့သည့် အဆောက်အအုံများနှင့် လမ်း၊ တံတားများ ရှင်းလင်းဖယ်ရှားရေး၊ ပြန်လည်တည်ဆောက်ရေး ကိစ္စရပ်များအား ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးတိုင်ပင်ကြသည်။ ထို့ပြင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် မန္တလေးမြို့ရှိ Sky Villa နေရာ၊ ငလျင်ဒဏ်သင့်ပြည်သူများအတွက် ရေသန့်စက် ဆောက်လုပ်နေမှုနေရာ၊ ဂရိတ်ဝေါ(လ်) ဟိုတယ်နေရာ၊ မဟာမုနိဘုရားကြီးတို့၌ အပျက်အစီးများ ဖယ်ရှားရှင်းလင်း၍ သန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် ငလျင်ဒဏ်ကြောင့် ပျက်စီးသည့်နေရာများအား ရေးမူမပျက် ပြန်လည်ပြင်ဆင်နေမှု၊ မဟာမုနိဘုရားကြီး မကိုဋ်တော် ပြန်လည်တည့်မတ်ပြီးစီးမှု အခြေအနေများကို ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများက လည်းကောင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ချမ်းအေးသာစံမြို့နယ်ရှိ စကုကျောင်းတိုက်၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ ရှင်ပင်သာဓွန်းဦးဘုရားနှင့်မဟာသုန္ဒရာရာမကျောင်းတိုက်တို့၌ အပျက်အစီးများ ဖယ်ရှားရှင်းလင်း၍သန့်ရှင်းရေးဆောင်ရွက်နေမှုများကို ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများက လည်းကောင်း၊ ကျောက်ဆည်မြို့ ရွှေမုဋ္ဌောစေတီ၊ ရန်ကုန်-မန္တလေး လမ်းပေါ်ရှိ အန္တရာယ်ရှိအဆောက်အအုံနေရာများ၊ အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ရုံးနေရာ၊ ပတ္တာအုပ်စု ငါးဆူကျေးရွာရှိ (၂၅)ခုတင်ဆံ့ တိုင်းရင်းဆေးရုံနေရာနှင့် ပတ္တာကျေးရွာ အတွင်းရှိ အဆောက်အအုံနေရာများ၊ ဖူးရှင်းသံမဏိစက်ရုံ၊ ပြုံးပန်းဝေ သံမဏိစက်ရုံ၊ ဟန်စတီး သံမဏိစက်ရုံနေရာများနှင့် Power Gen Kyaukse Campany Limited လျှပ်စစ်ဓာတ်အားထုတ်စက်ရုံနေရာများ၌ အပျက်အစီးများ ဖယ်ရှားရှင်းလင်း၍ သန့်ရှင်းရေး ဆောင်ရွက်နေမှုများ၊ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်ကလည်းကောင်း သွားရောက်ကြည့်ရှု၍ လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် မန္တလေးမြို့ မဟာမုနိဘုရားကြီး၏ မကိုဋ်တော် ပြန်လည်တည့်မတ်ပြီးစီးမှုအခြေအနေအား ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ စစ်ကိုင်းမြို့ ဆွမ်းဦးပုညရှင်စေတီအား ကြည့်ရှုစစ်ဆေးစဉ်။

**လိုအပ်သည်များ ဆောင်ရွက်**

ထို့အတူ ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တောင်ငူတက္ကသိုလ်နှင့် အစိုးရစက်မှုလက်မှု(သိပ္ပံ)တို့၌ အပျက်အစီးများ ဖယ်ရှားရှင်းလင်း၍ သန့်ရှင်းရေး ဆောင်ရွက်နေမှုများ၊ ပြန်လည် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုများကို တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ဗိုလ်ချုပ် ကြည်သိုက်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ချမ်းအေးသာစံမြို့နယ်ရှိ စကုကျောင်းတိုက်တွင် သန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် ကျောက်ဆည်မြို့ ဖူးရှင်းသံမဏိစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။

# အင်းလေးဖောင်တော်ဦးမြတ်စွာဘုရားများ ဒေသစာရီကြွချီနိုင်ရေး ပင်မကျောင်းဆောင်နှင့် ကရဝိက်ဖောင်တော်များ အချိန်မီပြီးစီးနိုင်ရေး ဆောင်ရွက်



**တောင်ကြီး ဧပြီ ၁၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းခြင်းကို ယနေ့နံနက် ၉ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ထပ်ဆင့်ရှင်းလင်း**

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ထပ်ဆင့်ရှင်းလင်းရာ အင်းလေးဖောင်တော်ဦး မြတ်စွာဘုရားများ ဒေသစာရီကြွချီနိုင်ရေးအတွက် ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသည့် ကရဝိက်ဖောင်တော်များ သတ်မှတ်ကာလအချိန်မီပြီးစီးနိုင်ရေး ပြုပြင်ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ အင်းလေးဖောင်တော်ဦး မြတ်စွာဘုရားများ ဒေသစာရီကြွချီသည့်အခါ ဘုရားကျိန်းမည့် ဘုန်းတော်ကြီးကျောင်းနှင့် နေ့ဆွမ်းဆက်ကပ်မည့် ဘုန်းတော်ကြီးကျောင်းများ ငလျင်ဒဏ်သင့်ခဲ့သောကြောင့် အချိန်မီပြီးစီးအောင် ပြုပြင်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ စာသင်ကျောင်းများကိုလည်း သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြရန်၊ အန္တရာယ်ရှိအဆောက်အအုံများ၊ စံချိန်မမီသည့် အဆောက်အအုံများ ဖျက်သိမ်းရန် လိုအပ်ကြောင်း၊ ငလျင်ဒဏ်သင့် ပြည်သူများအား ထောက်ပံ့သည့်ပစ္စည်းများကိုလည်း သိုလှောင်မထားဘဲ အမြန်ဆုံးထောက်ပံ့ပေးအပ်ရန် လိုအပ်ကြောင်း၊ အဆောက်အအုံများ ဆောက်လုပ်ရာတွင် နီးကပ်မှုများတွေ့ရှိရသဖြင့် သတ်မှတ်အကွာအဝေး အတိုင်းအတာများဖြင့် ဆောက်လုပ်ပေးကြရန်တို့ကို ထပ်ဆင့်ရှင်းလင်း ပြောကြားကြောင်း သိရသည်။

ထို့နောက် တက်ရောက်လာသည့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က မန္တလေးငလျင်ကြီးဒဏ်သင့်ခဲ့သည့် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ပြုပြင်ရေးကိစ္စရပ်များ၊ ငလျင်ဒဏ်သင့် ပြည်သူများအား ထောက်ပံ့ပစ္စည်းပေးအပ်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ငလျင်ဒဏ်သင့် ဒေသများသို့ ရောဝတီဖောင်ဒေးရှင်း၏ မေတ္တာဖြင့်မျှဝေခြင်း Donation Box များ လှူဒါန်း



**ရန်ကုန် ဧပြီ ၁၂**

ငလျင်ဘေးဒဏ်သင့်ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ပါဝင်ဆောင်ရွက်လျက်ရှိသည့် ရောဝတီ ဖောင်ဒေးရှင်းသည် ငလျင်ဒဏ်ခံစားခဲ့ရသည့်ဒေသများသို့ မေတ္တာဖြင့်မျှဝေခြင်း အစီအစဉ်အဖြစ် ပစ္စည်းအစုံအလင်ပါ Donation Box များကို လိုက်လံလှူဒါန်းပေးလျက်ရှိသည်။

**လှူဒါန်း**

မန္တလေးတိုင်းဒေသကြီး၊စစ်ကိုင်းတိုင်းဒေသကြီး၊ နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ ရမည်းသင်းမြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ ပျော်ဘွယ်မြို့နယ်၊ ပလိပ်မြို့နယ်၊ စဉ့်ကိုင်မြို့နယ်နှင့် တံတားဦးမြို့နယ်တို့ရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများပြားခဲ့သည့် ရပ်ကွက်၊ ကျေးရွာများမှ ဒေသခံပြည်သူများထံသို့ ရောဝတီဖောင်ဒေးရှင်းမှ စေတနာ့ဝန်ထမ်းများက မေတ္တာဖြင့်မျှဝေခြင်း အစီအစဉ်အဖြစ် ပစ္စည်းအစုံအလင်ပါ Donation Box များကို လှူဒါန်းခြင်းဖြစ်သည်။

အဆိုပါ Donation Box များတွင် ဆန်၊ ဆီ၊ Alpine သောက်ရေသန့်၊ ငါးသေတ္တာ၊ လက်ဖက်အကြော်၊ ကုလားပဲခြမ်း၊ ကြက်ဥ၊ ငါးခြောက်၊ ခေါက်ဆွဲခြောက်၊ ကော်ဖီမစ်၊ ခြင်စောင်၊ ရေခွက်၊ ဆပ်ပြာ၊ သွားတိုက်တံ၊ သွားတိုက်ဆေး၊ စတီးဇလုံ၊ ဖွန်း၊ ဒဏ်ကြေလိမ်းဆေး၊ ဓာတ်ဆားနှင့် ဆေးဝါးအချို့ပါဝင်ပြီး ငလျင်ဒဏ်သင့်ပြည်သူများအတွက် ဧပြီ ၁၂ ရက်အထိ စုစုပေါင်း Donation Box ၁၁၀၀၀ ကျော်၊ ငွေကျပ် တန်ဖိုးသိန်းပေါင်း ၁၁၀၀၀ ကျော် လှူဒါန်းထားပြီးဖြစ်ကြောင်း သိရသည်။

**သတင်း – ကိုညီလေး**
**ဓာတ်ပုံ – ကိုမိုး**

# တပ်ကုန်းမြို့နယ်ရှိ ငလျင်ဒဏ်ခံခဲ့ရသည့် ကျေးရွာနှစ်ရွာ၌ ကျန်းမာရေးသုံးပစ္စည်းများပေးအပ်

**တပ်ကုန်း ဧပြီ ၁၂**

ပြည်ထောင်စု နယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်တွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးဒဏ်ခံခဲ့ရသော မြောက်မြိုက်ကျေးရွာနှင့် လက်ပန်ကျေးရွာတို့တွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအုပ်စိုးလင်း ဦးဆောင်သော မြို့နယ်ပြည်သူ့ကျန်းမာရေးဝန်ထမ်းများနှင့် မြောက်မြိုက်ကျေးလက် ကျန်းမာရေးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ ယနေ့အထိ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းနှင့် ကျန်းမာရေးသုံးပစ္စည်းများ ပေးအပ်လျက်ရှိသည်။



အဆိုပါ ကျေးရွာများတွင် ဆေးစိမ်ခြင်ထောင် ၁၀၂၅ လုံးနှင့် လက်သန့်ဆေးရည်၇၂ဘူး ဖြန့်ဝေပေးခြင်း၊ အထွေထွေလူနာ ၃၆၇ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် အဘိတ်ဆေးခတ်ခြင်း၊ ဝမ်းပျက် ဝမ်းလျှောရောဂါဖြစ်ပွားမှု မရှိစေရေးအတွက် လူဦးရေ ၁၉၄ ဦးအား(OCV)ကာကွယ်ဆေးတိုက်ကျွေးခြင်းနှင့် ရေသန့်ဆေးပြား ၁၁၅၂ပြားထည့်ပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**



# မိတ္ထီလာမြို့ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူနေသည့် ငလျင်ဘေးသင့်ပြည်သူများအား ထောက်ပံ့လှူဒါန်း

**မိတ္ထီလာ ဧပြီ ၁၂**

ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း) ပိန်းဇလုပ်မြို့နယ်၊ ဖဒိုမြို့နယ်၊ ကျောက်တံခါးမြို့နယ်နှင့် ပဲနွယ်ကုန်းမြို့နယ်တို့မှ ဗလီဂေါပကအဖွဲ့များနှင့် အစ္စလာမ်ဘာသာဝင်ရပ်မိရပ်ဖများ၏ စီစဉ်မှုဖြင့် ဧပြီ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၊ ကျောက်ဆည်မြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်တို့အတွင်းရှိ ငလျင်ဘေးသင့်ခဲ့သော ကျေးရွာနေပြည်သူအချို့နှင့် မိတ္ထီလာမြို့ ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူနေသည့် ငလျင်ဘေးဒဏ်သင့်လူနာများထံသို့ အလှူငွေများ သွားရောက်ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့ လှူဒါန်းရာတွင် ငလျင်ကြောင့် အသက်ဆုံးရှုံးခဲ့ရသူများ၏ မိသားစုဝင်များ၊ ပြိုကျပျက်စီးခဲ့သည့် နေအိမ်အချို့မှ မိသားစုများ၊ ထိခိုက်ဒဏ်ရာရရှိ၍ ဆေးကုသမှုခံယူနေရသူများအား အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် သုံးသိန်း၊ နှစ်သိန်း၊ တစ်သိန်း စီဖြင့် စုစုပေါင်း အလှူငွေကျပ်သိန်း ၂၅၀ ကျော်ကို မြို့လေးမြို့မှ ဗလီဂေါပကအဖွဲ့တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများက ငလျင်ဘေးသင့်ပြည်သူများလက်ဝယ်အရောက် လှူဒါန်းခဲ့ကြောင်း သိရသည်။ **ရန်အောင်ထွန်း –ပိန်းဇလုပ်**

မတ် ၂၈ ရက်က လှုပ်ခဲ့သော ငလျင်ဒဏ်ကြောင့် ဆိုးရွားစွာထိခိုက်ပျက်စီးခဲ့သည့်နေပြည်တော်ကောင်စီနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် မြောက်မြိုက်ကျေးရွာမှ အိမ်ထောင်စု ၁၅၅ စုတို့ကို တပ်ကုန်းမြို့မှ အလှူရှင်များက ယနေ့နံနက်ပိုင်းတွင် ဆန်၊ ဆီ၊ မုန့်၊ ခြင်ဆေးခွေ၊ ခေါက်ဆွဲခြောက်၊ ရေသန့်၊ အခြားအသုံးအဆောင်ပစ္စည်းများနှင့် အလှူငွေများ လှူဒါန်းစဉ်။

**ဇော်ဘီ**



# ၂၀၂၅ ခုနှစ် မတ်လအတွင်း ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှအက်စစ်ဖြစ်ထွန်းမှု စောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia– EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများ၏ ရွာသွန်းသောမိုးရေများကို စုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေကို သိရှိရန် မိုးရေ၏ pH တန်ဖိုးများတိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ပုံ(၁)

**မိုးရေနမူနာတိုင်းတာသည့် စခန်းများ ပြပုံ**




၂၀၂၅ ခုနှစ် မတ်လအတွင်း စခန်း ၁၃ စခန်းမှ မိုးရေနမူနာများ စုဆောင်းရယူခဲ့ပါသည်။ မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် ၁၃ စခန်းအနက် ၁၂ စခန်းတို့တွင် ရွာသွန်းခဲ့သောမိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး (6.5 – 8.5) အတွင်းတွင်ရှိပြီး မန္တလေး(ချမ်းမြသာစည်)စခန်းတွင် ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးသည် ပုံမှန်မိုးရေ (Normal Rain) ဟု သတ်မှတ်ထားသည့် pH တန်ဖိုး (5.6 – 6.4) အတွင်းတွင်ရှိကြောင်း တိုင်းတာရရှိခဲ့ပါသည်။ (ပုံ–၂)

မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၅ ခုနှစ် မတ်လအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့်စခန်း ၁၃ စခန်းတို့၌ ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေမရှိကြောင်း တွေ့ရှိရပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

**၂၀၂၅ ခုနှစ် မတ်လအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ**

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | မန္တလေး(ချမ်းမြသာစည်) | ၆.၄ |
| ၂ | ပူတာအို | ၆.၆ |
| ၃ | ခန္တီး | ၆.၉ |
| ၄ | တောင်ကြီး | ၇.၂ |
| ၅ | မိုင်းဆတ် | ၆.၈ |
| ၆ | ကျိုင်းတုံ | ၆.၇ |
| ၇ | ပြင်ဦးလွင် | ၆.၇ |
| ၈ | မော်လမြိုင် | ၆.၇ |
| ၉ | ဘီးလင်း | ၆.၈ |
| ၁၀ | ကော့ကရိတ် | ၇.၁ |
| ၁၁ | ထားဝယ် | ၆.၇ |
| ၁၂ | မြိတ် | ၆.၉ |
| ၁၃ | ကော့သောင်း | ၆.၈ |

**၂၀၂၅ ခုနှစ် မတ်လအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးများပြပုံ**




## ဆော်ဒီအာရေဗျနိုင်ငံ၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူနှစ်ဦး အမိနိုင်ငံသို့ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဧပြီ ၁၂**

နိုင်ငံတော် အစိုးရအနေဖြင့် ပြည်ပတွင် ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက်ထားတန်ဖိုးထားသည့် အနေဖြင့် မည်သို့သော အခြေအနေနှင့်တွေ့ကြုံရသည်ဖြစ်စေ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့သည် သက်ဆိုင်ရာသံရုံးများနှင့်ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံးအေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်ဒ်မြို့ရှိ မြန်မာသံရုံးသည် ဆော်ဒီအာရေဗျနိုင်ငံ၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ခဲ့ရပြီး ဆော်ဒီအာရေဗျနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာနရှိ အမျိုးသမီးထိန်းသိမ်းရေး စခန်းတွင် ထိန်းသိမ်းခံထားရသည့် မြန်မာနိုင်ငံသား မယုဇနလှိုင်နှင့် မစိုးမိုးသူတို့နှစ်ဦးအား အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာသံရုံး၊ မြန်မာကောင်စစ်ဝန်ရုံး၊ ဆော်ဒီအာရေဗျနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာနရှိ Al Nadhem Detention Center အမျိုးသမီး ထိန်းသိမ်းရေးစခန်းနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ဧပြီ ၁၂ ရက်တွင် ဆော်ဒီအာရေဗျနိုင်ငံမှ Riyard – Bangkok – Yangon ခရီးစဉ်ဖြင့် ထွက်ခွာနိုင်ခဲ့ပြီး ထိုနေ့ည ၉ နာရီ မိနစ် ၄၀ တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

ပြည်ပတွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများအား မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့၏ ညှိနှိုင်းကူညီဆောင်ရွက်ပေးမှုဖြင့် အမိနိုင်ငံသို့ ပြန်လည် ခေါ်ဆောင်ပေးလျက်ရှိရာ ယခုကဲ့သို့ အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ၊ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံး တို့အား လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။







သတင်း–ကျော်ကြီး
ဓာတ်ပုံ–မောင်သီ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက် ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ ၂၈-၃-၂၀၂၅ ရက်နေ့တွင် မြန်မာနိုင်ငံ ပြည်တွင်း မန္တလေးမြို့အနီးကို ဗဟိုပြုလှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများအနေဖြင့် အလှူငွေနှင့် အလှူပစ္စည်းများ ပါဝင်လှူဒါန်းနိုင်ပါသည်။

၂။ အလှူငွေများကို မိုဘိုင်းငွေပေးချေမှုစနစ်ဖြင့် လှူဒါန်းလိုပါက KBZ Pay, CB pay, AYA Pay, OK$, Wave Moneyတို့၏ QR code များကို Scan ဖတ်၍လည်းကောင်း၊ KBZ Pay QR code နံပါတ် 70157401001 သို့လည်းကောင်း၊ Wave Money ဖြင့် လှူဒါန်းလိုပါက ဖုန်းနံပါတ်(၀၉-၂၅၅၀၀၁၅၄၂ နှင့် ၀၉-၂၅၅၀၀၁၅၄၃) တို့သို့ တိုက်ရိုက်ပေးသွင်း၍လည်းကောင်း လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။ ထို့ပြင် ဗဟိုဘဏ်မှ ခွင့်ပြုထားသော မိမိနှစ်သက်ရာ မည်သည့် Digital Wallet သို့မဟုတ် ဘဏ် Mobile Application မှမဆို KBZ Pay MMQR နှင့် CB Pay MMQR၊ OK$ MMQR များကို Scan ဖတ်၍ လှူဒါန်းနိုင်ပါသည်။

၃။ ဘဏ်များမှ လှူဒါန်းလိုပါက မြန်မာကျပ်ငွေကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ငွေစာရင်းအမှတ် OA-011834 ကို ဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်ခွဲတွင် တိုက်ရိုက်ဖြစ်စေ၊ အခြားမြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့် ပုဂ္ဂလိကဘဏ်၊ ဘဏ်ခွဲများအားလုံးတို့မှ တစ်ဆင့်ဖြစ်စေ ငွေသားဖြင့် ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ဘဏ်များတွင် ဖွင့်လှစ်ထားသော ကျပ်ငွေ စာရင်းများမှ စာရင်းပြောင်း(Account transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

၄။ ၎င်းအပြင် နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများသည် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ဖွင့်လှစ်ထားသည့် နိုင်ငံခြားငွေစာရင်းအမှတ် (EDN-600018) သို့လည်း အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်တွင် အမေရိကန်ဒေါ်လာ ယူရို၊ စင်ကာပူဒေါ်လာ ငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံခြား ငွေစာရင်းရှိသူများမှ စာရင်းပြောင်း (Account Transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်၊

(ဂ) ပြည်တွင်း/ပြည်ပမှ နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့် -

- **SWIFT CODE** **-MYEBMMMY**
- **Beneficiary Name** **-Natural Disaster Management Fund**
- **Beneficiary A/C No** **-EDN-600018** သို့ လှူဒါန်းနိုင်ပါသည်။

၅။ အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည် -

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | ဒေါ်သက်သက်အေး<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၀၀၅၀၂၀၅၆ |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | - | - |

၆။ အလှူပစ္စည်းများကို အောက်ပါအတိုင်း ဆက်သွယ်ပေးပို့ လှူဒါန်းနိုင်ပါသည် -

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

(ခ) ရုံးအမှတ်(၂၃)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်။

(ဂ) ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့)၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ အမှတ်(၃) ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရန်ကုန်မြို့။

(ဃ) ဗဟိုသိုလှောင်ရုံ(မန္တလေးမြို့)၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ (၆၅) လမ်း၊ ၃၄x ၃၅ ကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**






























# ကရင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးဖွင့်လှစ်သော နွေရာသီအခြေခံအင်္ဂလိပ်စာသင်တန်းဆင်း

**ဘားအံ မေ ၁၂**

ကရင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၂၅ ခုနှစ် အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် နွေရာသီအခြေခံအင်္ဂလိပ်စာသင်တန်းဆင်းပွဲကို မေ ၁၁ ရက် မွန်းလွဲ ၃ နာရီက ဘားအံမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း မြတ်ပညာခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အင်္ဂလိပ်စာ အခြေခံခိုင်မာပြီး ကျွမ်းကျင်စွာ တတ်မြောက်အသုံးပြုနိုင်ရန် ဦးတည်ချက်ထားပြီး ဘာသာစကားစွမ်းရည်လေးရပ်ဖြစ်သော အပြောစွမ်းရည်၊ အကြားစွမ်းရည်၊ အဖတ်စွမ်းရည်၊ အရေးအသားစွမ်းရည်တိုးတက်စေရေးကို မဏ္ဍိုင်ပြုဆောင်ရွက်ခဲ့ရာ သင်တန်းဆင်း ကျောင်းသား ကျောင်းသူများအနေဖြင့် နောင်အနာဂတ်နိုင်ငံတော်အတွက် အသုံးကျပြီး နှလုံးလှသည့်လူကောင်းလူတော်များဖြစ်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက အထက်တန်းအထက်ဆင့်နှင့် အောက်ဆင့်၊ အလယ်တန်းအထက်ဆင့်နှင့် အောက်ဆင့်၊ မူလတန်းအထက်ဆင့်နှင့် အောက်ဆင့်တို့တွင် ထူးချွန်ဆုရရှိကြသော ကျောင်းသား ကျောင်းသူများကို သင်တန်းထူးချွန်ဂုဏ်ပြုဆုများ၊ သင်တန်းနည်းပြများအား ဂုဏ်ပြုလက်မှတ်များနှင့် သင်တန်းဆင်းလက်မှတ်များကို ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းနည်းပြဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူ၊ ကျောင်းသား ကျောင်းသူများ၊ မိဘများအား ရင်းနှီးနွေးထွေးစွာတွေ့ဆုံနှုတ်ဆက်၍ အားပေးစကားပြောကြားခဲ့ကြောင်းနှင့် ယနေ့သင်တန်းဆင်းပွဲတွင် ဘားအံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၂၅၆ ဦး သင်တန်းဆင်းခဲ့ကြကြောင်း သိရသည်။



စောမျိုးမင်းသိန်း(ပြန်/ဆက်)

## အင်းလေးဒေသအတွင်း ငလျင်ဒဏ်သင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများပေးအပ်

**ညောင်ရွှေ မေ ၁၂**

မန္တလေးငလျင်ကြီးဒဏ် ပြင်းထန်စွာခံစားခဲ့ရပြီး ပြိုကျပျက်စီးခဲ့သည့် အင်းလေးဒေသအတွင်းရှိ နေအိမ်များနှင့် ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် နန်းပန်မြို့ နောင်ကန်ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ဦးစွာ ရှမ်းပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းနှင့် အစိုးရအဖွဲ့အတွင်းရေးမှူး ဦးသန်းဆွေဝင်းတို့က နောင်ကန်ဘုန်းတော်ကြီးကျောင်း ဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် အခမ်းအနားကို ဆက်လက်ပြုလုပ်ရာ တိုင်းရင်းသားရေးရာဝန်ကြီးက အလှူငွေနှင့်ပစ္စည်းများ ပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားပြီး စီးပွားရေးရာဝန်ကြီး၊ တိုင်းရင်းသားရေးရာဝန်ကြီး၊ အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က အလှူငွေနှင့် ပစ္စည်းများကို ပေးအပ်ရာ ဒေသခံပြည်သူများက လက်ခံရယူကြသည်။




ယနေ့အခမ်းအနားတွင် အင်းလေးဒေသ နန်းပန်မြို့ အမှတ်(၁)ရပ်ကွက်၊ အမှတ်(၂)ရပ်ကွက်၊ အမှတ်(၃)ရပ်ကွက်တို့ရှိ ပြိုကျပျက်စီးသွားသော နေအိမ် အလုံး ၄၃၀ အတွက် အလှူငွေ သိန်း ၃၀၁၀ နှင့် အင်းပေါခုန်ကျေးရွာအုပ်စုအတွင်း ပြိုကျပျက်စီးသွားသော နေအိမ် ၆၅ လုံးအတွက် အလှူငွေ ၄၅၅ သိန်း ပေးအပ်လှူဒါန်းခဲ့ပြီး စုစုပေါင်း ပြိုကျပျက်စီးသွားသည့် နေအိမ် ၄၉၅ အိမ်အတွက် အလှူငွေ စုစုပေါင်း ၃၄၆၅ သိန်းအား ပေးအပ်ခဲ့ကြောင်း သိရသည်။

စိုးလင်း(တောင်ကြီး)

## လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ ယဉ်ကျေးလိမ္မာသင်တန်းဆင်း

**ရန်ကုန် မေ ၁၂**

လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ အခြေခံဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ ညနေက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်သည်။

ဦးစွာပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမြို့နယ် ဦးစီးအရာရှိ ဦးမြင့်ဇော်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကျော့်သက်ထားဝင်းက မုဒိတာစကားနှင့် Book Club အသင်းဥက္ကဋ္ဌ ကဗျာဆရာ ဦးစိုးမိုးသိမ်းက သင်တန်းဖွင့်လှစ်ရခြင်းအကျိုးကျေးဇူးများကို ပြောကြားသည်။

ထို့နောက် အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်းတွင် ထူးချွန်ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများကို ဆုတံဆိပ်များ၊ ဂုဏ်ပြုလက်မှတ်များနှင့် သင်တန်းကို ပြီးဆုံးအောင်သင်ကြားခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုလက်မှတ်များ ပေးအပ်ကြကာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က သင်တန်းနည်းပြဆရာ ဆရာမများအား ဂုဏ်ပြုလက်ဆောင်များပေးအပ်ကြသည်။

ယင်းနောက်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများက ကလေးအလုပ်သမားပပျောက်ရေး “ရွှေရန်ကုန်” လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

ကျော်သန်း(ပြန်/ဆက်)




## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၃-၅-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၅၀ | ၃၁၆၀ | ၃၁၃၀ | ၃၀၆၀ | ၃၁၇၀ | ၃၁၈၅ | ၃၂၀၀ | ၃၁၂၀ | ၄၅၀၅ | ၃၄၁၀ | ၃၁၃၅ | ၃၁၄၀ | ၃၂၀၅ | ၃၁၇၀ | ၃၁၉၅ | ၃၄၅၀ |
| 95 Ron | ၃၁၁၀ | ၃၂၂၀ | ၃၁၉၀ | ၃၁၂၅ | ၃၂၃၀ | ၃၂၄၅ | ၃၂၆၀ | ၃၁၈၀ | ၄၅၆၀ | ၃၄၇၅ | ၃၁၉၅ | ၃၂၀၀ | ၃၂၇၀ | ၃၂၃၅ | ၃၂၅၅ | ၃၅၁၀ |
| HSD (500 ppm) | ၂၅၉၀ | ၂၇၀၅ | ၂၆၇၀ | ၂၆၀၅ | ၂၇၁၀ | ၂၇၂၅ | ၂၇၄၅ | ၂၆၆၅ | - | ၂၉၅၅ | ၂၆၈၀ | ၂၆၈၀ | ၂၇၅၀ | ၂၇၁၅ | ၂၇၄၀ | ၂၉၉၅ |
| HSD (50 ppm) | ၃၂၀၀ | ၃၃၁၅ | ၃၂၈၀ | ၃၂၁၅ | ၃၃၂၀ | ၃၃၃၅ | ၃၃၅၀ | ၃၂၇၀ | ၄၈၃၀ | ၃၅၆၅ | ၃၂၉၀ | ၃၂၉၀ | ၃၃၆၀ | ၃၃၂၅ | ၃၃၄၅ | ၃၆၀၅ |
| HSD (10 ppm) | ၃၂၀၀ | ၃၃၁၅ | ၃၂၈၀ | ၃၂၁၅ | ၃၃၂၀ | ၃၃၃၅ | ၃၃၅၀ | ၃၂၇၀ | - | ၃၅၆၅ | ၃၂၉၀ | ၃၂၉၀ | ၃၃၆၀ | ၃၃၂၅ | ၃၃၄၅ | ၃၆၀၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၇၇ | ၂၉၆၀ |
| 95 Ron | ၂၉၃၆ | ၃၀၂၀ |
| HSD (500 ppm) | ၂၄၃၅ | ၂၅၁၃ |
| HSD (50 ppm) | ၃၀၂၅ | ၃၁၁၅ |
| HSD (10 ppm) | ၃၀၂၅ | ၃၁၁၅ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**


❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် အိမ်မဲမြို့နယ် သစ်စိမ်းမြေဩဇာ စုပေါင်းကြဲပက်ပွဲ တက်ရောက်

အိမ်မဲ မေ ၁၂

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ပါရမီဒေါင့်ကျေးရွာအုပ်စုတွင် ယနေ့နံနက်ပိုင်းက ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးရာသီ၌ မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကျင်းပသော သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)စုပေါင်းကြဲပက်ပွဲအခမ်းအနားကို ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း တက်ရောက်သည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်က တောင်သူများအား သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့များကို ပေးအပ်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမိုးမင်းနိုင်၊ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်ဆန်းဝင်း၊ မြောင်းမြခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းဌေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်ကိုကိုဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးစိုးမြင့်အောင်နှင့်ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအဖွဲ့ဝင်များနှင့် တောင်သူများက ပါရမီဒေါင့်ကျေးရွာရှိတောင်သူ ဦးထွန်းထွန်းလွင်၏ စိုက်ဧက ၇ ဒသမ ၂ ဧကတွင် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) မျိုးစေ့များကို ကြဲပက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ဇလွန်မြို့နယ်၌ သစ်စိမ်းမြေဩဇာ ( ပိုက်ဆံလျှော် )မျိုးစေ့ပေးအပ်ပွဲနှင့် စုပေါင်းကြဲပက်ပွဲ ကျင်းပ

ဇလွန် မေ ၁၂

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကျင်းပသော သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့ပေးအပ်ပွဲနှင့် စုပေါင်းကြဲပက်ပွဲ အခမ်းအနားကို မေ ၁၁ ရက် နံနက် ၉ နာရီတွင် ဖက်သောင်ကျေးရွာအုပ်စု တောင်သူဒေါ်တင်လှိုင်၏ လယ်မြေ ၁၄ ဧကတွင် ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေး ဦးစီးအရာရှိ ဦးနိုင်ကျော်စိုးက မိုးစပါးပန်းတိုင်အတွက်နှုန်းရရှိစေရေး ဆောင်ရွက်ရမည့် နည်းလမ်းများ၊ မိုးစပါးမစိုက်ပျိုးမီ ပိုက်ဆံလျှော်စိုက်ပျိုးနိုင်ရေး၊ ပိုက်ဆံလျှော်မြေခံစိုက်ပျိုးခြင်းကြောင့် မြေဆီဩဇာထက်သန်စေပြီး သွင်းအားစုဓာတ်မြေဩဇာ လျှော့ချသုံးစွဲခြင်းဖြင့် ကုန်ကျစရိတ်သက်သာကာ အထွက်နှုန်းပိုမိုရရှိပြီး တောင်သူဝင်ငွေတိုးပွားစေမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ဟသ်ာတခရိုင် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှု ကော်မတီဝင်များ၊ မြို့နယ် စိုက် ပျိုး ထုတ် လုပ် မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌဦးထွန်းထွန်းလင်းနှင့် အဖွဲ့ဝင်များက ပိုက်ဆံလျှော်မျိုးစေ့များကို တောင်သူများထံ ပေးအပ်ခဲ့ကာ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) မျိုးစေ့များ စုပေါင်းကြဲပက်ခဲ့ကြသည်။

မြို့နယ်(ပြန်/ဆက်)

## မြန်အောင်မြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဆောင်ရွက်

မြန်အောင် မေ ၁၂

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် မီးသတ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိဦးရဲအောင် ဦးဆောင်မှုဖြင့် ဒုတိယမြို့နယ်မီးသတ်ဦးစီးမှူး ဦးနိုင်ရဲထွေးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းကာ ယနေ့နံနက်ပိုင်းတွင် မြို့ပေါ်ရပ်ကွက်များအတွင်းရှိ မီးသတ်ရေကန်များကို ရေအပြည့်ဖြည့်တင်းခဲ့ကြောင်း သိရသည်။ ရေဦးသာ



## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ မိသားစုကျန်းမာရေး မြှင့်တင်ရေးစီမံချက် ဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် မေ ၁၂

ရန်ကုန်တိုင်း ဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ်(၃) ရပ်ကွက်အတွင်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ မိသားစု ကျန်းမာရေးမြှင့်တင်ရေးစီမံချက် ဆွေးနွေးပွဲကို မေ ၁၁ ရက်နံနက် ၉ နာရီက ကျင်းပသည်။



### ရှင်းလင်းပြောကြား

ဆွေးနွေးပွဲတွင် စည်ပင်သာယာကော်မတီဝင်များအား ကော်မတီဖွဲ့စည်းခြင်းနှင့် ရှေ့ဆက်လုပ်ကိုင်ဆောင်ရွက်မည့် ကိစ္စရပ်များ တင်ပြခြင်းတို့ကို ဆွေးနွေးကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းကာ ပြည်သူ့ ကျန်းမာရေးဦးစီးဌာန မြို့နယ်ကျန်းမာရေးမှူး ဒေါက်တာကြူကြူသင်းက ပြန်လည်ရှင်းလင်းပြောကြားသည်။

### တက်ရောက်

အဆိုပါ ဆွေးနွေးပွဲသို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်သူဇာသိမ့်နှင့် အဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စည်ပင် သာယာရေးကော်မတီဝင်များ၊ပုဂ္ဂလိက ဆေးရုံဆေးခန်းများမှ တာဝန်ရှိသူများ၊ NGO,INGO အဖွဲ့စည်းမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မော်လမြိုင်ကျွန်းမြို့နယ်၌ သစ်စိမ်းမြေဩဇာ မျိုးစေ့ပေးအပ်ပွဲနှင့် စုပေါင်းကြဲပက်ပွဲ ကျင်းပ

မော်လမြိုင်ကျွန်း မေ ၁၂

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ စိုက်ပျိုးရေးဦးစီးဌာနက ပြုလုပ်သည့် သစ်စိမ်းမြေဩဇာ ( ပိုက်ဆံလျှော် ) မျိုးစေ့ပေးအပ်ပွဲနှင့် စုပေါင်းကြဲပက်ပွဲကို ယနေ့နံနက် ၉ နာရီက ဝဲဒေါင့်ကျေးရွာအုပ်စု ကျီးတပင်ကျေးရွာ တောင်သူဦးမြင့်ဇော်၏ လယ်မြေ ငါးဧက၌ ကျင်းပသည်။

အဆိုပါ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) မျိုးစေ့ပေးအပ်ပွဲနှင့် စုပေါင်းကြဲပက်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက တောင်သူများနှင့် တွေ့ဆုံ၍ ပိုက်ဆံလျှော်မြေခံစိုက်ပျိုးခြင်းဖြင့် မြေဆီဩဇာထက်သန်စေပြီး သွင်းအားစုဓာတ်မြေဩဇာလျှော့ချသုံးစွဲခြင်းဖြင့် ကုန်ကျစရိတ်သက်သာကာ အထွက်နှုန်းပိုမိုရရှိပြီး တောင်သူဝင်ငွေတိုးပွားစေမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်သွင်နှင့် မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များက ပိုက်ဆံလျှော်မျိုးစေ့များကို တောင်သူများထံပေးအပ်ပြီး မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာမျိုးစေ့များ စုပေါင်းကြဲပက်ခဲ့ကြကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



## မြန်အောင်မြို့နယ်၌ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ကြဲပက်ပွဲနှင့် မျိုးစေ့ပေးအပ်ပွဲ ကျင်းပ

မြန်အောင် မေ ၁၂

ဧရာဝတီ တိုင်းဒေသကြီး မြန်အောင်မြို့နယ် ဆင်ကျုံးကွင်းကျေးရွာ တောင်သူဦးအောင်မင်းထွန်းပါ လေးဦးတို့၏ လယ်မြေ ၁၀ ဧကတွင် ယနေ့နံနက်ပိုင်းက မိုးစပါးအထွက် နှုန်းတိုးတက်စေရန် မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေး သစ်စိမ်းမြေ ဩဇာ(ပိုက်ဆံလျှော်) ကြဲပက်ပွဲနှင့် မျိုးစေ့ပေးအပ်ပွဲ ကျင်းပသည်။

အခမ်းအနားတွင် မြန်အောင်ခရိုင် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှု လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးလှိုင်က မိုးစပါး ပန်းတိုင်အထွက်နှုန်း တိုးတက်ရေး သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထည့်သွင်းရေး၊ ကြခင်းစနစ် ပပျောက်ရေးနှင့် သီးနှံစိုက်စွမ်းအား မြှင့်တင်ရေး ဆွေးနွေးပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်လင်းက လယ်မြေများတွင် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ထည့်သွင်း စိုက်ပျိုးခြင်းအားဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ တာဝန်ရှိသူများက တောင်သူများအား ပိုက်ဆံလျှော်မျိုးစေ့များ ပေးအပ်ခဲ့ပြီး တောင်သူ ဦးအောင်မင်းထွန်းပါ လေးဦးတို့၏ လယ်မြေတွင် သစ်စိမ်း မြေဩဇာ (ပိုက်ဆံလျှော်) စုပေါင်း ကြဲပက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် သာယာဝတီမြို့နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**ပဲခူး မေ ၁၂**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယမန်နေ့ မွန်းလွဲပိုင်းက သာယာဝတီမြို့နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုအားပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် သာယာဝတီမြို့နယ် မကျီးကွင်းကျေးရွာအုပ်စု၌ နွေနှမ်းပေါင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးနေမှုကို ကွင်းဆင်းကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ ဆီထွက်သီးနှံစိုက်ပျိုးနိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။ ယင်းနောက် တောင်သူများအနေဖြင့် တစ်နှစ်နှစ်သီးသာ စိုက်ပျိုးပြီး လုပ်ထားသည့် လယ်ယာမြေများတွင် နောက်ထပ်တစ်သီး ထပ်မံတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသနှင့်ကိုက်ညီသည့် သီးနှံရွေးချယ်စိုက်ပျိုးရေး ကွင်းဆင်းသရုပ်ပြစိုက်ပျိုးပြသရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ငွေနှင်းမှိုစိုက်ပျိုးမှု အဆင့်ဆင့်နှင့် ဈေးကွက်ရရှိမှု အခြေအနေများကို ပြောကြားခဲ့ပြီး သဘာဝမြေဆွေး၊ ဖေဒါရိုးနှင့်ကတ္တူစက္ကူသာအသုံးပြု၍ကောက်ရိုးမှို စိုက်ပျိုးခြင်းအား ကြည့်ရှုခဲ့ပြီး မိသားစုတစ်ပိုင်တစ်နိုင် ဝင်ငွေတိုးတက်ရရှိနိုင်သည့် အခွင့်အလမ်းဖြစ်၍ ရပ်ကွက်/ကျေးရွာများအတွင်း မှိုစိုက်ပျိုးခြင်းလုပ်ငန်းများ တွင်ကျယ်စွာလုပ်ကိုင်ဆောင်ရွက်နိုင်စေရေး အသိပညာပေးခြင်းနှင့် သင်တန်းပေးခြင်းများဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။



### ကြည့်ရှုအားပေး

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် သာယာဝတီစိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်း၌ သင်ကြားမှုအထောက်အကူပြု စံပြဘဲမွေးမြူထားရှိမှုကို သွားရောက်ကြည့်ရှုအားပေးပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးအထူးပြု ကျောင်းသား ကျောင်းသူများအား ဒေသထွက် ကုန်ကြမ်းပစ္စည်းများဖြင့် သဘာဝပိုးသတ်ဆေးပြုလုပ်ခြင်း၊ သဘာဝမြေသြဇာပြုလုပ်ခြင်းနှင့် ဒေသစာဖြင့် မွေးမြူနိုင်ရေး မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် သာယာဝတီမြို့နယ် သင်တောရိုးကျေးရွာအုပ်စု၌ တစ်ကွင်းတစ်ဆက်တည်း စနစ်တကျစံပြလယ်ယာမြေ ၂၀၅ ဧက၌ နွေစပါးစိုက်နည်းစနစ် ယှဉ်ပြိုင်စိုက်ခင်းကို ကွင်းဆင်းကြည့်ရှုအားပေးပြီး စိုက်ပျိုးချိန်မှစတင်၍ တောင်သူများအား ခေါ်ယူပြသခြင်း၊ ပင်ပွားနှုန်း ယှဉ်ပြိုင်ပြသခြင်း၊ ရိတ်သိမ်းချိန် အထွက်နှုန်းယှဉ်ပြိုင်ပြသခြင်းအပြင် စိုက်နည်းစနစ် ပြောင်းလဲခြင်းနှင့်အတူ ပေါင်းမြက်နှိမ်နင်းမှု လွယ်ကူခြင်း၊ ပိုးမွှားဒဏ်ခံနိုင်ရည်ရှိခြင်း၊ သွင်းအားစုထည့်သွင်းမှု သက်သာခြင်း၊ စိုက်ကွက်ပြည့်မီ၍ ပန်းတိုင်အထွက်နှုန်း ကျော်လွန်ထွက်ရှိခြင်း စသည့်အကျိုးကျေးဇူးများကို တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေး လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကချင်ပြည်နယ် သယံဇာတရေးရာဝန်ကြီး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်နှင့် လူထုဖြန့်ပျိုးပင်များ ပျိုးထောင်ထားရှိမှု ကြည့်ရှုစစ်ဆေး

**မြစ်ကြီးနား မေ ၁၂**

ကချင်ပြည်နယ်အတွင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ပြည်နယ်သစ်တောဦးစီးဌာန အနေဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်များ ကျင်းပပြုလုပ်သွားမည့် အစီအမံများနှင့် လူထုဖြန့်ပျိုးပင်များ ပျိုးထောင်ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ ပြည်နယ် သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်က မေ ၁၁ ရက် မွန်းလွဲ ၂ နာရီတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

### ရှင်းလင်းတင်ပြ

ဦးစွာ ပြည်နယ်သစ်တောဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်ဝန်ကြီးအား ပြည်နယ်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးနှင့် မြို့နယ်ဦးစီးမှူး ဦးစိုးထိုက်တို့က ၂၀၂၅ ခုနှစ် မိုးရာသီ လူထုဖြန့်ဝေမည့် ပျိုးပင်များ၊ အထူးပျိုးပင်များ ပျိုးထောင်ထားရှိမှုနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးသည် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ရုံးဝင်းအတွင်း ဧရာဝတီမြစ်ကမ်းထိန်းသိမ်းရေးအတွက် ကမ်းခြေတစ်လျှောက် စိုက်ပျိုးနိုင်ရေး ပြုစုပျိုးထောင်ထားသည့် ဗာတီဗာမြက်ပင်များ ပျိုးထောင် စိုက်ပျိုးထားရှိမှု အခြေအနေများကိုလည်းကောင်း၊ မြို့မပျိုးဥယျာဉ်အတွင်း ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ခရေ၊ မန်ကျည်းရှား စသည့်အရိပ်ရ အပင်ကြီးမျိုးများ ပါဝင်သည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်များနှင့် လူထုဖြန့်ပျိုးပင်များ၊ အထူးပျိုးပင်များ၊ အရန်ပျိုးပင်များ စိုက်ပျိုး ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ပျိုးဥယျာဉ်အတွင်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် လေးလက်မပိုက်ရေတွင်းတူးဖော်ခြင်း လုပ်ငန်း၊ ရေမြုပ်မော်တာဖြင့် ဧရာဝတီမြစ်ရေစုပ်တင်ခြင်းလုပ်ငန်း၊ ဂါလန် ၁၂၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်းနှင့် အလျား ၂၄ ပေ၊ အနံ ၁၈ ပေရှိ မဏ္ဍပ်ဝယ်ခြင်း လုပ်ငန်းများအား ကြည့်ရှုစစ်ဆေးခဲ့သည်။



ကချင်ပြည်နယ် အတွင်း သစ်တောဦးစီးဌာနအနေဖြင့် ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်ပွဲတော်ကို ကချင်ပြည်နယ်အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် မြစ်ကြီးနားမြို့နယ်အတွင်း မြစ်ကြီးနားတက္ကသိုလ်ဝင်း၊ နည်းပညာတက္ကသိုလ် ကျောင်းဝင်း၊ မော်ဖောင်းကျေးရွာအုပ်စုအတွင်း ဌာနဆိုင်ရာမြေနေရာ ပတ်လမ်းများနှင့် ဧရာဝတီမြစ်ကမ်းဘေးတို့တွင် လေးကြိမ် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး လူထုဖြန့်ပျိုးပင်ပေါင်း ၃၀၀၀၀ ကျော် ပျိုးထောင်စိုက်ပျိုးထားကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မော်လမြိုင်ကျွန်းမြို့နယ်၌ တန်ခူးလပြည့်နေ့ ဇီဝိတဒါနငါးလွှတ်ပွဲ ပြုလုပ်

**မော်လမြိုင်ကျွန်း မေ ၁၂**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် ယနေ့နံနက်၁၀ နာရီက သမ္မာသမ္ဗုဒ္ဓမြို့ဦးစေတီတော် အရှေ့ဘက်ရှိ တုံးလုံချောင်းမြစ်အတွင်းသို့ တန်ခူးလပြည့်နေ့ ဇီဝိတဒါန ငါးလွှတ်ပွဲ အခမ်းအနား ပြုလုပ်ခဲ့သည်။




အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းရည်စိုး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အဖွဲ့ဝင်များ၊ ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးများ၊ ပြည်သူများတက်ရောက်၍ တုံးလုံချောင်းမြစ် အတွင်းသို့ ဇီဝိတဒါန ငါးလွှတ်ကုသိုလ်ပြုခဲ့ကြသည်။

အဆိုပါ ဇီဝိတဒါနငါးလွှတ်ကုသိုလ်ပြုရာတွင် ငါးမြစ်ချင်း ၅၀၀၀ နှင့် ရွှေဝါငါးကြင်း ၅၀၀၀ စုစုပေါင်း ငါးအကောင်အရေ ၁၀၀၀၀ အား တုံးလုံချောင်းမြစ်အတွင်းသို့ ဇီဝိတဒါနငါးလွှတ်ကုသိုလ်ပြု စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဘိုကလေးမြို့၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စစ်ဆေး

**ဘိုကလေး မေ ၁၂**

ဧရာဝတီ တိုင်းဒေသကြီး ဘိုကလေးမြို့နယ် မီးသတ်ဦးစီးဌာနက ယနေ့နံနက်ပိုင်းတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရန် မြို့ပေါ်ရပ်ကွက်များရှိ တည်းခိုရိပ်သာများအား ကြည့်ရှုစစ်ဆေးသည်။

မြို့နယ်မီးသတ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးထွန်းအောင် ဦးဆောင်သည့် သန္နေအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်လျှပ်စစ်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များနှင့်ပူးပေါင်း၍ တည်းခိုရိပ်သာများတွင် မီးဘေးလုံခြုံမှု ကြိုတင်ကာကွယ်နိုင်ရန်၊ မီးသတ်ဆေးဘူးများထားရှိမှု၊ ရေကန်၊ ရေစင်များ၊ ရေပန့်များကြွခိုင်မှု အခြေအနေများနှင့် လျှပ်စစ်ဝိုင်ယာကြိုးများနှင့်လျှပ်စစ်မီးသုံးစွဲမှုအခြေအနေများ စစ်ဆေးခဲ့ကြောင်း သိရသည်။

**မိုးဟိန်းထက်**



**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# ပြင်သစ်က ပါလက်စတိုင်းအား နိုင်ငံအဖြစ် အသိအမှတ်ပြုရေး ဆောင်ရွက်မည်




ပါရီ မေ ၁၂

ပြင်သစ်နိုင်ငံသည် လာမည့်လအနည်းငယ်အကြာတွင် ပါလက်စတိုင်းကို နိုင်ငံအဖြစ် အသိအမှတ်ပြုရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြင်သစ်သမ္မတ မက်ခရွန်က မေ ၁၀ ရက်တွင် ပြောကြားသည်။

မက်ခရွန်သည် အီဂျစ်နိုင်ငံသို့ မကြာသေးမီက သွားရောက်ခဲ့ပြီး ဂါဇာဒေသအရေးနှင့်ပတ်သက်၍ အီဂျစ်၊ ဂျော်ဒန်ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ပြီးနောက် ယခုကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

ပါလက်စတိုင်းအား နိုင်ငံအဖြစ် အသိအမှတ်ပြုရေးအတွက် လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပြီး ယင်းအစီအစဉ်ကို အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ ဇွန်လတွင် ကျင်းပမည့် ကုလသမဂ္ဂအစည်းအဝေးတွင် တင်ပြမည်ဖြစ်ကြောင်း မက်ခရွန်က ပြောကြားသည်။

လက်ရှိအချိန်တွင် ပါလက်စတိုင်းအား နိုင်ငံတစ်နိုင်ငံအဖြစ် နိုင်ငံ ၁၅၀ ခန့်က အသိအမှတ်ပြုသော်လည်း အမေရိကန်၊ ပြင်သစ်၊ ဗြိတိန်၊ ဂျာမနီနှင့် ဂျပန်နိုင်ငံများက အသိအမှတ်ပြုခြင်းမရှိကြောင်း သိရသည်။

သို့သော် ပြင်သစ်နိုင်ငံသည် အစ္စရေး ပါလက်စတိုင်းအရေးတွင် နှစ်ပြည်ထောင်ဖြေရှင်းချက်ကို အသိအမှတ်ပြု ထောက်ခံအားပေးလျက်ရှိကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – စိုးသူရ**

# တောင်ကိုရီးယား အတိုက်အခံပါတီ အကြီးအကဲဟောင်း လီဂျေမြောင် သမ္မတရွေးကောက်ပွဲတွင် ဝင်ရောက်အရွေးခံမည်

ဆိုးလ် မေ ၁၂



တောင်ကိုရီးယား၏ အကြီးဆုံး အတိုက်အခံပါတီ အကြီးအကဲဟောင်း လီဂျေမြောင်။

တောင်ကိုရီးယား၏ အကြီးဆုံး အတိုက်အခံပါတီ အကြီးအကဲဟောင်း လီဂျေမြောင်သည် လာမည့်သမ္မတရွေးကောက်ပွဲတွင် ဝင်ရောက်အရွေးခံမည်ဖြစ်ကြောင်း မေ ၁၁ ရက်တွင် ကြေညာသည်။

တောင်ကိုရီးယား သမ္မတဟောင်း ယွန်းဆက်ယိုးအား ရာထူးမှ ထုတ်ပယ်ပြီးနောက် ဇွန် ၃ ရက်တွင် သမ္မတရွေးကောက်ပွဲကို ကျင်းပမည်ဖြစ်သည်။

လီဂျေမြောင်သည် သမ္မတရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ဒီမိုကရက်တစ်ပါတီ ခေါင်းဆောင်အဖြစ်မှ မေ ၉ ရက်တွင် နုတ်ထွက်ခဲ့သည်။

တောင်ကိုရီးယားနိုင်ငံနှင့် ပြည်သူများ၏ အကျိုးစီးပွားအတွက် အကောင်းဆုံးဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း လီဂျေမြောင်က ၎င်း၏ ရုပ်သံမိန့်ခွန်းတစ်ခုတွင် ပြောကြားသည်။

ထို့ပြင် လူနေမှုဘဝနှင့် စီးပွားရေးတိုးတက်စေရန် မူဝါဒများကို အထူးချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

တောင်ကိုရီးယား၊ ဂျပန်နှင့် အမေရိကန်တို့ သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကဲ့သို့ပင် အမေရိကန်နှင့် နှစ်နိုင်ငံ မဟာမိတ်ဖွဲ့မှုသည် တောင်ကိုရီးယားအတွက် အရေးကြီးကြောင်းလည်း လီက ပြောကြားသည်။

သို့သော် တစ်သမတ်တည်း လုပ်ဆောင်ရမည့် မူဝါဒသည် တောင်ကိုရီးယား၏ အမျိုးသားအကျိုးစီးပွားကို ထိပ်တန်းဦးစားပေးလုပ်ဆောင်ခြင်းပင်ဖြစ်ကြောင်း ၎င်းက ပြောသည်။ လိုအပ်ပါက ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး မတူညီမှုများကို ဖော်ထုတ်ရန် ကြိုးစားမည်ဖြစ်ကြောင်း လီက ပြောသည်။

စစ်တမ်းများအရ လီသည်သမ္မတရွေးကောက်ပွဲတွင် ထောက်ခံမဲအသာစီးရရှိရန် ရေပန်းစားလျက်ရှိကြောင်း သိရသည်။

အာဏာရ ပြည်သူ့စွမ်းအားပါတီမှ အလုပ်အကိုင်နှင့် အလုပ်သမားရေးရာ ဝန်ကြီးဟောင်း ကင်မွန်ဆွန်းသည် သမ္မတလောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ရန် မေ ၉ ရက်တွင် ကြေညာခဲ့ကြောင်း သိရသည်။

အလားတူ အာဏာရပြည်သူ့စွမ်းအားပါတီ ခေါင်းဆောင်ဟောင်း ဟန်ဒေါင်ဟွန်းသည် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် မေ ၁၀ ရက်တွင် ကြေညာချက်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**

# အရှေ့ဂျေရုဆလင်တွင် ဖွင့်လှစ်ထားသော စာသင်ကျောင်းများကို ပိတ်ပစ်ရန် အစ္စရေးအစိုးရ အမိန့်ပေး

ဂျေရုဆလင် မေ ၁၂

အစ္စရေးအာဏာပိုင်များသည် အရှေ့ဂျေရုဆလင်တွင်ဖွင့်လှစ်ထားသော စာသင်ကျောင်းများကို ပိတ်ပစ်ရန် အမိန့်ပေးခဲ့ကြောင်း ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂအေဂျင်စီက မေ ၁၀ ရက်တွင် ပြောကြားသည်။

အာဏာပိုင်များသည် အရှေ့ဂျေရုဆလင်ရှိ စာသင်ကျောင်းခြောက်ကျောင်းကို ရက်ပေါင်း ၃၀ အတွင်းပိတ်ရန် အမိန့်ပေးခဲ့ကြောင်း ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂအေဂျင်စီ (UNRWA) ကော်မရှင်နာချုပ် ဖိလစ်ပီလာဇာရီနီက ပြောကြားသည်။

အဆိုပါဒေသရှိ နယ်မြေအများအပြားကို အစ္စရေးက သိမ်းပိုက်ထားပြီး ပါလက်စတိုင်း အများအပြားလည်း နေထိုင်ကြောင်း သိရသည်။

ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂအေဂျင်စီအနေဖြင့် ပါလက်စတိုင်းဒုက္ခသည်များအား ပညာရေးနှင့်အခြားသော အခြေခံဝန်ဆောင်မှုများကို ဆက်လက်ပံ့ပိုးပေးရန် ကတိပြုပြီး အစ္စရေးအစိုးရ၏ အထက်ပါအမိန့်ကို ပယ်ချခဲ့ကြောင်း ကော်မရှင်နာချုပ် ဖိလစ်ပီလာဇာရီနီက လူမှုမီဒီယာတွင် ရေးသားခဲ့ကြောင်း သိရသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် ဖြစ်ပွားခဲ့သည့် ဟားမတ်စ်အဖွဲ့၏ နယ်စပ်ဖြတ်ကျော်တိုက်ခိုက်မှုများတွင် အေဂျင်စီမှ ဝန်ထမ်းအချို့ပါဝင်ပတ်သက်ကြောင်း အစ္စရေးအစိုးရက စွပ်စွဲခဲ့ပြီးနောက် ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂအေဂျင်စီ၏ ဆောင်ရွက်မှုလုပ်ငန်းစဉ်များကို တားမြစ်ပိတ်ပင်သည့် ဥပဒေတစ်ရပ်ကို ယခုနှစ် ဇန်နဝါရီလတွင် ပြဋ္ဌာန်းခဲ့သည်။

အဆိုပါ ဥပဒေစတင်အသက်ဝင်ကတည်းက ဂျေရုဆလင်ရှိ ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂအေဂျင်စီ၏ရုံးကို ပိတ်ခဲ့ပြီး ဂါဇာကမ်းမြောင်ရှိ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး ကြိုးပမ်းမှုများကို ထိခိုက်စေခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**



# အမေရိကန်အစိုးရက အီရန်အား စီးပွားရေးပိတ်ဆို့မှုများ ချမှတ်

ဝါရှင်တန် မေ ၁၂

အီရန်နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ နှစ်နိုင်ငံအကြား ဆွေးနွေးပွဲများ မကျင်းပမီ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ဦးဆောင်သော အစိုးရအဖွဲ့က အီရန်အား စီးပွားရေးပိတ်ဆို့မှုများကို ချမှတ်ခဲ့ကြောင်း သိရသည်။

အီရန်နိုင်ငံအခြေစိုက် အဖွဲ့အစည်းငါးခုနှင့် တစ်ဦးချင်းအပေါ် ပိတ်ဆို့အရေးယူမှုများ ချမှတ်ခဲ့ကြောင်း အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနက မေ ၉ ရက်တွင် ပြောကြားသည်။ အဆိုပါအဖွဲ့အစည်းများတွင် ယူရေနီယံ သန့်စင်ထုတ်လုပ်သည့်လုပ်ငန်းများ ပါဝင်ကြောင်း သိရသည်။

အီရန်၏နျူကလီးယားအစီအစဉ်ကို ဟန့်တားရန်အတွက် ယင်းသို့ လုပ်ဆောင်ခြင်းဖြစ်ကြောင်း အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စကော့ဘတ်စ်ဆန့်က ပြောကြားသည်။

၂၀၁၈ ခုနှစ်တွင် ဒေါ်နယ်ထရမ့်၏ ပထမသက်တမ်းအတွင်း အီရန်နှင့် ကမ္ဘာ့အင်အားကြီးအုပ်စုကြား ၂၀၁၅ နျူကလီးယားသဘောတူညီချက်မှ အမေရိကန်ပြည်ထောင်စုသည် တစ်ဖက်သတ်နုတ်ထွက်သည်။ အီရန်သည် ၎င်း၏ နျူကလီးယားအစီအစဉ်ကို ကန့်သတ်ရန်သဘောတူခဲ့ပြီး ပိတ်ဆို့မှုများအဆုံးသတ်ရန် အမေရိကန်က သဘောတူခဲ့သည်။

အီရန်သည် အမေရိကန်၏ ပိတ်ဆို့အရေးယူမှုများ ပြန်လည်စတင်ခဲ့သည့်အပေါ် တုံ့ပြန်သည့်အနေဖြင့် ၎င်း၏ နျူကလီးယားဖွံ့ဖြိုးတိုးတက်မှုကို အရှိန်မြှင့်လုပ်ဆောင်ခဲ့သည်။

သမ္မတ ဒေါ်နယ်ထရမ့်သည် ၎င်း၏ ဒုတိယသက်တမ်းအတွင်း အီရန်နှင့် စေ့စပ်ညှိနှိုင်းရန် ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောကြားသည်။ အီရန်နိုင်ငံခြားရေးဝန်ကြီး အာဘာ့အရာချီနှင့် အရှေ့အလယ်ပိုင်းဆိုင်ရာ အမေရိကန် အထူးကိုယ်စားလှယ် စတီဗ်ဝတ်ကော့ဖ်တို့သည် မေ ၁၂ ရက်တွင် အိုမန်နိုင်ငံ၌ တွေ့ဆုံမည်ဖြစ်ကြောင်း သိရသည်။

ဒေါ်နယ်ထရမ့်သည် ဆွေးနွေးပွဲများတွင် အသာစီးရရန် ပိတ်ဆို့မှုအသစ်များဖြင့် အီရန်အပေါ် ဖိအားများ ပေးလိုသည်မှာ ထင်ရှားကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက သုံးသပ်ပြောကြားသည်။ **ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**

# အမေရိကန်သို့ ဆန်တင်ပို့ရာတွင် အခွန်စည်းကြပ်ခံရမည်ကို စိုးရိမ်လျက်ရှိ

ဗန်ကောက် မေ ၁၂

ထိုင်းပို့ကုန်လုပ်ငန်းရှင်များသည် အမေရိကန်နိုင်ငံသို့ ဆန်တင်ပို့ရာတွင် အခွန်စည်းကြပ်ခံရမည်ကို စိုးရိမ်လျက်ရှိကြောင်း သိရသည်။ အမေရိကန်သို့ ဆန်တင်ပို့ရာတွင် ၃၆ ရာခိုင်နှုန်း အခွန်စည်းကြပ်ခံရမည်ဖြစ်ကြောင်း ထိုင်းဆန်ပို့ကုန်လုပ်ငန်းရှင်များက ပြောကြားသည်။

သို့သော် အမေရိကန်နိုင်ငံက အခွန်စည်းကြပ်မှုကို ရက်ပေါင်း ၉၀ ကြာ ဆိုင်းငံ့ထားသည်။

အဆိုပါဆိုင်းငံ့ကာလအတွင်း ထိုင်းအစိုးရက အမေရိကန်အစိုးရနှင့်အကောက်ခွန်နှုန်းထားလျှော့ချကောက်ခံရန် ဆွေးနွေးညှိနှိုင်းမည်ကို ထိုင်းပို့ကုန်လုပ်ငန်းရှင်များက မျှော်လင့်လျက်ရှိသည်။

ဆန်တင်ပို့သည့်ကုမ္ပဏီ ဝန်နာပေ့ါသည် ဒေသတွင်းသာမက အမေရိကန်နိုင်ငံအထိပါ ဆန်တင်ပို့မှုကို တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။

အမေရိကန်သို့ ဆန်တင်ပို့မှုသည် ယမန်နှစ်တွင် စုစုပေါင်း အမေရိကန်ဒေါ်လာ ငါးသန်းကျော်ရှိပြီး ပို့ကုန်အားလုံး၏ ၁၀ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရသည်။

ထိုင်းနိုင်ငံသည် အမေရိကန်နှင့် ရင်းနှီးသော ဆက်ဆံရေးရှိသောကြောင့် အခွန်စည်းကြပ်မှု လျှော့ချကောက်ခံရန် မျှော်လင့်ထားကြောင်း ဆန်တင်ပို့သည့် ကုမ္ပဏီ ဝန်နာပေ့ါ၏ အမှုဆောင်အရာရှိချုပ် သူညာဝန်ပတ်တာပေါက ပြောကြားသည်။

ထိုင်းအစိုးရသည် အကောက်ခွန်ဆိုင်ရာ ညှိနှိုင်းမှုများဆောင်ရွက်ရန်အတွက် ထိုင်းကိုယ်စားလှယ်အဖွဲ့ကို မကြာမီ အမေရိကန်နိုင်ငံသို့ စေလွှတ်ရန် စီစဉ်နေကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် လိုင်စင်မဲ့ယာဉ်များ သိမ်းဆည်းရမိ



မြန်မာ့စက်မှုဆိပ်ကမ်း၌ သိမ်းဆည်းရမိမှု။

နေပြည်တော် မေ ၁၂

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မေ ၉ ရက်တွင် သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက် အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၆၈၁၄၀၀) ကိုလည်းကောင်း၊ The Myanmar Terminal ဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၉၀၉၉၅) ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာခုနစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၀မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၅၇၀၁၀၄၈)ကိုလည်းကောင်း၊ မေ ၁၀ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကိုလည်းကောင်း (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၁၇၃၄၄၃)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မေ ၁၀ ရက်တွင် မကွေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဆိပ်ဖြူမြို့နယ်နှင့် တောင်တွင်းကြီးမြို့နယ်တို့၌ လိုင်စင်မဲ့ဆိုင်ကယ်သုံးစီး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်၊ သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မုဒုံမြို့နယ်နှင့် ချောင်းဆုံမြို့နယ်တို့၌ လိုင်စင်မဲ့ဆိုင်ကယ်နှစ်စီး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်၊သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရခိုင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ကုတ်ခရိုင် မာန်အောင်မြို့နယ်အတွင်း၌ တရားမဝင် စက်သုံးဆီ ဓာတ်ဆီဂါလန် ၁၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မေ ၁၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ယာဉ်နှစ်စီး (စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၅၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်၊ သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ထားဝယ်ခရိုင်အတွင်း၌ တရားမဝင် အခြားသစ် ၁ ဒသမ ၇၄၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၃၀၂၄)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်အတွင်း၌ တရားမဝင် သစ်မာ ၇ ဒသမ ၄၈၉ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၉၃၀၆၄)ကို သစ်တောဥပဒေအရလည်းကောင်း၊ ပဲခူးမြို့နယ်နှင့် ပြည်မြို့နယ်တို့၌ လိုင်စင်မဲ့ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကို ပို့ကုန်၊သွင်းကုန်ဥပဒေအရလည်းကောင်း(စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၉၃၀၆၄)ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

မေ ၉ ရက်၊ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၆၄၁၉၅၃၁)ကို သိမ်းဆည်းရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင် ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ငလျင်လှုပ်နေစဉ်တွင်လိုက်နာရန်အချက်များ

၁။ ကြောက်ရွံ့ထိတ်လန့်မှုမရှိပါနှင့်။ သတိရှိပါ။ တည်ငြိမ်မှုရှိပါ။

၂။ ( ၅ ) စက္ကန့် အတွင်း အဆောက်အအုံအပြင်သို့ ရောက်နိုင်ပါကပြေးထွက်ပါ။ မရောက်နိုင်ပါက ဘေးကင်းသောနေရာတွင် (ဝပ် ကာ ကိုင်)ပုံစံဖြင့်နေပါ။



ဝပ် = ဘေးအန္တရာယ်ကင်းသော နေရာတွင် ဝပ်နေပါ။

ကာ = ခိုင်ခံ့သော စားပွဲ၊ခုံ၊ခုတင်အောက်တွင် မိမိကိုယ်ကို အကာအကွယ်ယူပါ။

ကိုင် = ခိုင်ခံ့သော စားပွဲ၊ ခုံ၊ ခုတင် များကို မြဲမြဲစွာကိုင်ထားပါ။

၃။ လယ်ကွင်း၊ကွင်းပြင်(သို့) ဘေးကင်းရာ ( မြင့်မားသော အဆောက်အအုံ၊ လျှပ်စစ်မီးကြိုး၊ဓါတ်တိုင်များ၊သစ်ပင်များ ပြိုကျနိုင်သောအရာများနှင့် ဝေးရာ) သို့ပြေးပါ။



၄။ ငလျင်ကြောင့် ဆူနာမီလှိုင်းများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ကမ်းခြေ (သို့) မြစ်ကမ်းစပ် အနီးတွင် ရောက်ရှိနေပါက ကုန်းမြေမြင့်သို့ ရွှေ့ပြောင်းပါ။



၅။ မီးအသုံးပြုနေစဉ် ငလျင်လှုပ်ပါက မီးတောက်ငြိမ်းပါ။ မီးခလုတ်များကို ပိတ်ပါ။




# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၁၂**

အကြမ်းဖက် အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူ သွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မေ ၁၀ ရက်တွင် အသိပေး ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Chit Sann Maung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် လက်ပန်ခုံ ကျေးရွာနေ ချစ်စမ်းမောင် (ခ) ကုလားအား ညနေ ၅ နာရီ မိနစ် ၂၀ တွင် ပဲခူးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ် ■

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံအကြမ်းဖက် အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။ ■

သဘာဝဘေးအန္တရာယ်ကြုံတွေ့လျှင် ဆက်သွယ်ရန်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရုံးအမှတ်(၂၃)၊ နေပြည်တော်

၂၄နာရီဆက်သွယ်ရန်- ၀၆၇ ၃၄၀၄၆၆၆၊ ၀၆၇ ၃၄၀၄၇၇၇

Email- ddmrelief.lm@gmail.com

Reliefupper2022@gmail.com

myanmareoc.rrd@gmail.com

# လွိုင်ကော်မြို့နယ် လွိုင်ကော်-တောင်ကြီးသွား ကားလမ်းပေါ်၌ ခရီးသွားယာဉ်တစ်စီးအား အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်

နေပြည်တော် မေ ၁၂

NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် ရုံးဌာနအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ အများပြည်သူ နေထိုင်လျက်ရှိသော နေအိမ်များ၊ လမ်း၊ တံတားများကို မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ ပစ်ခတ်တိုက်ခိုက်ခြင်းများနှင့် ပြည်သူလူထုအား ပြန်ပေးဆွဲ သတ်ဖြတ်ခြင်းများကို ယုတ်မာရိုင်းစိုင်းစွာ ဥပဒေမဲ့ လုပ်ဆောင်လျက်ရှိသည်။

**ပစ်ခတ်တိုက်ခိုက်**

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ယနေ့နံနက် ၈ နာရီခန့်တွင် လွိုင်ကော်မြို့ ခေါဥခူရပ်ကွက်နေ ဦးအတင့်(ဘ) ဦးမောင်ကိုသည် ဇနီးဖြစ်သူနှင့်အတူ ကုန်ပစ္စည်းများဝယ်ယူရန် လွိုင်ကော်မြို့မှ တောင်ကြီးမြို့သို့ မော်တော်ယာဉ်ဖြင့်ထွက်ခွာခဲ့ရာ ကျောက်ကြီး(မြောက်)ကျေးရွာနှင့် ကုန်းဆွယ်ကျေးရွာအကြားသို့ ရောက်ရှိစဉ် အကြမ်းဖက် သောင်းကျန်းသူများက လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ဦးအတင့်တွင် လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာရရှိခဲ့ပြီး အကြမ်းဖက်သမားများက မော်တော်ယာဉ်နှင့်အတူ ယာဉ်ပေါ်ပါ ငွေကျပ်သိန်း ၁၃၀ ခန့်ကို ယူဆောင်သွားခဲ့ကြောင်း သိရသည်။

အဆိုပါ အကြမ်းဖက်သမားများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖြစ်စဉ်နေရာနှင့် ပတ်ဝန်းကျင်နေရာတစ်ဝိုက်ကို လိုက်လံရှာဖွေဖော်ထုတ်ခြင်းများ ဆောင်ရွက်ခဲ့ရာ ဖြစ်စဉ်နေရာ၏ အရှေ့ဘက် မီတာ ၁၅၀၀ ခန့်အကွာ၌ မော်တော်ယာဉ်အား ပြန်လည်တွေ့ရှိ သိမ်းဆည်းနိုင်ခဲ့ပြီး လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာရရှိခဲ့သည့် ဦးအတင့်အား အောင်ပန်းမြို့ရှိတပ်မတော်ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ခံယူစေလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်




အကြမ်းဖက်သောင်းကျန်းသူများက မော်တော်ယာဉ်အား လက်နက်ငယ်များဖြင့်ပစ်ခတ်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။



အကြမ်းဖက်သောင်းကျန်းသူများ၏ ပစ်ခတ်မှုကြောင့် လက်နက်ငယ်ကျည် ထိမှန်ပျက်စီးခဲ့သည့် မော်တော်ယာဉ်အား တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများ၏ ပစ်ခတ်မှုကြောင့် လက်နက်ငယ်ကျည်ထိမှန်ခဲ့သည့် ဦးအတင့်အား တွေ့ရစဉ်။

# အချိန်အခါမဟုတ် မိုးရွာနိုင်

နေပြည်တော် မေ ၁၂

ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေငွေ့များနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှ ရွေ့လျားလာသော လေအေးများတွေ့ဆုံမှုကြောင့်လည်းကောင်း၊ အရှေ့ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ အပူပိုင်းတက်တိမ်များဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း ယနေ့ညမှ မေ ၁၆ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အချိန်အခါမဟုတ်မိုးရွာခြင်းနှင့်အတူ လေပြင်းများတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် မြေပြိုခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## ယနေ့ညမှ ၁၆-၅-၂၀၂၅ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းတွက်ချက်ပုံ




# ရေတာရှည်မြို့နယ် မင်္ဂလာကန်၌ ဇီဝိတဒါနငါးလွှတ်ပွဲ ကျင်းပ

ရေတာရှည် မေ ၁၂

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မင်္ဂလာကန်၌ ဇီဝိတဒါန ငါးလွှတ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှူးနှင့် နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဥက္ကာသန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များတက်ရောက်သည်။

အဆိုပါငါးလွှတ်ပွဲတွင် ငါးသားပေါက်မျိုးစုံကောင်ရေ ၃၆၀၀ ကို မင်္ဂလာကန်သို့ ဇီဝိတဒါန ငါးလွှတ်ပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)




## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## တနင်္သာရီတိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူးရုံး
## ထားဝယ်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးမှ အောက်ဖော်ပြပါတည်ဆောက်ရေးနှင့် ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် မြန်မာနိုင်ငံသားကုမ္ပဏီများအား ဖိတ်ခေါ်အပ်ပါသည်-

(က) ထားဝယ်မြို့၊ ၄ခန်းတွဲ၄ထပ် (၁၀၈၈၅ စ/ပေ)ရှိ ဝန်ထမ်းအိမ်ရာ (၁)လုံး တည်ဆောက်ခြင်း
(ခ) ထားဝယ်မြို့၊ ဝဲကျွန်းဝန်ထမ်းအိမ်ရာနှင့် ချောင်းကြားအုတ်ခြံစည်းရိုး (၁၁၀၀')နှင့် Chain Link ခြံစည်းရိုး (၂၀၀') ကာရံခြင်း
(ဂ) ထားဝယ်မြို့၊ ဝဲကျွန်းဝန်ထမ်းအိမ်ရာအတွင်း Car Stand (၁)ခု တည်ဆောက်ခြင်း
(ဃ) ထားဝယ်မြို့၊ ဝဲကျွန်းဝန်ထမ်းအိမ်ရာတွင် (၂.၆၈ဧက x ၆ပေအမြင့်) မြေကြီးဖို့ခြင်း
(င) ထားဝယ်မြို့၊ ဆန်းချီဝန်ထမ်းအိမ်ရာ (၆)ခန်းတွဲ (၂)ထပ်တိုက်(၄)လုံး (အမိုး၊ အပြင်ဆေးသုတ်၊ မျက်နှာကြက်၊ ရေတံလျှောက်၊ အထွေထွေ) ပြင်ဆင်ခြင်း
(စ) ထားဝယ်မြို့၊ ဆန်းချီဝန်ထမ်းအိမ်ရာအတွင်း Plain Concrete လမ်းတို(၁၃၁'x၂၀x'၆''ထု) (၈၄'x၁၈'x၆"ထု)နှင့် (၈၁'x ၂၀'x ၆"ထု)၊ တိုက်(၂၄) အရှေ့ Plain Concrete (၄၆၉၀ စ/ပေ x ၆"ထု)ခင်းခြင်း
(ဆ) ဘုတ်ပြင်းမြို့ ၆ခန်းတွဲ၄ထပ်(၁၆၅၁၂ စ/ပေ)ရှိ ဝန်ထမ်းအိမ်ရာ (၁)လုံး တည်ဆောက်ခြင်း

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | |
|---|---|
| (က) တင်ဒါလျှောက်လွှာရောင်းချမည့်ရက် | -၂၃-၄-၂၀၂၅ရက်(ဗုဒ္ဓဟူးနေ့) မှ ၉-၅-၂၀၂၅ရက် (သောကြာနေ့) ထိ (၉:၃၀)နာရီ မှ (၁၆:၀၀) နာရီထိ |
| (ခ) တင်ဒါလျှောက်လွှာတင်သွင်းရမည့်နောက်ဆုံးရက် | -၂၆-၅-၂၀၂၅ရက် (တနင်္လာနေ့) (၁၆:၀၀) နာရီထိ |
| (ဂ) တင်ဒါဖွင့်ဖောက်ကြေညာမည့်ရက်/နေရာ | -ထပ်မံအသိပေးအကြောင်းကြားသွားပါမည်။ |

၃။ တင်ဒါလျှောက်လွှာဝယ်ယူခြင်း၊ လျှောက်လွှာတင်သွင်းခြင်းများကို မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးတွင် သတ်မှတ်ရက်ရုံးချိန်အတွင်း ဆောင်ရွက်နိုင်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးသို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဆက်သွယ်စုံစမ်းရန်ဖုန်း ၀၅၉-၂၀၂၃၈၆၅**
**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## အများသိစေရန်သတိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ စော်ဘွားကြီးကုန်းပွဲရုံဝင်း၊ ကျောက်စိမ်း (၅)လမ်း၊ အဆောင် (၂၈)၊ အခန်း (၃၊ ၄၊ ၅၊ ၆)တွင် **ရွှေဟင်္သာ (Shwe Hin Thar)** အမည်ဖြင့် ဆိုင်ခန်းဖွင့်လှစ်ထားသော ဦးမျိုးဝင်းဌေး [မှတ်ပုံတင်အမှတ်- ၉/ခမစ(နိုင်)၀၀၉၁၉၀]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေသည် အထက်ဖော်ပြပါ **ရွှေဟင်္သာ (Shwe Hin Thar)** အမည်ဖြင့် လွန်ခဲ့သော ၂၀၁၆ ခုနှစ်ကတည်းကပင် ဆိုင်ဖွင့်လှစ်လုပ်ကိုင်ခဲ့ပြီး၊ ကြွေပြားကြွေထည်နှင့် အိမ်ဆောက်ပစ္စည်းမျိုးစုံကို မြန်မာနိုင်ငံတစ်ဝန်းသို့ ဖြန့်ဖြူးရောင်းချခဲ့ပါသည်။ ကျွန်ုပ်မိတ်ဆွေဆိုင်သည် ယနေ့ထက်တိုင် ဆယ်စုနှစ်(၁)ခု တာကာလကြာရှည်သည့်တိုင် အောင်မြင်စွာ ဖွင့်လှစ်လုပ်ကိုင်လျက်ရှိပြီး၊ ဆိုင်ဝန်ထမ်းများ၏ ဆက်ဆံရေး ပြေပြစ်ကောင်းမွန်မှု၊ ကုန်ပစ္စည်းများ၏ အရည်အသွေးစိတ်ချရမှု၊ တာဝန်ယူမှု တာဝန်ခံမှု အပြည့်အဝရှိသောကြောင့်ဆိုင်၏ ဂုဏ်သတင်းမှာ ကျော်စောလျက်ရှိပါသည်။

ကျွန်ုပ်မိတ်ဆွေ၏ **ရွှေဟင်္သာ (Shwe Hin Thar)** ဆိုင်သည် အထက်ဖော်ပြပါလိပ်စာမှလွဲ၍ မည်သည့်နေရာတွင်မျှ ဆိုင်ခွဲဖွင့်လှစ်တည်ထောင်ထားခြင်း၊ ဖွင့်လှစ်ခွင့်ပေးထားခြင်းများမရှိသေးပါ။ ဆက်သွယ်ရေးလူမှုကွန်ရက်ဖြစ်သည့် Facebook တွင်လည်း **“ရွှေဟင်္သာ ကြွေပြားကြွေထည်နှင့် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး"** ဆိုသည့်အမည်ဖြင့်သာဖွင့်လှစ်ထားပြီး၊ Page ကို Like ပြုလုပ်ထားသူ သိန်းကျော် နှင့် Follower သိန်းကျော် ဖြင့် အားပေးထောက်ခံမှု ရရှိထားပါသည်။

လွန်ခဲ့သော ကာလအတွင်း၌ မသမာသူအချို့တို့မှ Page အတုများဖွင့်လှစ်၍ ကျွန်ုပ်မိတ်ဆွေ၏ ဆိုင်အသွင်ယူကာ ဝယ်ယူသူများထံမှ ငွေကြေးများ လိမ်လည်နေကြောင်း သိရှိရပါသည်။ ထိုသူများအားလည်း ဥပဒေကြောင်းအရ အတိအကျ အရေးယူဆောင်ရွက်လျက်ရှိပြီး၊ ထပ်မံလိမ်လည်မှုများ သိရှိပါကလည်း ဥပဒေအရ အရေးယူသွားမည်ဖြစ်ပါသည်။

ဆိုင်နှင့် ဆက်ဆံလျက်ရှိသော ဝယ်ယူသူ ဖောက်သည်များအနေဖြင့်လည်း ဆိုင်တည်ရှိရာနေရာဖြစ်သော အခန်း(၃၊ ၄၊ ၅၊ ၆)၊ အဆောင် (၂၈)၊ ကျောက်စိမ်း (၅) လမ်း၊ စော်ဘွားကြီးကုန်းပွဲရုံဝင်း၊ ရန်ကုန်မြို့တွင် ကိုယ်တိုင်လာရောက်၍လည်းကောင်း၊ Facebook စာမျက်နှာဖြစ်သည့် **“ရွှေဟင်္သာကြွေပြားကြွေထည်နှင့် အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေး”**တွင် ဖော်ပြပါရှိသည့် ဆက်သွယ်ရန်ဖုန်းနံပါတ်များဖြစ်သည့် **09-443100333, 09-783100333, 09-965447666, 09-972116699, 09-880100455, 09-440440700, 09-943100333** များမှ တစ်ဆင့်ဆက်သွယ်၍ ယုံယုံကြည်ကြည်ဖြင့် ဆက်လက် လက်တွဲကာ ဆောင်ရွက်နိုင်ပါကြောင်း **ထိုနံပါတ်များမှလွဲ၍ မည်သည့် အခြားနံပါတ်များကိုမျှ ကျွန်ုပ်မိတ်ဆွေဆိုင်မှ အသုံးမပြုပါကြောင်း** အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်သက်ဦး (ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၄၇၈)**
**အမှတ် (၃)၊ မြေညီ၊ မင်းညွှန့်လမ်း၊ စမ်းချောင်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၅၆၅၇၄၊ ၀၉-၄၂၁၁၁၈၈၁၂**

## (NPN LOGISTICS COMPANY LIMITED)
## မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ-၁၅၂ (က)၊ နည်းဥပဒေ ပုဒ်မ(၁၅) အရ
## ကုမ္ပဏီအား ဆန္ဒအလျောက် ဖျက်သိမ်းခြင်း

၂၀၂၅ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ "(NPN LOGISTICS COMPANY LIMITED)" အား ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့မှစ၍ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်ချိုချိုမြင့် MAIP (00135) အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၅ ခုနှစ်၊ မေလ (၅) ရက်နေ့ထက် နောက်မကျစေဘဲ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**Liquidator Office: NO (13), B-1, FIRST FLOOR, LAKEKEN STREET, (7) QUARTER, PAZUNDAUNG TOWNSHIP, YANGON.**
**Myanmar Enterprise Solutions Co., Ltd.**

## SYSNET SYSTEM AND SOLUTIONS COMPANY LIMITED
## Under the Insolvency Law 2020
## Notice for Final General Meeting
## (In Members' Voluntary Winding-up)

A final General Meeting of the members' voluntary liquidation of the Sysnet System and Solutions Company Limited (Reg: No. 102026721) will be held at No.202, Block B, Bo Myat Tun Street, Bo Myat Tun Tower, Botahtaung Township, Yangon at 10:00 am on (18-4-2025), all members are cordially invited to attend the final general meeting. At the meeting, the liquidator's report and liquidation statement of accounts shall be finally presented and winding-up.

**Daw Khin Mar Htay**
**Advocate (Sr.7403), Liquidator (MAIP-00095)**
**No 85, 7th Floor, Hledan Street, Kamayut Township, Yangon. Phone-09-5411440**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားခရိုင်၊ ပျဉ်းမနားမြို့နယ်၊ မင်္ဂလာရပ်ကွက်၊ အမှတ်(၁၃/၃၂)နေ ဦးကြည်ဆွေ [၉/ပမန(နိုင်)၀၂၄၈၆၃] + ဒေါ်ဥမ္မာ [၉/ပမန(နိုင်)၀၃၀၃၃၃] တို့၏ သားဖြစ်သူ မောင်ဝေထွန်းခိုင် [၉/ပမန(နိုင်)၂၆၆၁၈၁] သည် မိဘနှစ်ပါး၏ ဆိုဆုံးမမှုများကို မလိုက်နာဘဲ မိဘများစိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်သည့်အတွက် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေး မည်မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးကြည်ဆွေ+ဒေါ်ဥမ္မာတို့၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ခိုင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၅၇၄၃/၂၀၂၃)**
**နယ်မြေ(၄)၊ ရန်အောင်(၂)အုပ်စု၊ ပျဉ်းမနားမြို့။ ၀၉-၄၂၀၄၀၀၉၉၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥဿာ(၈)ရပ်ကွက်၊ မြေတိုင်းအမှတ် (၂၈/B)၊ မြေကွက်အမှတ်(၂၀၆)၊ ဧရိယာ(၀.၁၁၀)ဧကရှိ ပဲခူးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ နှစ်(၃၀)ဂရန် ထုတ်ပေးထားသည့် မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်ပိုင်ဆိုင်သူ ဦးမြဝင်း(ဘ)ဦးထွန်းလှိုင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၂/သဃက (နိုင်)၀၀၆၂၁၃] ထံမှ ကျွန်ုပ် ဦးရဲဝင်းအောင်က အပြီးအပိုင် ဝယ်ယူရန်အတွက် နှစ်ဦးသဘောတူ စရန်ပေးစာချုပ် ချုပ်ဆိုထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော တရားဝင် စာရွက်စာတမ်းမူရင်းများနှင့်အတူတကွ ယခုကြော်ငြာသည့်နေ့မှစ၍ (၁၄) ရက်အတွင်း လာရောက်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါမြေကွက် အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးရဲဝင်းအောင်[၁၂/တမန(နိုင်)၀၀၀၇၂၀]**
